# ကြေးမုံ

The Mirror

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၆ ရက်၊ အင်္ဂါနေ့၊ (3-11-2015) (၈၃၇၃)


## မေတ္တာသည် ရန်ကင်းငြိမ်း၏

အကြင်သူသည် သတ္တဝါအားလုံးတို့အပေါ်၌ မေတ္တာစိတ်အဖို့အစုရှိသည် ဖြစ်၍ တစ်စုံတစ်ယောက်ကိုမျှ မိမိကိုယ်တိုင်လည်း မညှဉ်းဆဲ၊ သူတစ်ပါးကိုလည်း မသတ်ဖြတ်စေ၊ မိမိကိုယ်တိုင်လည်း အနိုင်မယူ၊ သူတစ်ပါးတို့ကိုလည်း အနိုင်မကျင့်စေ၊ ထိုမေတ္တာပွားသူအား တစ်စုံတစ်ခုသော အတွင်းရန်၊ အပြင်ရန်ဟူ၍ မရှိနိုင်။

(အင်္ဂုတ္တိုရ်ပါဠိတော်၊ ပထမတွဲ၊ မေတ္တသုတ်-၄၄၃။)

# ပြည်သူများအနေနဲ့ ဆန္ဒမဲတစ်မဲချင်းစီက အရေးကြီးတယ်ဆိုတဲ့အချက်နဲ့ တစ်ဦးချင်းအင်အားတွေ စုစည်းနိုင်ရင် ကြီးမားတဲ့အင်အားတစ်ရပ်ဖြစ်လာနိုင်



### နိုင်ငံတော်သမ္မတဦးသိန်းစိန် ပြောကြားသည့် ရေဒီယိုမိန့်ခွန်း
(၃-၁၁-၂၀၁၅)

**မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုကနေ တစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း အောက်တိုဘာလအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။ တစ်ချိန်တည်းမှာပဲ ယခုလအတွင်းမှာ သမိုင်းဝင်ရွေးကောက်ပွဲကြီးကို ကျင်းပတော့မှာဖြစ်တဲ့အတွက် ကျွန်တော့်အနေနဲ့ ဒီလမှာ ရွေးကောက်ပွဲနဲ့ အသွင်ကူးပြောင်းရေးဆိုတဲ့ ကိစ္စရပ်များကို အဓိကထားပြောကြားသွားမှာလည်း ဖြစ်ပါတယ်။

ကျွန်တော်တို့နိုင်ငံရဲ့ လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးသမိုင်းမှာ ထူးခြားမှု အရှိဆုံးဖြစ်ပြီး ကျွန်တော့်အနေနဲ့လည်း အရေးအကြီးဆုံးလို့ ခံယူထားတဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲများဟာ မကြာမီရက်အနည်းငယ်အတွင်းမှာပဲ ကျင်းပပြုလုပ်တော့မှာဖြစ်ပါတယ်။ မြန်မာနိုင်ငံ၏ သမိုင်းမှာ ထူးခြားမှုအရှိဆုံးလို့ဆိုရတဲ့ အကြောင်းရင်းကတော့ ဒီရွေးကောက်ပွဲဟာ ကျွန်တော်တို့နိုင်ငံ

**စာမျက်နှာ ၃ ကော်လံ ၁**

# ရေးမြို့နယ် ခေါဇာမြို့တွင် ကဗျာဝကမ်းခြေစီမံကိန်း စတင်တော့မည်

သတင်းနှင့် ဓာတ်ပုံ
ဆက်နေမင်းအောင်

**ရေး နိုဝင်ဘာ ၂**

ရေးမြို့နယ် ခေါဇာမြို့ ကဗျာဝကျေးရွာရှိ ကဗျာဝကမ်းခြေသည် သန့်ရှင်းသောလေနုအေး၊ ပြာလဲ့ကြည်လင်သောရေပြင်နှင့် ပြန့်ပြူးညီညာသော သဲသောင်ပြင်များ တည်ရှိကာ အသုံးမပြုရသေးသော သဘာဝသယံဇာတ အရင်းအမြစ်များ ကြွယ်ဝမှုများနှင့် လှပရှည်လျားသော ကမ်းရိုးတန်းအခြေအနေများကြောင့် နိုင်ငံ၏ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်သည်။ ထို့အပြင် မွန်ပြည်နယ်အတွက် အလုပ်အကိုင်အခွင့်အလမ်းများနှင့် ခရီးသွားနယ်မြေသစ်စီမံကိန်းကို ဖော်ထုတ်အကောင်အထည်ဖော်ခြင်းစတင်သည့် အထိမ်းအမှတ်အနေဖြင့် Aurum ကုမ္ပဏီလီမိတက်က ကဗျာဝကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံတည်ဆောက်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကိုအောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာတွင် ပြုလုပ်ခဲ့သည်။

"ကဗျာဝရဲ့သဘာဝအခြေအနေတွေဟာ မပြောင်းမလဲဘဲ သူ့ရဲ့သယံဇာတကြွယ်ဝမှုတွေကလည်း နဂိုအတိုင်းတည်ရှိနေတဲ့အတွက် ကမ်းခြေစီမံကိန်းကိုလုပ်ဆောင်ဖို့ ဖြစ်နိုင်ခြေအနေအထားတွေနဲ့ ၂၀၁၄ ဧပြီလကစပြီး မွန်ပြည်နယ် အစိုးရအဖွဲ့ကို သဘာဝကမ်းခြေ အပန်းဖြေစီမံကိန်းကိုလုပ်ဆောင်ဖို့တင်ပြခဲ့ပါတယ်။ စီမံကိန်းစတင်ခြင်းအထိမ်းအမှတ်အနေနဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲအဆောက်အအုံကို ကျန်းမာရေးဌာနရဲ့ စံချိန်စံညွှန်းနဲ့အညီ ပင်မဆောင်၊ သားဖွားဆောင်နဲ့ တာဝန်ကျဝန်ထမ်းအိမ်ရာတို့ကို လှူဒါန်းတည်ဆောက်ပေးတာ ဖြစ်ပါတယ်" ဟု Aurum ကုမ္ပဏီလီမိတက်မှ မန်နေဂျင်းဒါရိုက်တာ ဦးငွေးသွင်က ပြောသည်။

ရေးမြို့နယ် ခေါဇာမြို့သည် ကပ္ပလီပင်လယ် ကမ်းရိုးတန်းအရှည်မိုင် ၂၀ ခန့်ပါဝင်ပြီး သဲသောင်တစ်လျှောက် ပင်လယ်ကဗွီး၊ သဲသောင်ပြင်ပေါက်ပင်ငယ်များ ပေါက်ရောက်ကာ ခရု၊ ကဏန်း၊ ကျောက်ပုစွန်(ဒေသအခေါ် ဂဲပုစွန်)များ၊

**စာမျက်နှာ ၃ ကော်လံ ၁ သို့**



လှပရှည်လျားသောကမ်းရိုးတန်းအခြေအနေများကြောင့် နိုင်ငံ၏ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေမည့် ရေးမြို့နယ် ခေါဇာမြို့ ကဗျာဝကျေးရွာရှိ ကဗျာဝကမ်းခြေကို တွေ့ရစဉ်။


ဦးအောင်နိုင် (ရွှေတံဆိပ်ဆုရှင်-CPA)

B.Com(Q), CPA, FLCCI (London-UK), DA(LCCI-UK), FFA(IFA-UK)

for 2016, June Exam

LCCI Level - I, II, III

တာရင်းကိုင်-သင်တန်းများ

ACCA, Dip IFR

ကျောင်းအပ် လက်ခံပြီ

LCCI Approved Centre

အမှတ်-၂၄၄(တတိယထပ်)၊ မီးပွိုင့်နှင့် နံ့သာတာကြား၊ ပန်းဆိုးတန်းလမ်း(ထက်)

Tel: 01-377610, 09-730 66231, 09-320 60060

ကြေးမုံစာတည်းရှုထောင့် ၃-၁၁-၂၀၁၅၊ အင်္ဂါနေ့

# အေးချမ်းသာယာပြည်မြန်မာ

ယနေ့အချိန်ကာလသည် ပွင့်လင်းရာသီဖြစ်၍ မြန်မာနိုင်ငံတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်သော အချိန်ကာလဖြစ်သည်။ လေ့လာကြည့်ရှုစရာ၊ လည်ပတ်ချင်စရာ များပြားလှသော မြန်မာနိုင်ငံအဖို့ ဤအချိန်ကာလတွင် ခရီးသွားများ များပြားလာသည်မှာ မြန်မာနိုင်ငံအတွက် အဆန်းတကြယ်မဟုတ်ဟုဆိုသော်လည်း ယခင်ကာလများထက်သာလွန်၍ မျက်မှောက်ကာလတွင် တိုးတက်လာသည်မှာ ထူးခြားမှုပင်ဖြစ်သည်။

ဒီမိုကရေစီအသွင်ကူးပြောင်းမှုမစတင်မီအချိန်က မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ အိမ်နီးချင်းနိုင်ငံများနှင့် မယှဉ်သာအောင် အားနည်းခဲ့သောအခြေအနေရှိခဲ့သည်။ ပွင့်လင်းမြင်သာမှုနှင့် ပြုပြင်ပြောင်းလဲမှုများ စတင်လိုက်သောအခါတွင် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်းမှာ တစ်နှစ်ထက်တစ်နှစ် သိသာစွာတိုးတက်လာသည်ကိုတွေ့ရပြီး ယခုရာသီအတွက် ခရီးသွား လေးသန်းခွဲအထိပင်ရှိမည်ဟု ခန့်မှန်းထားသည်။

သို့ရာတွင် ခရီးသွားလုပ်ငန်းသည် ယခုရာသီ၌ ယခင်နှစ်များနှင့်မတူ ခရီးသွားဝင်ရောက်မှုလျော့နည်းနေသည်ဟု ပြောဆိုသံများကြားလာရသည်။ မြန်မာနိုင်ငံတွင် နိုင်ငံရေးမတည်ငြိမ်မှုရှိနေသည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှု မရှိနိုင် စသည်ဖြင့် တီးတိုးပြောဆိုမှုများလည်းရှိနိုင်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှုမရှိနိုင်သောကြောင့် ခရီးသွားများလျော့နည်းသွားသည်ဟုဆိုခြင်းမှာ မှန်ကန်သည့်သုံးသပ်ချက်မဖြစ်နိုင်ချေ။

ခရီးသွားဟူသည်မှာ စူးစမ်းစွန့်စားသွားလာကြသူများဖြစ်သည်။ နိုင်ငံတကာခရီးသွားများအနေဖြင့် ပို၍ စွန့်စားခရီးသွားလာကြသည်ကို ရှေးဦးကာလကတည်းက မှတ်တမ်းမှတ်ရာများရှိခဲ့သည်။ မည်သည့် အခြေအနေကာလတွင်မဆို ခရီးသွားလာကြပြီး ခရီးသွားများနည်းခြင်း၊ များခြင်းသာ ရှိနိုင်သည်။ အေးချမ်းသာယာနေသော အချိန်ကာလတွင်မူ ပြောဖွယ်ရာမရှိတော့ချေ။

အမှန်တကယ်တွင် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာပေါ်တွင် ခရီးသွားများ သွားလာလည်ပတ်စရာ အကောင်းဆုံးနိုင်ငံဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု လျော့နည်းသောကြောင့် ခေတ်မီအခြေခံအဆောက်အအုံ နည်းပါးခြင်းသည်ပင် ခရီးသွားများအတွက် စိတ်ဝင်စားစရာဖြစ်လာသည်။ ခေတ်အဆက်ဆက် တည်ရှိနေသော ရှေးဟောင်းယဉ်ကျေးမှုအဆောက်အအုံများနှင့် ယဉ်ကျေးမှု အမွေအနှစ်များမှာ ခရီးသွားများအား ဆွဲဆောင်စရာဖြစ်လာသည်။

လက်ရှိကာလတွင် မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပမည့်ကာလဖြစ်နေသောကြောင့် နိုင်ငံအတွင်းနှင့် နိုင်ငံတကာက ရွေးကောက်ပွဲကို အာရုံစိုက်နေခြင်းဖြစ်၍ ခရီးသွားလျော့နည်းဟန်ရှိသည်။ သို့ရာတွင် ရွေးကောက်ပွဲကာလအပြီး နိုဝင်ဘာလလယ်တွင် ခရီးသွားများ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်ရန်အတွက် ကြိုတင်စာရင်းပေးမှုများ များနေသည်ဟု ခရီးသွားလုပ်ငန်းနယ်ပယ်မှ သိရသည်။

မြန်မာနိုင်ငံသည် သဘာဝအခြေခံခရီးသွားလုပ်ငန်း ကြွယ်ဝသောနိုင်ငံဖြစ်သည်။ နိုင်ငံသားများ၏ယဉ်ကျေးပျူငှာ ဖော်ရွေသောဆက်ဆံမှုများနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုများမှာ ခရီးသွားများအဖို့ စိတ်ဝင်စားဖွယ်ရာများဖြစ်သည်။ နိုင်ငံတည်ငြိမ်အေးချမ်းမှုသည် ဖွံ့ဖြိုးတိုးတက်ခြင်းကို ဦးတည်သောကြောင့် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသော ပြည်သူအများစုက တည်ငြိမ်အေးချမ်းအောင် နေထိုင်လာကြသည်။

၂၀၁၅ ခုနှစ်သည် မြန်မာနိုင်ငံအတွက် ထူးခြားသောနှစ်တစ်နှစ်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လူမှုရေး၊ စီးပွားရေးအပြောင်းအလဲများကို ဖော်ဆောင်ပေးနိုင်ခဲ့ပြီး ယခုနှစ်တွင် ရှေ့ဆက်၍နိုင်ငံကောင်းစားရေးအတွက် ပိုမိုကောင်းမွန်သောပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံရေးအရွေ့တစ်ခုကို စတင်ဆောင်ရွက်တော့မည့် အချိန်ကာလဖြစ်သည်။

တိုင်းရင်းသားပြည်သူအပေါင်းတို့အနေဖြင့်လည်း တည်ငြိမ်အေးချမ်းသာယာမှုကိုသာ လိုလားကြပြီး ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအား နိုင်ငံတကာအလယ်တွင် တင့်တယ်ထည်ဝါစွာရပ်တည်စေလိုသည်။ တိုင်းပြည်၏အင်အားဖြစ်သည့် ပြည်သူများက တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ကို အလေးဂရုပြုကာ အေးချမ်းစွာဖြင့် စည်းလုံးညီညွတ်စွာနေထိုင်သွားကြမည်ဟု ယုံကြည်လက်ခံထားကြသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ်သို့ ရှေးရှုနေသောနိုင်ငံဖြစ်သည့်အားလျော်စွာ အေးချမ်းသာယာသည့်နိုင်ငံတော်တွင် ခရီးသွားများလာရောက်မှုတိုးတက်ခြင်းက တည်ငြိမ်အေးချမ်းသည့် နိုင်ငံ့ပုံရိပ်ကို ထင်ဟပ်ပေါ်လွင်စေပါသည်။ ။

## စတော့အိတ်ချိန်း ထူထောင်ပြီးဖြစ်၍ အပြီးရွေးချယ်မည့် ကုမ္ပဏီများကို ရန်ကုန်စတော့အိတ်ချိန်းဖွင့်ပွဲနေ့တွင် ကြေညာပေးမည်

**ရန်ကုန် နိုဝင်ဘာ ၂**

ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းသည် ကော်မရှင်အဖွဲ့ဝင်များနှင့်အတူ ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်သွင်း၍ အများပြည်သူသို့ အစုရှယ်ယာ ထုတ်ဝေရောင်းချရန် စိတ်ဝင်စားသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ ကိုးခုမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ရှိ ငွေချေးသက်သေခံ လက်မှတ် လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်ရုံး၌ ကျင်းပသည်။

တွေ့ဆုံပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်းက ယခု မိမိတို့အနေဖြင့် အရင်းအနှီးဈေးကွက်ကို အဓိကမဏ္ဍိုင်ကြီး သုံးခုဖြင့် တည်ဆောက်ထားခြင်း ဖြစ်ကြောင်း၊ ပထမ မဏ္ဍိုင်မှာ ဥပဒေပိုင်းဖြစ်၍ အခြားနိုင်ငံများ၏ ဥပဒေများကို ကြည့်၍ မိမိနိုင်ငံနှင့် ဆီလျော်သည့် ငွေချေးသက်သေခံလက်မှတ်လဲလှယ်ရောင်းဝယ်ရေးဥပဒေကို ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း၊ နည်းဥပဒေမှာလည်း အတည်ပြုပြီး မကြာမီထွက်ရှိလာမည်ဖြစ်ပါကြောင်း၊ လိုအပ်သည့် အမိန့် ညွှန်ကြားချက်များကိုလည်း ထုတ်ပြီးဖြစ်ကြောင်း၊ ထို့အပြင် Regulatory Body အနေဖြင့်လည်း ငွေချေးသက်သေခံလက်မှတ်ကြီးကြပ်ရေးကော်မရှင်ကိုလည်း တည်ထောင်ပြီးဖြစ်ပါကြောင်းနှင့် ဒုတိယမဏ္ဍိုင်မှာ စတော့အိတ်ချိန်းကို ထူထောင်ပြီးဖြစ်၍ ယင်းကို မြန်မာ့စီးပွားရေးဘဏ်၊ ဒိုင်ဝါနှင့် ဂျပန်စတော့အိတ်ချိန်းတို့ ပူးပေါင်း၍ တည်ထောင်ပြီးဖြစ်သည့်အပြင် စတော့အိတ်ချိန်းပြုလုပ်မည့် အဆောက်အအုံကိုပါ မွမ်းမံပြင်ဆင်၍ ICT ပိုင်းပါ တပ်ဆင်ပြီးဖြစ်ကြောင်း၊ တတိယမဏ္ဍိုင်မှာ စတော့အိတ်ချိန်းတွင် ပါဝင်မည့် Player ပိုင်းဖြစ်၍ ငွေချေးသက်သေခံလက်မှတ် ရောင်းဝယ်မှုဆောင်ရွက်မည့် ကုမ္ပဏီ ၁၀ ခုအား ပဏာမရွေးချယ်ထားပြီး လုပ်ငန်းဆောင်ရွက်ရန်အတွက် လိုအပ်သည်များကို ပြင်ဆင်လျက်ရှိပါကြောင်း၊ ယခု ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်သွင်း၍ အများပြည်သူသို့ အစုရှယ်ယာ ထုတ်ဝေရောင်းချရန် စိတ်ဝင်စားသည့် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများအား ခေါ်ယူတွေ့ဆုံ၍ စာရင်းဝင်ရန် သတ်မှတ်ထားသည့် စံသတ်မှတ်ချက်များနှင့်အညီ အရေးကြီးသော စံသတ်မှတ်ချက်များကို ယင်းကုမ္ပဏီများမှ ကိုက်ညီခြင်း ရှိ၊ မရှိ ပဏာမစစ်ဆေးပြီး မိမိတို့ ကော်မရှင်အနေဖြင့် ကျန်လိုအပ်ချက်များ ပြည့်မီစေရန်ကို ဝိုင်းဝန်းကူညီပံ့ပိုးပေးမည်ဖြစ်ပါကြောင်းနှင့် ယခု ခေါ်ယူတွေ့ဆုံသည့်ကုမ္ပဏီ ကိုးခုအနက်မှ အပြီးရွေးချယ်ပြီးသည့် စာရင်းဝင်မည့် ကုမ္ပဏီများအား ရန်ကုန်စတော့အိတ်ချိန်း ဖွင့်ပွဲနေ့တွင် ကြော်ငြာပေးမည် ဖြစ်ပါကြောင်း၊ ၎င်းတို့ ဆက်လက်ဆောင်ရွက်ရမည့် ရှယ်ယာ ထုတ်ဝေရောင်းချမည့် နေ့ရက်များကိုပါ တစ်ပါတည်း သတ်မှတ်ကြေညာပေးမည် ဖြစ်ပါကြောင်းနှင့် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းတင်သွင်းထားခြင်း မရှိသည့် အများပိုင်ကုမ္ပဏီများအနေဖြင့် ဥပဒေအရ နောက်ပိုင်းတွင် ရှယ်ယာ ထုတ်ဝေရောင်းချခွင့် မရှိသလို ရှိပြီးသား ရှယ်ယာများအား ရောင်းဝယ်ခွင့်မရှိပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးက သိရှိလိုသည့် မေးမြန်းချက်များကို ပြန်လည်ဖြေကြားသည်။

**(သတင်းစဉ်)**



မန္တလေး-လားရှိုး-မူဆယ် ကားလမ်းမကြီးပေါ်ရှိ သီပေါမြို့အဝင်မုခ်ဦးအား အလှဆင်ဆေးသုတ်မွမ်းမံခြင်းနှင့် သန့်ရှင်းသာယာလှပရေးအတွက် သီပေါမြို့နယ်စည်ပင်သာယာရေးဌာနက အောက်တိုဘာ ၃၀ ရက်တွင် ဆောင်ရွက်နေကြစဉ်။

(သီပေါကိုလတ်)



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် နိုဝင်ဘာ ၂**

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ကျပ် |
| (ခ) | အောက်တိန်း 95 | တစ်လီတာ | ၇၉၀/၈၀၀ကျပ် |
| (ဂ) | အောက်တိန်း 92 | တစ်လီတာ | ၆၈၀/၆၉၀ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**၂၆-၁၀-၂၀၁၅ ရက်နေ့မှ ၃၀-၁၀-၂၀၁၅ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၅၈၂ ကျပ်နှင့် ဒီဇယ်တစ်လီတာ ၅၆၀ ကျပ်ဖြစ်ပါသည်။** *(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ်မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)*

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၈၁၀၀၀ | - | ၇၈၁၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၈၀၅၀၀ | - | ၇၈၀၅၀၀ |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၇၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၀၇. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၂၀၂. ၁၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၈၉၁ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၇. ၂၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၅၃၃ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၆၀. ၀ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၂. ၀၅ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = ၉၁၁. ၇၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၁၂. ၄၄ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ မြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(မိုးမြှား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

## ပြည်တွင်းရေးရာ

**■ ရွှေဖုံးမှ**

လွတ်လပ်ရေးရပြီးနောက်ပိုင်း နိုင်ငံရေးအင်အားစုအားလုံး ဝင်ရောက်ယှဉ်ပြိုင်တဲ့ အထွေထွေရွေးကောက်ပွဲတစ်ရပ် ဖြစ်တဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။ တစ်ဖန် အရေးကြီးဆုံးလို့ဆိုရတဲ့ အကြောင်းအရင်းကလည်း အခိုင်အမာရှိပါတယ်။ ကျွန်တော်တို့အစိုးရ စတင်တာဝန်ယူချိန်ကစပြီးတော့ နိုင်ငံရေးအပြောင်းအလဲတွေကနေတစ်ဆင့် ဒီမိုကရေစီစနစ်ရှင်သန်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ရေးအတွက် အဆင့်ဆင့်သော ဖြေလျှော့မှုများနဲ့ လက်တွေ့ကျတဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အထူးအာရုံစိုက်လုပ်ဆောင်ခဲ့ပါတယ်။ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ အသက်ဝင်လာရေးအတွက် လက်ရှိနိုင်ငံရေးအခြေအနေများက ခွင့်ပြုတဲ့အတိုင်း အဆင့်ဆင့်ကြိုးပမ်းဆောင်ရွက်ခဲ့တာလည်းဖြစ်ပါတယ်။ ဒီလိုကြိုးပမ်းဆောင်ရွက်ခဲ့မှုများဟာ မကြာမီမှာ ကျင်းပတော့မယ့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများကို အထောက်အကူပေးမယ့် အခြေခံများအဖြစ် အခိုင်အမာရှိနေပြီဖြစ်ပါတယ်။ ဒီလိုအခြေအနေတွေကြောင့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲများဟာ ကျွန်တော်တို့နိုင်ငံသမိုင်းတစ်လျှောက်မှာ ထူးခြားမှုအရှိဆုံးနဲ့ အရေးကြီးဆုံးလို့ ကျွန်တော့်အနေနဲ့ ဆိုရခြင်းဖြစ်ပါတယ်။ ဒ့ါအပြင် မြန်မာနိုင်ငံ၊ မြန်မာလူ့အဖွဲ့အစည်းနဲ့ မြန်မာနိုင်ငံသားများဟာ ဒီမိုကရေစီစနစ်နဲ့ ထိုက်တန်တယ်။ ပြုပြင်ပြောင်းလဲမှုများကို ဆက်လက်ပြီး အရှိန်အဟုန်မြှင့်ဆောင်ရွက်ဖို့လည်း အဆင်သင့်ဖြစ်နေပြီဆိုတဲ့အချက်များကို သက်သေထူနိုင်မယ့် ရွေးကောက်ပွဲကြီးလည်း ဖြစ်ပါတယ်။

ဒီလိုပြသနိုင်တာဟာ ကျွန်တော်တို့နိုင်ငံရဲ့ အနာဂတ်ကို ပုံဖော်ထုဆစ်တာထက်ကျော်လွန်တဲ့အပြင် ကမ္ဘာ့မိသားစုနဲ့ ပြန်လည်ပေါင်းစည်းရေး၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများနဲ့ ပူးပေါင်းဆောင်ရွက်မှုများကို ဆွဲဆောင်နိုင်ရေးဆိုတဲ့ ကိစ္စများမှာလည်း ကြီးမားတဲ့လုပ်ဆောင်ချက်ဖြစ်လာမှာဖြစ်ပါတယ်။

ပြည်သူများအနေနဲ့လည်း ဆန္ဒမဲတစ်မဲချင်းစီက အရေးကြီးတယ်ဆိုတဲ့အချက်နဲ့ မိမိတို့ရဲ့ တစ်ဦးချင်းအင်အားတွေ စုစည်းနိုင်ရင် ကြီးမားတဲ့ အင်အားတစ်ရပ်ဖြစ်လာနိုင်တယ်ဆိုတဲ့အချက်ကို အထူးအလေးအနက်ထားစဉ်းစားကြစေလိုပါတယ်။ ဒီလိုစဉ်းစားပြီး တစ်ဦးချင်းဆုံးဖြတ်ရွေးချယ်ရာမှာလည်း ပထမဆုံးအနေနဲ့ ရိုးသားတည်ကြည်မှု၊ စိတ်ရှည်သဘောထားကြီးမှုနဲ့ အမြော်အမြင်ကြီးမှုစတဲ့နိုင်ငံသားတန်ဖိုး၊ လူမှုတန်ဖိုးများကို နှလုံးသွင်းပြီး စဉ်းစားဆုံးဖြတ်ရွေးချယ်ကြစေလိုပါတယ်။ ပြည်သူတစ်ဦးချင်းစီအနေနဲ့ မိမိတို့ရဲ့ သဘောဆန္ဒအတိုင်း စိတ်ကြိုက်လွတ်လပ်စွာဆုံးဖြတ်ရွေးချယ်ကြရမှာ ဖြစ်ပါတယ်။ ဒီလိုဆုံးဖြတ်ရွေးချယ်တဲ့အခါမှာလည်း မြန်မာတို့သည် ကောင်းမွန်တဲ့ ဆုံးဖြတ်ရွေးချယ်မှုများကို ရွေးချယ်ဆုံးဖြတ်နိုင်စွမ်းရှိကြောင်းကိုလည်း သက်သေထူကြစေလိုပါတယ်။

တစ်ဖက်မှာလည်း ကျွန်တော်တို့နိုင်ငံမှာ ဒီမိုကရေစီတည်ဆောက်ရေးနဲ့ ပတ်သက်တဲ့ အတွေ့အကြုံတွေ၊ နိုင်ငံတည်ဆောက်ရေးဆိုင်ရာ အင်စတီကျူးရှင်းတွေ အားကောင်းမောင်းသန်မဖြစ်သေးတာဟာ အရှိတရားပဲဖြစ်ပါတယ်။ ဒီလိုအခက်အခဲတွေရှိနေတဲ့အတွက် ရာနှုန်းပြည့်ပြီးပြည့်စုံတဲ့ ရွေးကောက်ပွဲဆိုတာတွေကို ကျင်းပဖို့ အခက်အခဲများ ရှိနေတာကိုလည်း ကျွန်တော့်အနေနဲ့ နားလည်လက်ခံထားပါတယ်။ သို့သော်လည်းပဲ ကျွန်တော်တို့အစိုးရအဖွဲ့အနေနဲ့ သန့်ရှင်းလွတ်လပ်တဲ့ ရွေးကောက်ပွဲများကို ငြိမ်းချမ်းစွာကျင်းပနိုင်ဖို့အတွက် ရာနှုန်းပြည့်ကြိုးစားလုပ်ဆောင်ထားကြောင်း အသိပေးပြောကြားလိုပါတယ်။

> **“ ပြည်သူလူထုအတွက် တကယ်ထိုက်တန်တဲ့ ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းတွေ ပေးနိုင်ဖို့၊ ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေး စောင့်ရှောက်မှုတွေနဲ့ ပညာရေးဝန်ဆောင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ တစ်ဦးချင်း လွတ်လပ်ခွင့်နဲ့ ဘဝလုံခြုံမှုတွေရှိအောင် ပြုပြင်ပြောင်းလဲရေးများကို ဆက်လက်ပြီး အားသွန်ခွန်စိုက် ဆောင်ရွက်သွားကြရမှာ ဖြစ်။ ”**

ကျွန်တော့်အနေနဲ့ ၂၀၁၅ အထွေထွေရွေးကောက်ပွဲရလဒ်များဟာ ပြည်သူများရဲ့ဆန္ဒအစစ်အမှန်တွေကို ထင်ဟပ်မယ်ဆိုတာ အခိုင်အမာယုံကြည်ထားပါတယ်။ ဒါကြောင့် နိုင်ငံရေးပါတီများနဲ့ လူပုဂ္ဂိုလ်အသီးသီးအနေနဲ့လည်း ပြည်သူများရဲ့ဆန္ဒကို လေးစားပြီး ရွေးကောက်ပွဲရလဒ်များအပေါ်မှာအလေးထားကြိုဆိုလက်ခံကြဖို့လည်း တိုက်တွန်းပြောကြားလိုပါတယ်။

ရွေးကောက်ပွဲအလွန်ကာလမှာလည်း နိုင်ငံရေးအင်အားစုများ အားလုံးလက်ခံနိုင်တဲ့ နိုင်ငံရေးအခင်းအကျင်းသစ်တစ်ရပ် ပေါ်ပေါက်လာရေးအတွက် နိုင်ငံရေးခေါင်းဆောင်များအားလုံး ဆွေးနွေးညှိနှိုင်းပြီး ပူးပေါင်းအဖြေရှာဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ အောက်တိုဘာလ ၁၅ ရက်နေ့မှာ အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့ပါဝင်တဲ့ ခေါင်းဆောင်များနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းရှစ်ဖွဲ့ခေါင်းဆောင်များဟာ ကျွန်တော်တို့နိုင်ငံရဲ့ ငြိမ်းချမ်းရေးတည်ဆောက်မှုဖြစ်စဉ်မှာ သမိုင်းဝင်မယ့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပါတယ်။ နိုင်ငံတကာနဲ့ မြန်မာ့နိုင်ငံရေးနယ်ပယ်က ဂုဏ်သိက္ခာကြီးမားတဲ့ နိုင်ငံရေးခေါင်းဆောင်များလည်း သက်သေအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့တဲ့အတွက် ဒီစာချုပ်ရဲ့ တရားဝင်မှုနဲ့ ခိုင်မာမှုတို့ကို တွေ့မြင်နိုင်မှာဖြစ်ပါတယ်။

အခုရရှိခဲ့တဲ့ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်ဟာ မြန်မာနိုင်ငံသမိုင်းမှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအားလုံးနဲ့ အစိုးရ၊ လွှတ်တော်၊ တပ်မတော်တို့ တညီတညွတ်တည်း သဘောတူညီနိုင်ခဲ့တဲ့ ပထမဆုံးနဲ့ အပြည့်စုံဆုံး အပစ်အခတ်ရပ်စဲရေးစာချုပ်တစ်ခုလည်း ဖြစ်ပါတယ်။ ရှေ့ဆက်လျှောက်ကြရမယ့် ငြိမ်းချမ်းရေးဖြစ်စဉ်ကြီးရဲ့ ဘုံအနာဂတ်တစ်ခုကို အတူတကွဖော်ဆောင်ကြမယ်လို့ ကတိကဝတ်ပြုလိုက်တဲ့ ပဋိညာဉ်တစ်ခုလည်း ဖြစ်ပါတယ်။ လက်ရှိအချိန်မှာ စာချုပ်မှာပါဝင်လက်မှတ်ရေးထိုးခြင်းမပြုရသေးတဲ့ ကျန်ရှိနေသေးတဲ့ အဖွဲ့အစည်းများ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးအတွက် လမ်းဖွင့်ထားပြီး ဆက်လက်ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ဒီကိစ္စတွေဟာ လွယ်ကူမှုမရှိသလို ခက်ခဲတဲ့အနေအထားတွေနဲ့ ပဋိပက္ခအချို့ ဆက်လက်ရှိနေသေးတာကိုလည်း တွေ့မြင်နေရပါတယ်။ သို့သော်လည်းပဲ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ပစ်ခတ်တိုက်ခိုက်မှုတွေ ချုပ်ငြိမ်းသွားပြီး အားလုံးပါဝင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများ စတင်ကျင်းပဖို့ ကြိုးပမ်းဆောင်ရွက်သွားကြရမှာပဲဖြစ်ပါတယ်။ ဒီစာချုပ်ကို ကောင်းမွန်စွာ အကောင်အထည်ဖော်နေရမယ့်နည်းတူ ပဋိပက္ခဒဏ်ခံဒေသများမှ ပြည်သူများကိုလည်း ငြိမ်းချမ်းရေးရဲ့ လက်ငင်းအကျိုးရလဒ်တွေ မြန်နိုင်သမျှ မြန်မြန်ခံစားရရှိစေဖို့ ဆောင်ရွက်သွားကြရမှာလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ အပြန်အလှန်ထိန်းကျောင်းမှုမရှိတဲ့ နိုင်ငံရေးဖြစ်စဉ်နဲ့ ဒီမိုကရေစီမရှိတဲ့ အုပ်ချုပ်ရေးစနစ်အောက်မှာ ဆယ်စုနှစ်ပေါင်းများစွာ နေထိုင်ခဲ့ရပါတယ်။ လက်နက်ကိုင်ပဋိပက္ခများနဲ့လည်း ရင်ဆိုင်ကြုံတွေ့ခဲ့ရပါတယ်။ ဆင်းရဲနွမ်းပါးမှု၊ နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ ဖယ်ကြဉ်မှုတွေကိုလည်း ကြုံတွေ့ခဲ့ရပါတယ်။ ဒီလိုအခြေအနေတွေကို ကျော်လွှားနိုင်ဖို့ ကျွန်တော့်အနေနဲ့ အစိုးရအဖွဲ့ကို ဦးဆောင်တဲ့အချိန်မှာ ကဏ္ဍတိုင်းအတွက် ပြုပြင်ပြောင်းလဲရေးတွေကို တစိုက်မတ်မတ် လုပ်ဆောင်ခဲ့ပါတယ်။ နိုင်ငံသားတိုင်းရဲ့ အနာဂတ်သစ်အတွက် ဒီမိုကရေစီ၊ ငြိမ်းချမ်းရေးနဲ့ ကြွယ်ဝချမ်းသာမှုတို့အပြင် နိုင်ငံတကာအသိုက်အဝန်းနဲ့ ပြန်လည်ပေါင်းစည်းရေးဆိုတာတွေကို မျိုးဆက်သစ်တွေအတွက် လက်ဆင့်ကမ်းနိုင်အောင် အာရုံစိုက်ကြိုးပမ်းခဲ့ပါတယ်။

အစိုးရသက်တမ်းတစ်ကြိမ်အတွင်းမှာ ဒီလိုကြီးလေးလှတဲ့ လုပ်ငန်းစဉ်များ ပြီးမြောက်အောင် ဆောင်ရွက်နိုင်ဖို့ဆိုတာ ခက်ခဲပါတယ်။ ကျွန်တော့်အနေနဲ့ သမ္မတတာဝန်ယူပြီး အစိုးရအဖွဲ့ကို ဦးဆောင်ရတဲ့ ပထမဆုံးသက်တမ်းမှာအတွေးအခေါ်ဟောင်း၊ အမူအကျင့်ဟောင်းတွေနဲ့ ကိုယ်ကျိုးအတ္တကိုရှေ့တန်းတင်မှုတွေကိုဖယ်ရှားဖို့ ကြိုးပမ်းလျှောက်လှမ်းရတာဟာလည်း အလွန်သိမ်မွေ့နက်နဲလှပါတယ်။ သို့သော်လည်း ဒီလိုအခက်အခဲတွေကို အောင်မြင်စွာ ကြိုးပမ်းဖြတ်သန်းနိုင်မှသာလျှင် ကျွန်တော်တို့လူ့အဖွဲ့အစည်းအတွက် အထူးလိုအပ်နေတဲ့ နိုင်ငံရေးစနစ်သစ်နဲ့ နိုင်ငံရေးယဉ်ကျေးမှုအသစ်တွေ အမြစ်တွယ်အခြေခိုင်မာလာမယ့်အခွင့်အရေးကို ရရှိမှာဖြစ်တဲ့အတွက် စိန်ခေါ်မှုတိုင်းကို ကြိုးပမ်းဖြေရှင်းနိုင်ခဲ့ပါတယ်။

ကျွန်တော်တို့ မြန်မာနိုင်ငံအနေနဲ့ အသွင်ကူးပြောင်းရေးလမ်းကြောင်းကို စတင်လျှောက်လှမ်းစဖြစ်တဲ့ ၂၀၁၀ ရွေးကောက်ပွဲအပြီးကာလများမှာ အရှေ့အလယ်ပိုင်းက နိုင်ငံတချို့မှာလည်း ဒီမိုကရေစီအသွင်ကူးပြောင်းရေးကို အရှိန်အဟုန်ပြင်းပြင်းနဲ့ ကြိုးပမ်းခဲ့ကြတာရှိပါတယ်။ သို့သော်လည်း ဒီကနေ့မှာတော့ အဲ့ဒီနိုင်ငံတွေမှာ ပြည်တွင်းစစ်တွေနဲ့ မင်းမဲ့စိတ်ဆန်မှုတွေကိုသာ ဖြတ်သန်းနေရတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ကတော့ အပြည်ပြည်ဆိုင်ရာစံနှုန်းများနဲ့ တိုင်းတာရင် လိုအပ်ချက်များရှိနေသော်လည်း အသွင်ကူးပြောင်းရေးအတွက် လိုအပ်တဲ့ အခြေခံများကို အဆင့်ဆင့်တိုးတက်တည်ဆောက်နိုင်ပြီး ချောမွေ့စွာ ကူးပြောင်းလျက်ရှိနေပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ အထူးအလေးအနက်ထားပြောကြားချင်တာကတော့ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များဟာ မိမိတိုင်းပြည်မှာရှိနေတဲ့ အခြေခံအကြောင်းတရားများနဲ့ ပေးထားချက်များကို ဘက်ပေါင်းစုံကနေချင့်ချိန်သုံးသပ်ပြီး တည်ငြိမ်အေးချမ်းစွာ ပြောင်းလဲနိုင်ဖို့ လုပ်သင့်လုပ်ထိုက်တဲ့အရာတွေကို သင့်လျော်တဲ့အချိန်မှာ လိုအပ်တဲ့ အရှိန်တစ်ခုနဲ့ ချိန်သားကိုက်ဆောင်ရွက်ရမယ်ဆိုတဲ့ အချက်ပဲဖြစ်ပါတယ်။

နိုင်ငံရေးအင်အားစုအားလုံး နိုင်ငံရေးဖြစ်စဉ်မှာ ပါဝင်လာနိုင်ရေးအတွက်လည်း လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲများ ကျင်းပနိုင်ခြင်း၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးနိုင်ခြင်းနဲ့ နိုင်ငံရေးထိပ်သီးခေါင်းဆောင်များအကြား ဆွေးနွေးအဖြေရှာခြင်းများဟာ ကျွန်တော်တို့ လက်ထက်မှာ ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့တဲ့ နိုင်ငံရေးယဉ်ကျေးမှုသစ်အသက်ဝင်လာခြင်းရဲ့ အကောင်းဆုံးသက်သေသာဓကများပဲ ဖြစ်ပါတယ်။ ဒီလိုအခြေခံကောင်းတွေကနေတစ်ဆင့် ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးနဲ့ နိုင်ငံတည်ဆောက်ရေးအတွက် အဟန့်အတားဖြစ်စေတဲ့ နိုင်ငံရေးပြဿနာတွေကို ဖြေရှင်းနိုင်ဖို့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီလိုဖြေရှင်းတဲ့အခါမှာလည်း နိုင်ငံရေးအင်အားစုအားလုံးကို ကိုယ်စားပြုနိုင်တဲ့ နိုင်ငံရေးဆွေးနွေးပွဲများပြုလုပ်နိုင်ဖို့ ဆိုတာတွေကိုလည်း အခိုင်အမာတည်ဆောက်ပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။ ဖက်ဒရယ်စနစ်ကို အခြေခံသော ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရေးကို သဘောတူညီခဲ့ကြပြီးဖြစ်လို့ ခိုင်မာအောင် ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

တစ်ဆက်တည်းမှာပဲ လူနေမှုဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သိသာထင်ရှားတဲ့ အပြောင်းအလဲတွေကိုလည်း ဖော်ဆောင်ပေးနိုင်ခဲ့ပါတယ်။ တယ်လီဖုန်းဆက်သွယ်ရေးမှအစ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများမှာ အဆင့်ဆင့် တိုးတက်မြင့်မားမှုတွေရှိလာအောင် ဆောင်ရွက်ပေးခဲ့ပါတယ်။ ပိုမိုထိရောက်ပြီး သွက်လက်မြန်ဆန်စွာ ဝန်ဆောင်မှုပေးနိုင်တဲ့ ကျစ်လျစ်မှုရှိတဲ့ ဗျူရိုကရေစီယန္တရားတစ်ရပ် တည်ဆောက်နိုင်ရေးအတွက် လိုအပ်တဲ့ အခြေခံပြောင်းလဲမှုများကိုလည်း ဖော်ဆောင်ပေးခဲ့ပြီးဖြစ်ပါတယ်။

ပြည်သူလူထုအတွက် တကယ်ထိုက်တန်တဲ့ ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းတွေပေးနိုင်ဖို့၊ ပိုမိုကောင်းမွန်တဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေနဲ့ ပညာရေးဝန်ဆောင်မှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ တစ်ဦးချင်းလွတ်လပ်ခွင့်နဲ့ ဘဝလုံခြုံမှုတွေရှိအောင် ပြုပြင်ပြောင်းလဲရေးများကို ဆက်လက်ပြီး အားသွန်ခွန်စိုက်ဆောင်ရွက်သွားကြရမှာဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ကျွန်တော်တာဝန်ယူနေတဲ့ သက်တမ်းကာလအတွင်းမှာ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသရွေ့ ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဒီအစိုးရသက်တမ်းကာလအတွင်းမှာပဲ ကျွန်တော်တို့အနေနဲ့ အခက်အခဲများ၊ အကျပ်အတည်းများရဲ့ အဖြေတွေကို ပိုမိုတွေ့မြင်လာပါတယ်။ တစ်ဖန် ပြုပြင်ပြောင်းလဲရေးအတွက် အတားအဆီးဖြစ်နေတဲ့ စိန်ခေါ်မှုတွေကိုလည်း ပိုမိုမြင်တွေ့လာခဲ့ရပါတယ်။ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနဲ့ အသွင်ကူးပြောင်းရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ရာမှာ ဦးဆောင်ဦးရွက်ပေးမယ့်သူများအတွက် ဒီလိုအတွေ့အကြုံကောင်းတွေ အထူးလိုအပ်ပါတယ်။ ပြည်သူ့ရေးရာဝန်ဆောင်မှုကဏ္ဍတွေမှာ ပိုမိုအာရုံစိုက်ဖို့လိုပြီး ကြီးမားတဲ့စိန်ခေါ်မှုတစ်ရပ်လိုဖြစ်နေတဲ့ အဂတိလိုက်စားမှုကိုလည်း အမြစ်ပြတ်ဖယ်ရှားဖို့ လိုအပ်နေတာကိုလည်း တွေ့မြင်ရပါတယ်။ အရေးအကြီးဆုံးအနေနဲ့ကတော့ နိုင်ငံသားတိုင်း အလွယ်တကူရှင်းလင်းစွာ နားလည်ပြီး ပါဝင်လုပ်ကိုင်အကျိုးဖြစ်ထွန်းစေနိုင်မယ့် ချမှတ်ထားတဲ့ ကာလတို၊ ကာလလတ်၊ ကာလရှည်စီးပွားရေးစီမံကိန်းတွေကို ဆက်လက်အကောင်အထည်ဖော်နိုင်ဖို့အတွက်လည်း ကျွန်တော်တို့မှာ ကြီးမားတဲ့အခြေခံများရှိနေပြီဖြစ်ကြောင်းပြောကြားလိုပါတယ်။ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝများတိုးတက်ရေးနဲ့ နိုင်ငံရေးတည်ငြိမ်မှုတို့ကို ဆက်လက်ဖော်ဆောင်နိုင်ဖို့အတွက် အထူးလိုအပ်တယ်လို့ ကျွန်တော့်အနေနဲ့ ယုံကြည်ပါတယ်။

ကျွန်တော့်အနေနဲ့ ပြည်တွင်းငြိမ်းချမ်းရေးရအောင်၊ ပြည်သူများရဲ့ စီးပွားရေးပြန်လည်ဖွံ့ဖြိုးတိုးတက်လာအောင်၊ ကျွန်တော်တို့ရဲ့ မျိုးဆက်သစ်လူငယ်တွေအတွက် ပိုမိုကောင်းမွန်တဲ့ အနာဂတ်တွေ ဖန်တီးပေးနိုင်ဖို့ တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

မိဘပြည်သူများ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ။

---

**● ရေးမြို့နယ်မှ**

ရေထွက်ပစ္စည်းများ ပေါများကြွယ်ဝကာ ကမ်းခြေအနီးမကျီးကျွန်း၊ ကျွန်းကြီးကျွန်းတို့၏ သဘာဝကပေးသော အလှအပများကြောင့် နိုင်ငံတော်၏ စီးပွားရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။


“ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ဖို့ လုပ်ဆောင်တဲ့နေရာမှာလမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့၊ ပြီးတော့ လျှပ်စစ်မီး၊ နောက် နယ်မြေလုံခြုံရေးတွေ ကောင်းဖို့လိုတယ်။ ယခင်ကလမ်းပန်းဆက်သွယ်ရေးလည်း မကောင်းခဲ့ဘူး။ သစ်သားတံတားယိုင်နဲ့နဲ့ကို ကျေးရွာလူထုတွေက ကာလကြာရှည်စွာသုံးခဲ့ရတယ်။

အခုတော့ သံကူကွန်ကရစ် တံတားအဖြစ် ပြောင်းလဲနေပါပြီ။ ရွာလမ်းတစ်လျှောက်လည်း မကြာခင်ပြီးစီးတော့မှာဖြစ်ပါတယ်။ အပန်းဖြေစခန်းကိုလည်း အပိုင်းလေးပိုင်းခွဲပြီး လက်ရှိအစိုးရမှာရော၊ နောင်တက်လာမယ့်အစိုးရသစ်လက်ထက်မှာပါ ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

ကမ်းခြေစီမံကိန်းဖြစ်ထွန်းပေါ်ပေါက်ဖို့က မြေနေရာရရှိရေးက အရေးပါတယ်။ တချို့မြေကစားတဲ့သူတွေကြောင့် နှောင့်နှေးမှုတွေရှိခဲ့တာပါ”ဟု မွန်ပြည်နယ် လျှပ်စစ်နှင့် စက်မှုဝန်ကြီး ဦးနိုင်လဝီအောင်က ပြောကြားသည်။

ရေးမြို့နယ်တွင် လူထုအကျိုးပြုလုပ်ငန်းများ လုပ်ဆောင်သည့်လုပ်ငန်းများတွင် ကုမ္ပဏီများမှ ကျန်းမာရေးဌာနခွဲတည်ဆောက်ပေးခြင်းသည် ပထမဦးဆုံးဖြစ်ပြီး ကျေးရွာလူထု၏ အရေးပေါ်အခြေအနေများနှင့် ကျန်းမာရေးကိစ္စများ ပူပန်မှုကင်းစွာလုပ်ဆောင်နိုင်တော့မည့်အပြင် ခရီးသွားလုပ်ငန်းနှင့် ကမ်းခြေစီမံကိန်းအခြေအနေများကြောင့် ဒေသဖွံ့ဖြိုးတိုးတက်လာတော့မည်ကို ဒေသခံများက မျှော်တွေး ပျော်ရွှင်လျက်ရှိကြောင်းသိရသည်။

# ဂျပန်ဝန်ကြီးချုပ်နှင့် တောင်ကိုရီးယားသမ္မတတို့ ပထမဆုံးအကြိမ် သီးခြားတွေ့ဆုံ



**ဆိုးလ် နိုဝင်ဘာ ၂**

ဂျပန်ဝန်ကြီးချုပ်ရှင်ဇိုအာဘေးနှင့် တောင်ကိုရီးယားသမ္မတ ပတ်ဂွန်ဟေးတို့သည် ဆိုးလ်မြို့တွင် ပထမဆုံးအကြိမ် သီးခြားတွေ့ဆုံဆွေးနွေးခဲ့သည်။

ခေါင်းဆောင်နှစ်ဦးတို့က ဒုတိယကမ္ဘာစစ်အတွင်း တောင်ကိုရီးယားအမျိုးသမီးများကို လိင်ကျေးကျွန်များအဖြစ် ဂျပန်တို့က ဖိနှိပ်ဆက်ဆံခဲ့ခြင်း စသည့်အရေးပါသော ကိစ္စရပ်များကို နှစ်နာရီကြာ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

အဆိုပါကိစ္စရပ်သည် နှစ်နိုင်ငံဆက်ဆံရေးကို ထိခိုက်စေနိုင်သည့် အတားအဆီးတစ်ရပ် ဖြစ်ကြောင်းနှင့် တောင်ကိုရီးယားပြည်သူများ အပါအဝင် ဖိနှိပ်ချုပ်ချယ်ခံထားခဲ့ရသူများအတွက် ကျေနပ်စရာကောင်းလောက်သည့် ရလဒ်ထွက်ပေါ်စေရန်လည်း မျှော်လင့်ကြောင်း သမ္မတ ပတ်ဂွန်ဟေးက ထုတ်ဖော်ပြောကြားခဲ့သည်။

ဂျပန်၊ တောင်ကိုရီးယားနှင့် အမေရိကန်နိုင်ငံ သုံးနိုင်ငံအနေဖြင့် မြောက်ကိုရီးယား နျူကလီးယားအရေးကို ပူးပေါင်းပြီး ကိုင်တွယ်ဖြေရှင်းသင့်ကြောင်း ဝန်ကြီးချုပ်အာဘေးနှင့် သမ္မတပတ်ဂွန်ဟေးတို့က သဘောတူညီခဲ့ကြသည်။

နှစ်နိုင်ငံအနာဂတ် ပူးပေါင်းဆောင်ရွက်မှုများ အကောင်အထည်ဖော်ဆောင်ရွက်ရန် ၎င်းတို့အနေဖြင့် ဦးတည်သွားနေသောကြောင့် နောင်လာမည့် မျိုးဆက်သစ်များအတွက် သမိုင်းတွင်ကျန်ရစ်သည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး မည်သည့်အတားအဆီး၊ အခက်အခဲကိုမှ ချန်ထားခဲ့မည်မဟုတ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ခေါင်းဆောင်နှစ်ဦးတို့သည် သမိုင်းတွင်ကျန်ရစ်သည့် ကိစ္စရပ်များကို ကြိုးစားအဖြေရှာ ဆွေးနွေးခဲ့ကြသည့်အတွက် နှစ်နိုင်ငံထိပ်သီးအစည်းအဝေးသည် အလွန်ပင် တိုးတက်မှုရှိကြောင်းနှင့် နှစ်နိုင်ငံဆက်ဆံရေးကိုလည်း မြှင့်တင်ပေးနိုင်ခဲ့ကြောင်း တောင်ကိုရီးယား သမ္မတရုံးက ဆိုသည်။ **အင်န်အိတ်ချ်ကေ။**

# ရုရှားခရီးသည်တင် လေယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်

**ကိုင်ရို နိုဝင်ဘာ ၂**

အီဂျစ်နိုင်ငံ ဆိုင်းနိုင်းကျွန်းဆွယ်၌ အောက်တိုဘာ ၃၁ ရက်က ရုရှားခရီးသည်တင်လေယာဉ်တစ်စင်း ပျက်ကျခဲ့ရသည့်အကြောင်းရင်းကို အီဂျစ်နှင့်နိုင်ငံတကာ ကျွမ်းကျင်သူများပါဝင်သောအဖွဲ့က စုံစမ်းစစ်ဆေးမှုများ စတင်ပြုလုပ်ကြောင်း နိုင်ငံပိုင်သတင်းဌာနက နိုဝင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

အီဂျစ်နှင့်ရုရှားစုံစမ်းစစ်ဆေးရေးမှူးများက လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို သိရှိနိုင်ရန် အောက်တိုဘာ ၃၁ ရက် နှောင်းပိုင်းက ရှာဖွေတွေ့ရှိခဲ့သော လေယာဉ်ပျံသန်းမှုမှတ်တမ်းတင်စက်နှစ်လုံး၏ မှတ်တမ်းများကို လေ့လာဆန်းစစ်မည်ဖြစ်သည်။

လေယာဉ်ပျက်ကျမှုအား စုံစမ်းစစ်ဆေးနေသည့် အီဂျစ်နှင့် ရုရှားနှစ်နိုင်ငံမှ စုံစမ်းစစ်ဆေးသူများနှင့်အတူ ပြင်သစ်မြို့ပြလေကြောင်းလုံခြုံရေးအေဂျင်စီမှ ပုဂ္ဂိုလ်နှစ်ဦး၊ အဲဘတ်စ်လေယာဉ်ဆိုင်ရာအကြံပေးပုဂ္ဂိုလ်ခြောက်ဦးနှင့် ဂျာမန်လူမျိုးကျွမ်းကျင်သူပညာရှင် နှစ်ဦးတို့က ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း အီဂျစ်အစိုးရ အယ်လ်အာရမ် သတင်းဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။


လေယာဉ်ပျက်ကျမှုအား စုံစမ်းစစ်ဆေးနေသည့် အီဂျစ်ဦးဆောင်သောအဖွဲ့အားအကူအညီပေးရန် ရုရှားနိုင်ငံအရေးပေါ်လုပ်ငန်းများဆိုင်ရာ ဝန်ကြီး ဗလာဒီမီဟာပုချ်ကော့သည် ရုရှားကျွမ်းကျင်သူများအဖွဲ့ကို ဦးဆောင်ကာ အောက်တိုဘာ ၃၁ ရက်တွင် အီဂျစ်နိုင်ငံ မြို့တော် ကိုင်ရိုသို့ ရောက်ရှိလာခဲ့သည်။

ရှာဖွေရေးအဖွဲ့ဝင်များက လေယာဉ်ပေါ် လိုက်ပါလာခဲ့သူ လူ ၂၂၄ ဦးအနက် ၁၆၄ ဦး၏ ရုပ်အလောင်းများကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အီဂျစ်အစိုးရအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

ရုရှားခရီးသည်တင်လေယာဉ်သည် မငြိမ်မသက်ဖြစ်နေသည့် ဆိုင်းနိုင်းကျွန်းဆွယ်၏ တောင်တန်းထူထပ်သောဒေသတစ်နေရာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။ ယင်းလေယာဉ်ပျက်ကျမှုအတွက် ၎င်းတို့တွင် တာဝန်ရှိကြောင်း အစ္စလာမ်စ်နိုင်ငံထူထောင်ရေးအဖွဲ့နှင့် ဆက်နွှယ်မှုရှိသည့် အီဂျစ်စစ်သွေးကြွအဖွဲ့တစ်ဖွဲ့က ကြေညာခဲ့သည်။

လေယာဉ်ပျက်ကျရသည့် အကြောင်းရင်းကို ပျံသန်းမှုမှတ်တမ်းတင်စက်များအား စစ်ဆေးမှုမပြီးဆုံးမီ ယတိပြတ်ပြောကြားရန် မဖြစ်နိုင်ကြောင်း အီဂျစ်ဝန်ကြီးချုပ်က ပြောကြားသည်။ **ဆင်ဟွာ။**

# ဗြိတိန်တွင် နှင်းများထူထပ်စွာကျရောက်မှုကြောင့် လေယာဉ်ခရီးစဉ်များပျက်သိမ်း




**လန်ဒန် နိုဝင်ဘာ ၂**

ဗြိတိန်တွင် တနင်္လာနေ့ နံနက်ပိုင်းက ဆီးနှင်းများထူထပ်စွာကျရောက်နေမှုကြောင့် နိုင်ငံတစ်ဝန်းရှိ လေဆိပ်များတွင် လေယာဉ်ခရီးစဉ်ဒါဇင်ပေါင်းများစွာကို ဖျက်သိမ်းခဲ့ရကြောင်း ဒေသခံသတင်းမီဒီယာများက ထုတ်ပြန်ကြေညာသည်။

ဗြိတိန်မိုးလေဝသဌာနက ဆီးနှင်းများထူထပ်စွာကျရောက်နေသည့် အင်္ဂလန်နှင့် ဝေးလ်တို့တွင် အဝါရောင်အဆင့် သတိပေးချက်ထုတ်ပြန်ကြေညာထားပြီး အင်္ဂလန်အရှေ့တောင်ပိုင်းနှင့် နေရာအတော်များများတွင် ဆီးနှင်းကျရောက်မှု ကြာရှည်နေဦးမည်ဟု ခန့်မှန်းထားသည်။

ဆီးနှင်းများ ထူထပ်စွာကျဆင်းနေမှုကြောင့် နေရာအတော်များများတွင် မြင်ကွင်းများမရှင်းမလင်းဖြစ်နေပြီး မီတာ ၁၀၀ အကွာအဝေးခန့်သာ မြင်နိုင်စွမ်းရှိကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

ဆီးနှင်းများကျဆင်းပြီး မြင်ကွင်းမရှင်းလင်းမှုကြောင့် တနင်္လာနေ့ နံနက်ပိုင်းတွင် ဟီသရိုးလေဆိပ်မှ လေကြောင်းလိုင်း ၄၅ ခုဖျက်သိမ်းခဲ့ရသည်။ အခြားလေဆိပ်များဖြစ်သည့် ဘာမင်ဂမ်လေဆိပ်၊ မန်ချက်စတာလေဆိပ်နှင့် လီဗာပူးလ် ဂျွန်လီနွန်လေဆိပ်တို့တွင်လည်း လေကြောင်းလိုင်းများ ဖျက်သိမ်းခဲ့သည်။

ဆီးနှင်းများ ထူထပ်စွာကျဆင်းနေသည့်အတွက် ယာဉ်မောင်းများအနေဖြင့် ဂရုစိုက်မောင်းနှင်ကြရန် သတိပေးချက်ထုတ်ပြန်ထားသည်။ **ဆင်ဟွာ။**

# ပါကစ္စတန်၌ မြေငလျင်လှုပ်မှုကြောင့် ကမ္ဘာ့အမွေအနှစ် အဆောက်အအုံအချို့ အက်ကြောင်းပေါ်

**ပက်ရှ်ဝါ နိုဝင်ဘာ ၂**

ပါကစ္စတန်နိုင်ငံ၌ အင်အားပြင်း မြေငလျင် လှုပ်ခတ်ခဲ့မှုကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အဆောက်အအုံအချို့တွင် အက်ကြောင်းများ ဖြစ်ပေါ်လာကြောင်း ရှေးဟောင်းသုတေသန ပညာရှင်များက နိုဝင်ဘာ ၂ ရက်တွင် ပြောကြားသည်။

မြေငလျင်လှုပ်မှုကြောင့် ဂန္ဓာရမြို့ဟောင်း ယဉ်ကျေးမှုနှင့် သက်ဆိုင်သော ရှေးဟောင်းပစ္စည်းများ၊ ယဉ်ကျေးမှုပြတိုက်များ၊ ခိုင်ဘာပထန်ကာဝါ ဒေသရှိ ဗုဒ္ဓဘာသာယဉ်ကျေးမှုဆိုင်ရာ တာကစ်ဘိုင်နှင့် ဂျူလီယန် ယဉ်ကျေးမှုနယ်မြေများမှ အဆောက်အအုံများ၌ အက်ကြောင်းများ ဖြစ်ပေါ်ရကြောင်း ရှေးဟောင်းသုတေသနပညာရှင်များက ပြောကြားကြသည်။

အောက်တိုဘာ ၂၆ ရက်က လူပေါင်း ၂၅၀ ထက်မနည်း သေဆုံးခဲ့ရသော အင်အား ၇ ဒသမ ၅ ရှိ မြေငလျင်သည် ပါကစ္စတန်နှင့် အာဖဂန်နစ္စတန် ဒေသများ၌ လှုပ်ခတ်ခဲ့သည်။ မြေငလျင်ဒဏ်ကို ခံစားကြရသည့် ဒေသများ၌ ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များတည်ရာဒေသလည်းပါဝင်သည်။ **ပီတီအိုင်။**

# တရုတ်နိုင်ငံ ရှန်ဟိုင်းရှိ စက်ရုံ၌ အကြီးစားလေယာဉ်ထုတ်လုပ်မှု စတင်



**ရှန်ဟိုင်း နိုဝင်ဘာ ၂**

တရုတ်နိုင်ငံသည် ပြည်တွင်းလုပ် အကြီးစားလေယာဉ်အမျိုးအစားသစ်ကို နိုဝင်ဘာ ၂ ရက်တွင် စတင်ထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏ မြို့ပြလေကြောင်းသမိုင်းတွင် မှတ်တိုင်တစ်ရပ်ကို စိုက်ထူလိုက်ကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၂ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်ဟိုင်းမြို့ရှိ ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းသုံး လေယာဉ်ထုတ်လုပ်ရေးကော်ပိုရေးရှင်း၏ စက်ရုံ၌ စီ-၉၁၉ အမျိုးအစား ခရီးသည်တင်လေယာဉ်ကို စတင်ထုတ်လုပ်ပြီးဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

စီ-၉၁၉ အမျိုးအစား ခရီးသည်တင်လေယာဉ်ကို လေကြောင်းခရီးစဉ်များ၌ စတင်အသုံးပြုသည့်အခါ အဲဘတ်စ်-၃၂၀ နှင့် ဘိုးအင်း-၇၃၇ နောက်ဆုံးပေါ် လေယာဉ်ကြီးများနှင့် အပြိုင် လေကြောင်းပို့ဆောင်ရေးဈေးကွက်တွင် တွေ့မြင်လာကြရမည်ဖြစ်သည်။

စီ-၉၁၉ အမျိုးအစား ခရီးသည်တင်လေယာဉ်သည် ခရီးသည် ၁၅၈ ဦး လိုက်ပါနိုင်ပြီး ၄၀၇၅ ကီလိုမီတာ ခရီးတာကို ပျံသန်းနိုင်သည့် အကြီးစားလေယာဉ်ဖြစ်သည်။

စီ-၉၁၉ အမျိုးအစား ခရီးသည်တင်လေယာဉ်သည် လာမည့်နှစ်တွင် ပထမဆုံးအကြိမ် လေကြောင်းခရီးစဉ် စမ်းသပ်ပျံသန်းရန် ရည်မှန်းထားသည်။ သို့ရာတွင် နိုင်ငံတကာ လေကြောင်းခရီးစဉ်များ ပျံသန်းနိုင်ရန် သုံးနှစ်ထက်မနည်း စမ်းသပ်ပျံသန်းမှုများ ဆက်လက်ပြုလုပ်သွားရမည်ဖြစ်သည်။ **ဆင်ဟွာ။**

# ရွေးကောက်ပွဲနှင့် ပတ်သက်၍ ပြည်ပလေ့လာရေးအဖွဲ့များနှင့် ရွေးကောက်ပွဲရလဒ်သတင်းများ ထုတ်ပြန်ခြင်းဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

အာဆီယံနိုင်ငံများ၊ အခြားမိတ်ဆွေနိုင်ငံများမှ ရွေးကောက်ပွဲကော်မရှင်များနှင့် အဖွဲ့အစည်းများ၏ လေ့လာရေးခရီးစဉ်နှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန၊ ယဉ်ကျေးမှုဝန်ကြီးဌာန၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ၊ ကော်မရှင် အတွင်းရေးမှူးနှင့် ကော်မရှင်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။**(အပေါ်ယာပုံ)**



အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက အာဆီယံနိုင်ငံများမှ ရွေးကောက်ပွဲကျင်းပမှုများကို လေ့လာရန် ဖိတ်ကြားခဲ့၍ သွားရောက်လေ့လာခဲ့ပါကြောင်း၊ ယခု ကျင်းပမည့် ရွေးကောက်ပွဲကိုလည်း အာဆီယံနိုင်ငံများ၏ ရွေးကောက်ပွဲကော်မရှင်များကို လာရောက်လေ့လာရန် ဖိတ်ကြားထားပါကြောင်း၊ လွတ်လပ်မျှတ၍ ပွင့်လင်းမြင်သာသော ရွေးကောက်ပွဲအဖြစ် မှတ်ကျောက်တင်ခံနိုင်ရေးအတွက် ပြည်တွင်းပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များနှင့် နိုင်ငံတကာသံရုံးများမှ တာဝန်ရှိသူများအား စောင့်ကြည့်လေ့လာစေမှာ ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် အာဆီယံနိုင်ငံများ၏ ရွေးကောက်ပွဲများ သွားရောက်လေ့လာရာတွင် ဧည့်ဝတ်ကျေပွန်သကဲ့သို့ မိမိနိုင်ငံရွေးကောက်ပွဲသို့ လာရောက်လေ့လာချိန်တွင်လည်း ဧည့်ဝတ်ကျေပွန်စေရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပူးပေါင်းဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာထွန်းထွန်းဦးက အာဆီယံနိုင်ငံများနှင့် အခြားမိတ်ဆွေနိုင်ငံများအား ဖိတ်ကြားထားမှု၊ နိုင်ငံအလိုက်လာရောက်မည့် အရေအတွက်၊ နေ့စဉ် ဆောင်ရွက်မည့် အစီအစဉ်နှင့် လေ့လာရေးခရီးစဉ်များကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ စောင့်ကြည့်လေ့လာရေးအဖွဲ့များရောက်ရှိချိန်၊ တည်းခိုနေချိန်နှင့် လေ့လာမည့်နေရာများသို့ သွားရောက်ရာတွင် ဆောင်ရွက်မည့် လုံခြုံရေးအစီအမံများအား လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဆက်ဆံရေးအရာရှိ စီစဉ်ထားရှိမှုကို လည်းကောင်း၊ ယဉ်ကျေးမှုဝန်ကြီးဌာနမှ လေ့လာရေးအဖွဲ့များအား ဖျော်ဖြေမည့်အစီအစဉ်ကို လည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ သတင်းမှတ်တမ်းရယူရေးနှင့် စပ်လျဉ်း၍လည်းကောင်း၊ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနမှ ခရီးစဉ်များအတွက် ယာဉ်များစီစဉ်မှု၊ ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာနမှ လေ့လာရေးအဖွဲ့များ တည်းခိုနေထိုင်ရေးနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် မီဒီယာစင်တာထားရှိမည့် အစီအမံ၊ ရွေးကောက်ပွဲရလဒ်ကြေညာမည့် အစီအစဉ်၊ ရွေးကောက်ပွဲကျင်းပသည့်နေ့ ရလဒ်များထုတ်ပြန်ကြေညာမည့် အစီအစဉ်များကို ရွေးကောက်ပွဲကော်မရှင်၏ မီဒီယာစင်တာနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ သတင်းထုတ်လွှင့်နိုင်ရေးတို့အတွက် ညှိနှိုင်းဆွေးနွေးရန် မှာကြားသည်။

ယင်းနောက် မီဒီယာစင်တာတွင် တာဝန်ယူဆောင်ရွက်မည့် IFES မှ မီဒီယာစင်တာဆောင်ရွက်မည့် အစီအစဉ်နှင့် လုပ်ငန်းစဉ်များအား Projector ဖြင့် ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲသည် နိုင်ငံတော်အတွက် အရေးကြီးပြီး ကမ္ဘာ့နိုင်ငံများကလည်း စိတ်ဝင်စား၍ စောင့်ကြည့်နေကြောင်း၊ ရွေးကောက်ပွဲအောင်မြင်ရေး၊ လာရောက်လေ့လာရန် ဖိတ်ကြားထားသော ကိုယ်စားလှယ်များ အဆင်ပြေစွာ လေ့လာနိုင်ရေးနှင့် ရွေးကောက်ပွဲရလဒ်သတင်းများ အချိန်မီထုတ်ပြန်နိုင်ရေးအတွက် တာဝန်ရှိသော ဝန်ကြီးဌာနအသီးသီးနှင့် အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စီးပွားရေးဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတွင် အဆင့်မြင့်ကျန်းမာရေးဝန်ဆောင်မှု ပို၍လိုအပ်လာ

မြန်မာနိုင်ငံရှိ ဆေးရုံဆေးခန်း အရေအတွက်နှင့် ကျန်းမာရေးဝန်ထမ်းများ၏ အရေအတွက် ကွာဟချက်မြင့်မားနေမှုကို ဖြေရှင်းရန် နိုင်ငံတော်အစိုးရက လုပ်ဆောင်လျက်ရှိရာ နိုင်ငံအတွင်းရှိ ပုဂ္ဂလိကကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍတွင် အခြေခံအဆောက်အအုံနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘတ်ဂျက်များ ပို၍ချပေးခဲ့ကြောင်း Oxford Business Group ၏ သတင်းများအရ သိရသည်။

အစိုးရအနေဖြင့် ၂၀၃၀ ပြည့်နှစ်တွင် ပြည်သူအားလုံး လွှမ်းခြုံနိုင်သည့် ကျန်းမာရေးစောင့်ရှောက်မှုစီမံကိန်းကို ချမှတ်လိုက်ပြီဖြစ်ရာ ဝင်ငွေအများစုကို ကျန်းမာရေးအတွက် အသုံးပြုခဲ့ရသော လူနာနှင့် ၎င်းတို့၏ မိသားစုများ၏ အခြေအနေမှာတိုးတက်ပြောင်းလဲလာမည်ဟု မျှော်လင့်ရကြောင်း၊ ထိုစီမံကိန်းအထမြောက်ရေးမှာ နိုင်ငံတော်အနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုများနှင့် သက်ဆိုင်ရာ အခြေခံအဆောက်အအုံများအတွက် ရန်ပုံငွေသိသိသာသာ တိုးမြှင့်ရန် လိုအပ်ကြောင်း၊ အထူးသဖြင့် လူဦးရေ ၇၀ ရာခိုင်နှုန်း နေထိုင်သော ကျေးလက်ဒေသများ၌ ရန်ပုံငွေပို၍ အသုံးပြုရန်လိုကြောင်း ဆိုသည်။

ထို့အပြင် ကျန်းမာရေးအသုံးစရိတ်ကို မြှင့်တင်ပေးခဲ့သော အစိုးရအနေဖြင့် ယခုနှစ်အတွင်း ကျန်းမာရေးအသုံးစရိတ် ဒေါ်လာ ၅၉၂ ဒသမ ၃ သန်း ခွင့်ပြုခဲ့သဖြင့် ယမန်နှစ်ကထက် ၇ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း၊ တစ်ချိန်တည်းမှာပင် လိုအပ်သော ဆေးဘက်ဆိုင်ရာ ပညာရှင်အရေအတွက် ဖြည့်တင်းပေးရန် ဆေးဘက်ဆိုင်ရာပညာရှင် ၅၆၀၀ နှင့် သူနာပြု ၁၃၀၀ တို့အား ယခုနှစ်အတွင်း လေ့ကျင့်သင်ကြားပေးမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ဒေသတွင်းနိုင်ငံများထက် ဆရာဝန်အင်အား နည်းပါးကြောင်း WHO ၏ ထုတ်ပြန်ချက်အရ ဗီယက်နမ်နိုင်ငံတွင် ပြည်သူ ၁၀၀၀၀ လျှင် ဆရာဝန် ၁၁ ဒသမ ၉ ဦး၊ စင်ကာပူတွင် ပြည်သူ ၁၀၀၀၀ လျှင် ဆရာဝန် ၁၉ ဒသမ ၅ ဦး၊ ဂျပန်နိုင်ငံတွင် ပြည်သူ ၁၀၀၀၀ လျှင် ဆရာဝန် ၂၃ ဦးရှိသည့်အချိန်တွင် မြန်မာနိုင်ငံ၌ ပြည်သူ ၁၀၀၀၀ လျှင် ဆရာဝန် ၆ ဒသမ ၁ ဦးသာ ရှိသည်ဟု ဆိုကြောင်း၊ နိုင်ငံတော်အနေဖြင့် အခြေခံကျန်းမာရေး လွှမ်းခြုံမှုမြှင့်တင်နေချိန်တွင် ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုများလည်း မြင့်တက်လာမည်ဟု မျှော်လင့်ရကြောင်း ဆိုသည်။

ပိတ်ဆို့မှုများ ဖယ်ရှားလိုက်ကတည်းကပင် မြန်မာနိုင်ငံ၏စီးပွားရေးအခြေအနေ တိုးတက်လာသည့်နည်းတူ အလယ်အလတ်လူတန်းစားများလည်း တဖြည်းဖြည်း များပြားလာကြောင်း၊ စီးပွားရေးတိုးတက်လာသည်နှင့်အမျှ အဆင့်မြင့်ကျန်းမာရေးဝန်ဆောင်မှု လိုအပ်လာခဲ့ကြောင်း၊ အထူးသဖြင့် ကမ္ဘာလှည့်ခရီးသည်များနှင့် ပြည်ပ ရင်းနှီးမြှုပ်နှံသူများအတွက် ပို၍လိုအပ်လာခဲ့ကြောင်း၊ ပြည်တွင်းကျန်းမာရေးဝန်ဆောင်မှုမြင့်မားလာမည့်အချိန်တွင် ပြည်ပသို့ ဆေးသွားရောက်ကုသရသည့် အခြေအနေများလည်း လျော့နည်းသွားမည်ဟု မျှော်လင့်ရကြောင်း၊ မြန်မာနိုင်ငံတွင် တစ်ဦးချင်းကျန်းမာရေးအသုံးစရိတ် ဒေါ်လာ ၃၀ ခန့်ရှိပြီး လာမည့်ဆယ်စုနှစ်အတွင်း တစ်ဦးချင်းကျန်းမာရေးအသုံးစရိတ် ဒေါ်လာ ၂၀၀ ရောက်ရှိလာမည်ဟု မျှော်လင့်ရကြောင်း၊ ထိုအခြေအနေသို့ ရောက်ရှိလာပါက မြန်မာနိုင်ငံသည် ဒေသတွင်းရှိ နိုင်ငံများထက် ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍအတွင်းရှိ ကွာဟမှုများကို လျော့ကျစေနိုင်သော နိုင်ငံတစ်နိုင်ငံ ဖြစ်လာမည်ဖြစ်ကြောင်း ပန်းလှိုင်ဆေးရုံမှ စီအီးအိုဖြစ်သူ ဒေါက်တာ ဂါရူးပေါ်လ်က ပြောကြားသည်။ **(ဝရဇိန်)**

# ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများမှ စောင့်ကြည့်လေ့လာမည့်အခြေအနေ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**သတင်းထုတ်ပြန်ချက်**
**နေပြည်တော် နိုဝင်ဘာ ၂**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအား ပွင့်လင်းမြင်သာမှုရှိသော ရွေးကောက်ပွဲတစ်ခုအဖြစ် နိုင်ငံတကာစံနှုန်းများနှင့်အညီ ဒီမိုကရေစီနည်းလမ်းတကျ ကျင်းပပေးမည်ဟု ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိပါသည်။

ရွေးကောက်ပွဲ၏ လွတ်လပ်မျှတမှု၊ ပွင့်လင်းမြင်သာရှိမှုနှင့် ဥပဒေနှင့်အညီ ဆောင်ရွက်ချက်များအား မှတ်ကျောက်တင်နိုင်ရန်အတွက် နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ ပြည်တွင်းရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ ပြည်တွင်းနှင့် နိုင်ငံတကာ မီဒီယာများ၊ နိုင်ငံတကာသံရုံးများမှ လေ့လာရေးအဖွဲ့များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ရွေးကောက်ပွဲကော်မရှင်များမှ ကိုယ်စားလှယ်အဖွဲ့များ၊ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွက် အကူအညီပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ကမ္ဘာ့ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းတို့အား ရွေးကောက်ပွဲအား လာရောက်လေ့လာစောင့်ကြည့်နိုင်ကြောင်း ဖိတ်ခေါ်ခဲ့ပါသည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအား နိုင်ငံတကာသံရုံး ၃၂ ရုံးမှ လေ့လာသူ ၄၇၀ ဦး၊ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့ ၆ ခုမှ ၄၆၅ ဦး၊ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွက် အကူအညီပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်း ၉ ခုမှ ၁၈၃ ဦး အပါအဝင် စုစုပေါင်း ပြည်ပလေ့လာစောင့်ကြည့်သူ ၁၁၁၈ ဦး၊ ပြည်တွင်းရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့အစည်း ၁၃ ခုမှ ၉၄၀၆ ဦး၊ ပြည်ပသတင်း မီဒီယာ ၄၅ ဖွဲ့မှ ၂၉၁ ဦးတို့အား စောင့်ကြည့်လေ့လာနိုင်ရန်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ သက်သေခံကတ်ပြားများ ထုတ်ပေးခဲ့ပြီးဖြစ်ပါသည်။

ရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအဖွဲ့များအနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် တည်ဆဲဥပဒေများကို လေးစားလိုက်နာမှု၊ နိုင်ငံရေးအရ သမာသမတ်ကျစွာ ကြားနေမှု၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်ကို အနှောင့်အယှက်မဖြစ်စေမှု၊ စောင့်ကြည့်လေ့လာသူများလိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်းကို လိုက်နာစောင့်ထိန်းမှုအစရှိသည့် ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများ လိုက်နာရမည့်ကျင့်ဝတ်သိက္ခာ၊ စည်းမျဉ်းဥပဒေများနှင့်အညီ ရွေးကောက်ပွဲအား စောင့်ကြည့်လေ့လာရန် အသိပေးညွှန်ကြားထားပါသည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲအား ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများမှ စောင့်ကြည့်လေ့လာမည့်အခြေအနေအား သိရှိနိုင်ပါရန်နှင့် လေ့လာသုံးသပ်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

### ❍ BTV Cup ပြိုင်ပွဲမှ

ဘန်ဂုအတ်သလက်တီကို (ဘရာဇီးလ်)အသင်းနှင့် ဂျပန်တက္ကသိုလ်လက်ရွေးစင်အသင်းတို့ပါဝင်သည်။ ရတနာပုံအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် နိုဝင်ဘာ ၆ ရက်တွင် ဗီယက်နမ်ကလပ် ဘင်ဒေါင်းအသင်းနှင့် စတင်ကစားရမှာဖြစ်ပြီး နိုဝင်ဘာ ၈ ရက်တွင် တောင်ကိုရီးယားတက္ကသိုလ်အသင်း၊ နိုဝင်ဘာ ၁၀ ရက်တွင် ဆန်နာခမ်ဟွာ BVN အသင်းတို့နှင့် ကစားရမည်ဖြစ်သည်။ အုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၆ ရက်မှ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးနှစ်သင်းမှာ ဆီမီးဖိုင်နယ်သို့ တက်ရောက်ခွင့်ရမည်ဖြစ်သည်။ ဆီမီးပွဲစဉ်များကို နိုဝင်ဘာ ၁၃ ရက်၊ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲကို နိုဝင်ဘာ ၁၅ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

BTV Cup ပြိုင်ပွဲယှဉ်ပြိုင်မည့် ရတနာပုံအသင်းကို နည်းပြချုပ်အဖြစ် ရီနေးက ဆက်လက်ကိုင်တွယ်မည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်းသို့ ပေးထားရသည့် ကစားသမားငါးဦး ပါဝင်နိုင်မည်မဟုတ်ဘဲ လူငယ်ကစားသမားများကို အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။ ရတနာပုံအသင်းသည် ၂၀၁၅ ရာသီ MNL အမှတ်ပေးပြိုင်ပွဲနှင့် ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှီး/ထွက် ဘောလုံးပြိုင်ပွဲတို့တွင် ချန်ပီယံဆုများနှင့် လွဲချော်ခဲ့သော်လည်း ဒုတိယနေရာရရှိခဲ့သည့် အသင်းလည်းဖြစ်သည်။

ဆောင်းပါး

၂၀၁၄ ခုနှစ် နိုဝင်ဘာလအတွင်း နေပြည်တော်၌ကျင်းပခဲ့သည့် (၂၅)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံအစိမ်းရောင်စီးပွားရေးဌာန(ASEAN Institute for Green Economy- AIGE)တစ်ခုကို မြန်မာနိုင်ငံ (ရန်ကုန်မြို့)၌ ဖွင့်လှစ်တည်ထောင်နိုင်မှု တစ်နှစ်ပြည့်အထိမ်းအမှတ် ဂုဏ်ပြုဆောင်းပါး -

# အစိမ်းရောင်ဖွံ့ဖြိုး ပြည့်အကျိုး

ဆောင်းပါး ›› မောင်စိမ်းကြည်




## အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက်

အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုအတွက် အစိုးရအဖွဲ့အစည်းများသာမက ပြည်တွင်းရှိ လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး GEGG (မြန်မာ)အဖြစ် ဖွဲ့စည်းကာ အကျိုးအမြတ်မယူတဲ့ စီးပွားရေး၊ လူမှုရေး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ဦးတည် ဆောင်ရွက်လျက်ရှိပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၃ ရက်နေ့ နေပြည်တော် MICC – 2 ၌ ကျင်းပသည့် စတုတ္ထအကြိမ်မြောက် အစိမ်းရောင်စီးပွားရေး အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှု ဖိုရမ်ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

အစိမ်းရောင်စီးပွားရေးဆိုသည်နှင့် ဟိုဟိုဒီဒီ မတွေးထင်စေချင်။ "အစိမ်းရောင်"သည် လူသားများအားအကျိုးပြုခဲ့သော သဘာဝပတ်ဝန်းကျင်မှ သစ်တောသစ်ပင်များကို ဆိုလိုခြင်းဖြစ်သည်။ "စီးပွားရေး"သည် သဘာဝပတ်ဝန်းကျင်တွင် ရှင်သန်ဖြစ်ထွန်းနေသော သစ်တောသစ်ပင်များကို မထိခိုက်စေဘဲ လုပ်ကိုင်ဆောင်ရွက်ကြသောလုပ်ငန်းများအား ဆိုလိုခြင်းဖြစ်သည်။

တစ်နည်းဆိုလျှင် အစိမ်းရောင်စီးပွားရေးဆိုသည်မှာ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်မှုမရှိနိုင်ဘဲ အများပြည်သူတို့၏ လူမှုစီးပွားရေးဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေသည့်လုပ်ငန်းများကို ဆိုထားခြင်းဖြစ်သည်။ အစိမ်းရောင်စီးပွားရေးလုပ်ငန်းများအား အတိအကျဆိုရလျှင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်၊ ဆောက်လုပ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ရေစီမံခန့်ခွဲရေး၊ အလေအလွင့် စီမံခန့်ခွဲရေးနှင့် မြေစီမံခန့်ခွဲရေးဟူသည့် ကဏ္ဍခြောက်ခုတွင် အခြေခံကာလုပ်ဆောင်သော လုပ်ငန်းများဖြစ်သည်။

ပိုမိုရှင်းလင်းအောင် တင်ပြရမည်ဆိုလျှင် ထုတ်ကုန်လုပ်ငန်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင် ရုပ်ကြွင်းလောင်စာဆီများအစား ရေ၊ လေ၊ နေ စသည့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်များကို သုံးစွဲကြခြင်းနှင့် ဇီဝလောင်စာ၊ ဇီဝဓာတုလောင်စာ၊ သဘာဝဓာတ်ငွေ့တို့ကို သုံးစွဲကြခြင်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းများတွင်လည်း ဓာတုဓာတ်မြေဩဇာ၊ ဓာတုပိုးသတ်ဆေးတို့ကို မသုံးစွဲဘဲ သဘာဝမြေဩဇာတို့ကို သုံးစွဲခြင်းဖြစ်သည်။ ထို့အပြင် သစ်တောပြုန်းတီးမှုမှ အကာအကွယ်ပေးခြင်း၊ မြို့ပြပန်းခြံ ဥယျာဉ်များတည်ဆောက်ခြင်း၊ သဘာဝအခြေခံခရီးသွားလုပ်ငန်းများ ဖော်ဆောင်ခြင်း စသည်တို့သည် အစိမ်းရောင်စီးပွားရေးလုပ်ငန်းများပင် ဖြစ်သည်။

အစိမ်းရောင်စီးပွားရေး၊ အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို လုပ်ကိုင်လာရသည့် အကြောင်းအရင်းကို အများပြည်သူသိရှိကြပြီးဖြစ်မည်။ မျက်မှောက်ကာလတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာစိန်ခေါ်မှုများ၊ သဘာဝနှင့် လူ့ပယောဂကြောင့် ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များမှာ ယခင်ကထက် ပို၍စိပ်လာ၊ ပို၍ပြင်းထန်လာခြင်းတို့သည် အဓိကကျသည့်အကြောင်းအရင်း ဖြစ်သည်။ လူတို့သည် တားမရ၊ ဆီးမရလောဘများဖြင့် သဘာဝသယံဇာတများကို လိုအပ်သည်ထက်ပိုမိုထုတ်ယူသုံးစွဲကြသည်။ ထုတ်ယူပြီး သယံဇာတများကို စျေးကောင်းရရန် အလုအယက်ထုတ်လုပ်ရောင်းချကြသည်။ ထို့ကြောင့် သဘာဝသယံဇာတများမှာ သဘာဝကြောင့်ဖြစ်စေ၊ လူတို့ကြောင့်ဖြစ်စေ ဤကမ္ဘာမြေပေါ်တွင် တစ်စတစ်စလျော့နည်းလာသည်။

အကျိုးဆက်အားဖြင့် မျက်မှောက်ကာလတွင် လူသားများနေထိုင်ရာပတ်ဝန်းကျင်၏ ရေမြေသဘာဝ ရာသီဥတု ပြောင်းလဲလာသည်။ သစ်တောပြုန်းတီးမှုနှင့် လေထုညစ်ညမ်းမှုများမှအစ သဘာဝဝန်းကျင် ယိုယွင်းပျက်စီးနေပြီ။ ကမ္ဘာတစ်ဝန်း၌ လေဘေး၊ ရေဘေး၊ ငလျင်ဘေး စသည့် သဘာဝဘေးအန္တရာယ်များ စဉ်ဆက်မပြတ်ဖြစ်ပေါ်နေသည်။ ရာသီဥတု ဖောက်ပြန်ခြင်းလက္ခဏာတစ်ခုဖြစ်သည့် အယ်လ်နီညို ရာသီဥတုအကျိုးသက်ရောက်မှုကို ယခုနှစ်တွင် ကြုံတွေ့ ခံစားလာရသည်။

နဖူးတွေ့ဒူးတွေ့ ကြုံတွေ့ရသောဒေသများတွင် မိမိတို့နိုင်ငံလည်း ပါဝင်လာသည်။ မိမိတို့ဒေသတွင် မိုးကြီးရေလျှံဖြစ်စဉ်များနှင့် အချိန်ကြာမြင့်စွာ ရင်ဆိုင်ခဲ့ရသည်။ ရေနစ်မြုပ်ခြင်း၊ စည်းစိမ်ဥစ္စာများ ဆုံးရှုံးခြင်း၊ မြေပြိုခြင်း၊ မြေပိခြင်း စသည့်ဘေးဒုက္ခများကို ကြုံတွေ့ခဲ့ရသည်။ အာဆီယံနိုင်ငံများတွင် ဆူမတြာနှင့် ဘောနီယိုကျွန်းဆွယ်သည် အမြဲစိမ်းသစ်တောများဖုံးလွှမ်းနေပြီး ဇီဝမျိုးစုံမျိုးကွဲများ ရှင်သန်ကျက်စားရာ နေရာဒေသဖြစ်သည်။ သို့သော် ထိုကျွန်းဆွယ်ပေါ်မှ အင်ဒိုနီးရှားနိုင်ငံသည် တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် ရင်ဆိုင်နေရသော ကမောက်ကမရာသီဥတုကိုဖြစ်စေသည့် အယ်လ်နီညိုဖြစ်စဉ်ကို တိုက်ရိုက်ထိခိုက်ကြုံတွေ့နေရသည်။ ထိုသို့ကြုံတွေ့ရသောကြောင့် ပူပြင်းခြောက်သွေ့သည့် သဘာဝဘေးဒဏ်ကို ရက်ရှည်လများ ခံစားနေရသည်။

အင်ဒိုနီးရှားနိုင်ငံတွင် စီရင်စု ၃၄ ခုရှိသည့်အနက် စီရင်စု ၂၀ တွင် မိုးခေါင်မှုဒဏ်ကို ဆိုးဆိုးရွားရွားကြုံတွေ့နေရသည်။ ပူပြင်းခြောက်သွေ့မှုကာလ ရှည်ကြာလာသော



အခါ တောမီးလောင်မှုများဖြစ်ပေါ်လာသည်။ ထိုကျွန်းပေါ်တွင် ဥပဒေမဲ့ တောခုတ်၊ မီးရှို့ခြင်းမှ တောမီးလောင်ခြင်းဖြစ်သည်ဟု ဆိုထားသည်။ အင်ဒိုနီးရှားသမိုင်းတွင် အဆိုးရွားဆုံးတောမီးလောင်မှုဖြစ်သည်။ အစိုးရနှင့် ပြည်သူတို့ စီးပွားရေးသာမက လူမှုရေးပါ ဆုံးရှုံးနစ်နာမှုဖြစ်ကြရသည်။ မျက်မှောက်ကာလတွင် အင်ဒိုနီးရှားနိုင်ငံသာမက ကမ္ဘာပေါ်ရှိနိုင်ငံအများစုတွင် သစ်တောပြုန်းတီးမှုပြဿနာများနှင့်ရင်ဆိုင်ကြုံတွေ့နေရသည်။ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လာမှု၊ မြို့ပြဒေသများ တိုးချဲ့ထူထောင်လာမှု၊ လမ်းပန်းဆက်သွယ်ရေးနှင့် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးလာမှုတို့၏ နောက်ဆက်တွဲအကျိုးဆက်အနေဖြင့် သစ်တောများပြုန်းတီးလာခြင်းဖြစ်သည်။ သစ်တောများပြုန်းတီးလာသောအခါ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ပိုများလာသည်။ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့ ကမ္ဘာ့လေထုအတွင်း ဖုံးလွှမ်းလာသောအခါ လူတို့ကျန်းမာရေးကို ထိခိုက်စေရုံသာမက ကမောက်ကမ ရာသီဥတုဖြစ်စဉ်ကိုပါ ဖြစ်ပေါ်လာနိုင်သည်။ အယ်လ်နီညို၊ လာနီညာကဲ့သို့သော ကမောက်ကမရာသီဥတုဖြစ်စဉ်များ ပေါ်ပေါက်လာသောအခါ ကမ္ဘာ့နိုင်ငံအများတွင် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ကြုံတွေ့လာရသည်။

ဤသို့သော ဖြစ်စဉ်ဖြစ်ရပ်များကြောင့် သဘာဝဘေးအန္တရာယ်ကို လျှော့ချနိုင်ရေး နိုင်ငံအများ ကြံစည်ကြိုးစားလာကြသည်။ ကနဦးဆောင်ရွက်ချက်အဖြစ် ၁၉၉၂ ခုနှစ် ဇွန်လတွင် ဘရာဇီးနိုင်ငံ၊ ရီယိုဒီဂျနေရိုမြို့၌ ကျင်းပသော "ကမ္ဘာမြေ ထိပ်သီးညီလာခံ"မှ အစပြုခဲ့သည်။ စီးပွားရေးနှင့်လူမှုရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပတ်ဝန်းကျင် ထိန်းသိမ်းရေးသည် အဓိကမဏ္ဍိုင်ဖြစ်ကြောင်း ထည့်သွင်းဆွေးနွေးခဲ့ကြပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကိုပါ ပေါင်းစပ်ထည့်သွင်းဆောင်ရွက်ရန် နိုင်ငံခေါင်းဆောင်များက ကတိပြုခဲ့ကြသည်။ ထိုသို့ ကတိပြုခဲ့ကြပြီးနောက် ဆယ်စုနှစ် နှစ်ခုအကြာ ၂၀၁၂ ခုနှစ် ဇွန်လတွင် အထက်ပါ မြို့ကြီး၌ပင် နိုင်ငံပေါင်း ၁၉၁ နိုင်ငံ တစ်ကမ္ဘာလုံးနီးပါးမှ နိုင်ငံအကြီးအကဲ ၇၉ ဦး၊ ကိုယ်စားလှယ် ၄၄၀၀၀ တက်ရောက်ကာ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ပတ်ဝန်းကျင်ကို ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် "အစိမ်းရောင်စီးပွားရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး"ကို ဆွေးနွေးခဲ့ကြသည်။ ဖွံ့ဖြိုးရေး အတွက် အဖွဲ့အစည်းဆိုင်ရာ မူဘောင်ကိစ္စရပ်များကို အထောက်အကူပြုနိုင်ရန် ဆက်လက်အကောင် အထည်ဖော်ဆောင်ရွက်ရမည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

အဆိုပါ အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်(AEGG Forum) အမျိုးသားအဆင့် ဖိုရမ်ကြီး ကို ရီယိုဒီဂျနေရိုမြို့၌ မကျင်းပမီ မြန်မာနိုင်ငံတွင် ၂၀၁၁ ခုနှစ် နိုဝင်ဘာလက ပထမအကြိမ်အစိမ်းရောင်စီးပွားရေးနှင့်အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် (Green Economy Green Growth Forum (GEGG)(မြန်မာ) ကိုကျင်းပနိုင်ခဲ့သည်မှာ ဂုဏ်ယူဖွယ်ဖြစ်သလို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုတက်ရေးအတွက် တက်ကြွစွာဆောင်ရွက်နိုင်မှုကို တွေ့ရပါသည်။ ဆက်လက်၍လည်း အစိမ်းရောင်စီးပွားရေးနှင့် အစိမ်းရောင်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်များကို နှစ်စဉ်ကျင်းပလာခဲ့ရာ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလတွင် စတုတ္ထအကြိမ်မြောက်ကျင်းပနိုင်ခဲ့ပါသည်။

အစိမ်းရောင်စီးပွားရေးနှင့်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးညီလာခံကြီးမှ မျှော်မှန်းထားသည့် ရလဒ်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် မြန်မာနိုင်ငံတွင်လည်း တာဝန်ရှိသည်ဟု ခံယူထားသည်ကိုတွေ့ရသည်။ တိုးပွားလာသော လူဦးရေနှင့်လိုက်လျောညီထွေမှုရှိစေရန် အခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် လူမှုစီးပွားဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် ပြည်သူများ၊ လုပ်ငန်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေသောအားနည်းချက်များ ရှိခဲ့သည်မှာ အမှန်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ပြုပြင်ပြောင်းလဲမှုများကို ကဏ္ဍအလိုက် ပွင့်လင်းမြင်သာစွာဖြင့် အကောင်အထည်ဖော်ခဲ့ရာတွင် ထိုအချက်များကို အတတ်နိုင်ဆုံး ပြုပြင်နိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးရည်မှန်းချက်ကို ဦးတည်ဆောင်ရွက်ရေး အကောင်အထည်ဖော်နိုင်ရန်အတွက် ပတ်ဝန်းကျင်မပျက်စီးစေရေး ထိန်းသိမ်းခြင်း (Environmental Conservation)ကို ထည့်သွင်းဆောင်ရွက်ကြရန်၊ ယခုမျိုးဆက်အတွက်သာမက နောင်မျိုးဆက်အတွက်ပါ စဉ်ဆက်မပြတ်ဖွံ့ဖြိုးနိုင်ရေး (Sustainable Development)ဖြစ်စေရန် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ ကတိကဝတ်များကို မျှော်လင့်မနေဘဲ မိမိအစွမ်းအစများဖြင့်သာ ဆောင်ရွက်သွားကြရန် တို့ကို ချမှတ်ထားသည်။ မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရများက မိမိနှင့်သက်ဆိုင်သည့် ကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ကြရာတွင် အထက်ပါအချက်များကို မဖြစ်မနေအကောင်အထည်ပေါ်လာစေရန် တိုက်တွန်းထားသည်။

ယခုအခါ ယိုယွင်းပျက်စီးနေသည့် သဘာဝပတ်ဝန်းကျင်ကို ပြုပြင်နိုင်ရန်အတွက် တီထွင်ကြံဆနည်းလမ်းရှာဖွေကြရာတွင် အစိမ်းရောင်စီးပွားရေးလမ်းစကို တွေ့မြင်ကြပြီဖြစ်သည်။ ကမ္ဘာတစ်ဝန်း၌ အရှိန်အဟုန်မြှင့်လုပ်ကိုင်နေကြပြီဖြစ်သလို မြန်မာနိုင်ငံသည်လည်း နိုင်ငံတကာ၏ပူးပေါင်းကူညီမှုဖြင့် ပါဝင်လာပြီဟု ဆိုနိုင်သည်။ အချို့နိုင်ငံများတွင် အစိမ်းရောင်နည်းပညာဖြင့် စီးပွားရေးလုပ်ငန်းအတော်များများ၌ ဖွံ့ဖြိုးနေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ပြည်ပနိုင်ငံများနှင့် စီးပွားရေးအရ ကူးလူးဆက်ဆံမှုအများအပြား ရှိလာပြီဖြစ်၍ အစိမ်းရောင်စီးပွားရေးမှတစ်ဆင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရရှိရန် ရှေးရှုဆောင်ရွက်သွားရန် အားထုတ်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၌ အစိမ်းရောင်စီးပွားရေးလုပ်ကိုင်ရန် အခြေခံကောင်းများစွာ တည်ရှိနေပြီး အခြေအနေကောင်းများလည်း ဖြစ်တည်လျက်ရှိရာ စီးပွားရေးလုပ်ငန်းရှင်များ၊ ပြည်သူအများ၏ ညီညွတ်သော ကြိုးပမ်းအားထုတ်မှုစွမ်းအားဖြင့် အစိမ်းရောင်စီးပွားရေးသို့ တက်လှမ်းကြရန်ကြိုးပမ်းရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။ ။

ပြည်တွင်းရေးရာ

# ပြည်သူလူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းဆောင်ရွက်



**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ နာယက၊ ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် တာဝန်ရှိသူများလိုက်ပါလျက် အောက်တိုဘာ ၃၁ ရက်တွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သဲကြီးကုန်းကျေးရွာအုပ်စု ရှားတောကျေးရွာတွင် ရွေ့လျားကျန်းမာရေးဆေးခန်းကို ဆောင်ရွက်ခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သဇင်နွယ်က အမှာစကားပြောကြားပြီး ဒေါက်တာခိုင်နွယ်ဟန်က ရာသီအလိုက်ဖြစ်ပွားတတ်သောရောဂါများဖြစ်သည့် သွေးလွန်တုပ်ကွေးရောဂါအကြောင်းနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းကို အသိပညာပေးပြောကြားခဲ့သည်။

ထို့နောက် အဘိုးအဘွားများအတွက် အားဆေးနှင့် အာဟာရများကိုလည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များအတွက် တစ်ခါသုံးမွေးအိတ်၊ အိုင်အိုဒင်းဆားနှင့် ဆပ်ပြာများကိုလည်းကောင်း၊ ကျေးရွာစာကြည့်တိုက်အတွက် မေတ္တာစမ်းရေမဂ္ဂဇင်းများကိုလည်းကောင်း လှူဒါန်းခဲ့သည်။

ဆက်လက်၍ မေတ္တာစမ်းရေဆေးခန်းတာဝန်ခံဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်နှင့်အဖွဲ့က ရွေ့လျားကျန်းမာရေးဆေးခန်းဖွင့်လှစ်ရခြင်းနှင့် ကိုယ်ဝန်ဆောင်စနစ်တကျစောင့်ရှောက်မှုခံယူရန် အရေးပါမှု၊ ကျွမ်းကျင်သူများဖြင့် မွေးဖွားရန်အကြောင်းကို လည်းကောင်း ကျန်းမာရေးအသိပညာပေးဟောပြောခဲ့ပြီး အသင်းဥက္ကဋ္ဌနှင့် ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ကျန်းမာပညာဌာန)မှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ကျေးရွာအတွင်းရှိ လူငယ်များကို ပျို့ရွယ်သူကျန်းမာရေးအသိပညာပေးဆွေးနွေးခြင်းများနှင့် လူကုန်ကူးခြင်းဆိုင်ရာ သိကောင်းစရာများကို ဟောပြောသည်။ ကိုယ်ဝန်ဆောင် ၁၇ ဦး၊ သက်ကြီးဘိုးဘွား ၇၈ ဦး၊ မျက်စိလူနာ ၅၄ ဦး၊ သွားနှင့်ခံတွင်းလူနာ ၁၇ ဦးနှင့် အထွေထွေလူနာ ၁၀၃ ဦးတို့ကို ကြည့်ရှုစစ်ဆေးကုသပေးခဲ့ပြီး ညွှန်းပို့ရန်လိုအပ်သောလူနာများကို နီးစပ်ရာ ကျန်းမာရေးဌာနသို့ ညွှန်းပို့ခြင်းနှင့် ချို့တဲ့လူနာများကို ထောက်ပံ့ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၂**

၂၀၁၅ ခုနှစ် ဇွန်မှ ဩဂုတ်လအတွင်း မြန်မာနိုင်ငံအနှံ့ ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေ ပေးအပ်လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၂၉ ရက်တွင် ပြင်သစ်နိုင်ငံ ဘာလင်မြို့ Deutsche Bank က အမေရိကန်ဒေါ်လာ ၄၅၅၀ ဒသမ ၇၆၊ အောက်တိုဘာ ၃၀ ရက်တွင် Consulated General of the Republic of The Union of Myanmar in Nannin က အမေရိကန်ဒေါ်လာ ၁၅၄၃၄ ဒသမ ၂၀ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၉၉၈၄ ဒသမ ၉၆ ကို နိုင်ငံခြားအလှူငွေစာရင်းအမှတ် (1DA-0300086)သို့ တိုက်ရိုက်ထည့်သွင်းလှူဒါန်းခဲ့သည်။

ထို့အတူ အောက်တိုဘာ ၂၉ ရက်တွင် ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဖခင်ကြီး ဦးသိန်းမောင်-မိခင်ကြီးဒေါ်ဒေါ်ပြိုင်တို့အားရည်စူး၍ သိန်း+ပြိုင်မိသားစုဝင် ဗိုလ်မှူးဒေါ်ခင်လှသီ(ငြိမ်း)ဦးဆောင်သော သားသမီးမြေးမြစ်တစ်စုက အိမ်တစ်လုံးစာအတွက် အလှူငွေကျပ် ၄၄၄၀၀၀၀၊ ရန်ကုန်တက္ကသိုလ်အင်းလျားဆောင် ကျောင်းသူဟောင်းများက မြန်မာနိုင်ငံအတွင်း ရေဘေးအတွက်အလှူငွေကျပ် ၅၀၀၀၀၀၊ တပ်မတော်(ကြည်း၊ရေ၊လေ)အမျိုးသမီးစစ်မှုထမ်းဟောင်းများက ကယားပြည်နယ် ဖားဆောင်းမြို့နယ် မြေပြိုဘေးအတွက် အလှူငွေကျပ် ၅၀၀၀၀၀ နှင့် ဦးမင်းနိုင်-ဒေါ်လှလှမြင့် (My Hotel)က အလှူငွေကျပ် ၁၀၀၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့သည်။

အောက်တိုဘာ ၃၀ ရက်တွင် မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး၌ ဦးမြတ်ဝင်း-ဒေါ်ခင်မာလွင်မိသားစု ပုသိမ်ကြီးမြို့က အလှူငွေကျပ် ၁၀၀၀၀၀ ကို ပေးအပ်လှူဒါန်းသည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ အလှူရရှိငွေ စုစုပေါင်းမှာ ၈၁၀၅၈၁၈၉၆၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၃၉၀၄၃၃ ဒသမ ၆၉၊ ယွမ် ၅၀၀၀၀၊ ဂျပန်ယန်း ၁၈၀၄၀ ဖြစ်သည်။ အဆိုပါ လက်ခံရရှိသော အလှူငွေများကို ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

---

# ကိုရီးယားသမ္မတနိုင်ငံတွင် ကျင်းပမည့် (၂၅)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ညီလာခံတက်ရောက်ရန် မြန်မာနိုင်ငံကင်းထောက်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂**

ကိုရီးယားသမ္မတနိုင်ငံတွင် နိုဝင်ဘာ ၃ ရက်မှ ၈ ရက်အထိကျင်းပမည့် (၂၅)ကြိမ်မြောက် အာရှ- ပစိဖိတ် ဒေသဆိုင်ရာ ကင်းထောက်ညီလာခံ(25th Asia -Pacific Regional Scout Conference )တက်ရောက်ရန် မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ညို၊ အတွင်းရေးမှူး ဦးမောင်မောင်ဝင်းနှင့် တွဲဖက်အတွင်းရေးမှူး ဦးအေးကြိုင်တို့သည် နိုဝင်ဘာ ၁ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကိုရီးယားသမ္မတနိုင်ငံသို့ ထွက်ခွာသွားရာ မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဝင်များနှင့် မိသားစုများက ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာနိုင်ငံ ကင်းထောက်ကော်မတီဥက္ကဋ္ဌ ဒေါက်တာတင်ညိုနှင့်အဖွဲ့သည် (၂၅)ကြိမ်မြောက် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်ညီလာခံ(25th Asia-Pacific Regional Scout Conference)တွင် မြန်မာနိုင်ငံအား ကမ္ဘာ့ကင်းထောက်အဖွဲ့ဝင်နိုင်ငံအဖြစ် အသိအမှတ်ပြုရေး အပါအဝင် မြန်မာနိုင်ငံကင်းထောက်အဖွဲ့၏ လက်ရှိဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

**(ကိုလတ်-သတင်းစဉ်)**

---

# အထူးရဲလုပ်ငန်းခွင်ဝင်သင်တန်းဆင်း

**ကျောက်တန်း နိုဝင်ဘာ ၂**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့ အထူးရဲလုပ်ငန်းခွင်ဝင်သင်တန်းဆင်းပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက ကျောက်တန်းမြို့မရဲစခန်း အစည်းအဝေးခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် ကျောက်တန်းမြို့ အထွေထွေအုပ်ချုပ်ရေးမှူး ဦးဇော်မင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး ကျောက်တန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမင်းစိုးက လုပ်ငန်းစဉ်များကို ဆွေးနွေးမှာကြား၍ မြို့မိမြို့ဖ ဦးညဏ်ဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အစည်းအဝေးသို့ တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကြည်လွင်၊ ကျောက်တန်းမြို့မရဲစခန်းမှူး ရဲမှူးတင်ထွေး၊ မီးသတ်ဦးစီးမှူး ဦးထွန်းလင်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများနှင့် မြို့မိမြို့ဖများ တက်ရောက်ခဲ့ကြသည်။

သင်တန်းကာလမှာ အောက်တိုဘာ ၂၀ ရက်မှ ၃၁ ရက်ထိဖြစ်ပြီး သင်တန်းသား ၉၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်ဆွေ(ရွှေတံတား)**

---



# ရေကြီးရေလျှံခဲ့သောဒေသများ၌ မြွေအန္တရာယ်ကာကွယ်ရန် လည်ရှည်ဖိနပ်များအသုံးပြုမှုများလာ

**ကောလင်း နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေကြီးရေလျှံခဲ့သော ကောလင်း၊ ဝန်းသို၊ ကွန်းလှ၊ ကန့်ဘလူမြို့နယ်များ၌ ရေကြီးရေလျှံမှုကြောင့် မြွေဆိုးများပေါ်များလာပြီး တောင်သူများအနေဖြင့် စပါးရိတ်သိမ်းချိန်တွင် မြွေအန္တရာယ်ကာကွယ်နိုင်ရန်အတွက် လည်ရှည်ဖိနပ်များ အသုံးပြုမှုများပြားလာသည်။

လည်ရှည်ဖိနပ်တစ်ရန်လျှင် ကျပ် ၂၇၀၀ နှင့် ကျပ် ၃၅၀၀ နှစ်မျိုးရှိသည်။ တောင်သူများအနေဖြင့် မြွေအန္တရာယ်ကာကွယ်နိုင်ရန် လည်ရှည်ဖိနပ်များကို တစ်နှစ်သာအသုံးပြုကြရန် လိုအပ်သည်။ လည်ရှည်ဖိနပ်များသည် အသုံးပြုမှုသက်တမ်းကြာလာပါက ကွဲပေါက်ဆွေးမြည့်လာ၍ မြွေအန္တရာယ်ကို ကာကွယ်နိုင်မှုမရှိသောကြောင့်ဖြစ်သည်။ ယခုအခါ လယ်ယာလုပ်ငန်းခွင်လုပ်ကိုင်သူတိုင်း လည်ရှည်ဖိနပ်များကို မဖြစ်မနေအသုံးပြုလုပ်ကိုင်ဆောင်ရွက်ရန် လိုအပ်ကြောင်း ကောလင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနက အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ အကယ်၍ မြွေကိုက်ခံရပါက စိုးရိမ်ပြီးပြေးလွှားခုန်ပေါက်ခြင်းမပြုဘဲ ကိုက်သည့်နေရာတွင် ထိုင်၍ လှုပ်ရှားမှု နည်းနိုင်သမျှနည်းစေပြီး ကိုက်သည့်အစိတ်အပိုင်းပေါ်တွင် ကြိုးကိုတင်းကျပ်စွာ စည်းထားခြင်းမပြုလုပ်ရန်နှင့် စောနိုင်သမျှစောစွာ နီးစပ်ရာဆေးရုံဆေးခန်းများတွင် အမြန်ဆုံးဆေးကုသမှုခံယူရန်လိုအပ်ကြောင်း မြို့နယ်ဆရာဝန်ကြီး ဒေါက်တာခင်မောင်သန်းက ပြောကြားသည်။

**ကိုကိုမောင်(ကောလင်း)**

---

# တီဘီရောဂါကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြော

**ညောင်တုန်း နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ညောင်တုန်းမြို့တွင် ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၏ ဦးဆောင်မှုဖြင့် တီဘီရောဂါကြိုတင်ကာကွယ်ရေးကျန်းမာရေးအသိပညာပေးဟောပြောပွဲနှင့် တီဘီရောဂါဝေဒနာရှင်များအားထောက်ပံ့လှူဒါန်းခြင်းအခမ်းအနားကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစိုးစိုးအေးနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ချိုဇင်သန့်တို့က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာန လက်ထောက်ဆရာဝန် ဒေါက်တာရဲမင်းသွေးက တီဘီရောဂါကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားရာတွင် တီဘီရောဂါသည် ဘက်တီးရီးယားပိုးကြောင့်ဖြစ်၍ အသက်ရှူလမ်းကြောင်းမှတစ်ဆင့် ကူးစက်ခြင်းဖြစ်ပြီး များသောအားဖြင့် အသက်ကြီးသူများ၊ နာတာရှည်ရောဂါသည်များ၊ အရက်သေစာသောက်စားသူများနှင့် ခုခံအားကျရောဂါရှိသူများတွင် အဖြစ်များကြောင်း၊ အဆိုပါရောဂါ၏ အဓိကလက္ခဏာသည် ချောင်းဆိုးခြင်း ရက်သတ္တနှစ်ပတ်အထက်ဖြစ်၍ နာတာရှည်ဖျားနာခြင်းနှင့် အစားအသောက်ပျက်ခြင်း၊ ကိုယ်ခန္ဓာပိန်လှီနေခြင်းစသည့် ရောဂါလက္ခဏာမျိုးတွေ့ရှိပါက နီးစပ်ရာ ကျန်းမာရေးဝန်ထမ်း၊ ဆေးခန်းများနှင့် ဆေးရုံများသို့ အမြန်ဆုံးပြသ၍ ကုသကြရန်လိုအပ်ကြောင်း၊ တီဘီရောဂါသည် ဆေးကုသ၍ ပျောက်ကင်းသောရောဂါဖြစ်၍ ခြောက်လမှတစ်နှစ်အထိ ဆေးကုသရန်လိုအပ်ကြောင်းတို့ကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တီဘီရောဂါဝေဒနာရှင်များအား ခရိုင်/မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းစိုးစိုးအေးနှင့် ဒေါ်ချိုဇင်သန့်တို့က ငွေကျပ် ၂၁၅၀၀၀ ကျော်တန်ဖိုးရှိ ဆေးဝါးများ၊ စားသောက်ဖွယ်ရာများကို တစ်ဦးချင်း ထောက်ပံ့ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**(၀၇၆)**

# “စာမဖတ်တဲ့နိုင်ငံတွေ နောက်ကောက်ကျကျန်ခဲ့တယ်။ စာများများဖတ်ကြပါလို့ တိုက်တွန်းချင်ပါတယ်”

ဆရာဟိန်းလတ်

**ပြန်ကြားရေးဝန်ကြီးဌာန အမျိုးသားစာပေဆုစိစစ်ရွေးချယ်ရေးကော်မတီက ၂၀၁၄ ခုနှစ်အတွင်း အမျိုးသားစာပေဆုရွေးချယ်ချီးမြှင့်ခြင်းခံရသည့် စာရေးဆရာကြီး၊ စာရေးဆရာမကြီးများအနက်မှ သုတပဒေသာ(ဝိဇ္ဇာဘာသာရပ်) စာပေဆုရ “လယ်ယာမြေသက္ကရာဇ်တွေထဲက သမိုင်း”(သမိုင်းသုတေသနဦးစီးဌာန)စာအုပ်ရေးသားသည့် ဒေါက်တာတိုးလှ၊ ဘာသာပြန်(ရသ)စာပေဆုရ “ကျွန်မ မာလာလာ”(အလင်္ကာဝတ်ရည်စာပေ)စာအုပ်ရေးသားသည့် ဆရာဟိန်းလတ်နှင့် ဝတ္ထုရှည်စာပေဆုရ “မြောက်ဖျားက အလွမ်းရာသီ”(ကံ့ကော်ဝတ်ရည်စာပေ)ရေးသားသည့် ဆရာမ စံပယ်ဖြူနုတို့အား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။**

**ဒေါက်တာတိုးလှ**

ကျွန်တော် “လယ်ယာမြေသက္ကရာဇ်တွေထဲက သမိုင်း”စာအုပ်နဲ့ အမျိုးသားစာပေဆုရတာ အလွန်ဝမ်းသာ ပီတိဖြစ်မိပါတယ်။ ၂၀၁၄ ခုနှစ်က “ကုန်းဘောင်ခေတ်လူမှုစီးပွားဘဝ” စာအုပ်နဲ့ အမျိုးသားစာပေဆုရဖူးပါတယ်။ အဲဒီ ပထမအကြိမ်က ခုလောက်မခံစားရဘူး။ ဒီတစ်ခါတော့ ဝမ်းသာပီတိဖြစ်မှုက အလွန်ခံစားရတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီစာအုပ်ဖြစ်လာဖို့ကို အချက်အလက်တွေ အနှစ် ၄၀ ကျော်လောက်စုဆောင်းခဲ့ရတာ။ သုတေသနစာတမ်းတွေက ဘယ်လောက်အရေးပါလဲ၊ ဘယ်လောက်အထောက်အထားတွေဖြစ်လဲဆိုတာ စံနမူနာတစ်ခုအနေနဲ့ ထားခဲ့ဖို့အတွက် ရည်ရွယ်ပြီး ရေးသားခဲ့တာပါ။ မြန်မာ့ဘုရင်တွေ အစဉ်အဆက်လက်ထက်ကတည်းက ငွေကြေးသုံးစွဲပုံ၊ ကောက်ပဲသီးနှံ၊ အဝတ်အထည်၊ မြေယာ၊ ကျွဲ၊ နွားစတဲ့ ခေတ်ကအခြေအနေတွေ၊ ထိုခေတ်ထိုအခါ ပြည်တွင်း ပြည်ပမှ သင်္ဘောသားတွေ၊ သူကြီးတွေ ငွေကြေးသုံးစွဲတွက်ချက်ပုံ အသေးစိတ်ကို ဒီစာအုပ်မှာ ဖော်ပြနိုင်ခဲ့တယ်။ ကျွန်တော်နိုင်ငံခြားမှာ ဒေါက်တာဘွဲ့ယူစဉ်က ရှေးခေတ်က ငွေချေးစာချုပ်



ဒေါက်တာတိုးလှ

စာတမ်း ၁၅၀၀ လောက်ယူခဲ့တာ။ အခုစာအုပ်မှာကျတော့ ငွေချေးစာချုပ် ၅၀၀၀ ကျော်လောက်စုဆောင်းပြီး ရေးဖြစ်ခဲ့တယ်။ ဒီစာအုပ်ရေးဖြစ်ဖို့ အကြမ်းအားဖြင့် ပြောရရင် ၁၉၆၆ ခုနှစ်ကတည်းက တစိုက်မတ်မတ် တစ်နိုင်ငံလုံးအနှံ့သွားလာပြီး စာချုပ်စာတမ်းတွေ မေးမြန်း၊ ကူးယူ၊ ဝယ်ယူ စုဆောင်းပြီး ပြီးမြောက်အောင်ရေးနိုင်ခဲ့လို့ ဝမ်းသာနေချိန်မှာ ခုလို အမျိုးသားစာပေဆုရလို့ အတိုင်းမသိပါပဲ။

**ဆရာဟိန်းလတ်**

“ကျွန်တော် အမျိုးသားစာပေဆုရတာ ဒါနဲ့ဆို ဒုတိယအကြိမ်ပါ။ ပထမအကြိမ်ရတာတော့ “တတိယကမ္ဘာမှ ပထမကမ္ဘာသို့” စာအုပ်က ဘာသာပြန်(သုတ)နဲ့ ရတာပါ။ အခု “ကျွန်မ မာလာလာ”စာအုပ်ကျတော့ ဘာသာပြန်(ရသ)နဲ့ရတာ။ ဒီစာအုပ်နဲ့ပဲ ၂၀၁၄ ခုနှစ် ကျောင်းသားခေါင်းဆောင် ဘုန်းမော်ဆု ရခဲ့ပါတယ်။ ဆုရတာနဲ့ ပတ်သက်လို့ ပြောရရင်တော့ ဘယ်စာရေးဆရာပဲဖြစ်ဖြစ် ဆုရဖို့ ရည်ရွယ်ပြီး ရေးကြတာ မဟုတ်ပါဘူး။ ဒါပေမယ့် ကျွန်တော်တို့နိုင်ငံရဲ့ စာပေနှင့် ပတ်သက်ရင် အမြင့်ဆုံးစာပေဆုလို့ ပြောလို့ရတဲ့ အမျိုးသားစာပေဆုကိုတော့ ဝမ်းသာ ပီတိဖြစ်မိပါတယ်။

ကျွန်တော်တစ်ခုပြောချင်တာက ၁၉၇၂ ခုနှစ်က မြန်မာနိုင်ငံမှာ သန်း ၂၀ လောက်သာရှိတဲ့အချိန်မှာ ဥပမာအားဖြင့် တက္ကသိုလ်ဘုန်းနိုင် အစရှိတဲ့ စာရေးဆရာတွေရဲ့ စာအုပ်က နှစ်သောင်းကျော်လောက် ရောင်းရတယ်။ အခု မြန်မာနိုင်ငံမှာ သန်း ၅၀ ကျော်ရှိပြီး စာအုပ်တစ်အုပ်ထုတ်ရင် ထောင်ကျော် ရောင်းရဖို့တောင် အနိုင်နိုင်ဖြစ်နေတယ်။ ဆိုချင်တာက ကမ္ဘာမှာ စာဖတ်တဲ့နိုင်ငံတွေက ထိပ်ဆုံးမှာ အမြဲရောက်နေတယ်။ စာမဖတ်တဲ့နိုင်ငံတွေ နောက်ကောက်



ဆရာဟိန်းလတ်

ကျကျန်ခဲ့တယ်။ စာများများ ဖတ်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ဖေ့စ်ဘွတ်ခ်၊ အင်တာနက်တွေအတွက် အချိန်ကုန်နေမယ့်အစား စာဖတ်ချိန်နဲ့ အစားထိုးကြပါလို့ပြောချင်ပါတယ်။ ကျွန်တော်က ရသ၊ သုတစာပေတွေ မပြတ်ရေးနေပါတယ်။ “စင်ကာပူနှစ်ငါးဆယ်ပြည့် အထိမ်းအမှတ်” စာအုပ်လည်း မကြာမီထွက်ပါလိမ့်မယ်။ သယံဇာတဘာမှမရှိတဲ့ နိုင်ငံက ချမ်းသာလာတာနဲ့ ပတ်သက်လို့ ကျွန်တော်တို့နိုင်ငံ အတုယူစရာလေးတွေကို ကိုယ်တွေ့အတွေ့အကြုံနှင့် စာအုပ်တွေပေါင်းပြီး ရေးထားပါတယ်။ ကျွန်တော်နောက်ဆုံးပြောချင်တာကတော့ အရင်က အမျိုးသားစာပေဆုကို ပြန်ကြားရေးဝန်ကြီးဌာနက ကိုင်ခဲ့တာ အခု နှစ်နှစ်လောက်ရှိပြီထင်တယ်။ စာပေပညာရှင်ကြီးတွေ ရွေးတယ်။ ဒါကြောင့် ဒီဆုတွေက ဘက်လိုက်မှုကင်းပြီး မှန်မှန်ကန်ကန်ရွေးချယ်နိုင်တယ်လို့ ယူဆပါတယ်။

**ဆရာမ စံပယ်ဖြူနု**

“ကျွန်မစာပေဆုရမယ်လို့တောင် မမျှော်မှန်းထားပါဘူး။ ဒီစာအုပ်က ကျွန်မရဲ့ ပထမဆုံးဝတ္ထုစာအုပ်ပါ။ စာရေးတော့ ဇာတ်အိမ်၊ ဇာတ်ကောင်တွေအဆင်သင့် တွေးထားတာ မရှိသေးဘူး။ ဒီစာအုပ်ကို ဇာတိမြေဖြစ်တဲ့ ကချင်ပြည်နယ်ကို နောက်ခံထားရေးမယ်ဆိုပြီး ကချင်ပြည်နယ်ကို သွားတယ်။ ဟိုရောက်တော့ ဒုက္ခသည်စခန်းတွေလေ့လာတယ်။ သူတို့ရဲ့ ဘဝတွေလေ့လာပြီး ဝတ္ထုရဲ့အပိုင်းတစ်နှင့် အပိုင်းနှစ်ကို ဇာတိမြေမှာ ရေးဖြစ်ပြီး အပိုင်းသုံးကိုတော့ ရန်ကုန်မှာ ရေးဖြစ်ပါတယ်။ ဒီစာအုပ်ရေးတဲ့အချိန်မှာ စိုးရိမ်စိတ်တော့ဖြစ်မိတယ်။ ထုတ်ပေးမယ့်သူရှိပါ့မလား။ ဖတ်တဲ့သူကော ရှိပါ့မလားပေါ့။ စာအုပ်ထုတ်ပြီးတော့ စာဖတ်သူတွေရဲ့ အသံပြန်ကြားရတော့ ဒီလောက်ဆိုရင် ကျေနပ်ပါတယ်ဆိုပြီး ပီတိဖြစ်ခဲ့တာ။



ဆရာမ စံပယ်ဖြူနု

အခုလို ဆုရတယ်လို့ကြားတော့ မယုံနိုင်ဖြစ်ခဲ့တယ်။ ကိုယ်တိုင်သတင်းစာမှာတွေ့မှ ယုံခဲ့တာ။ အခုဆုရတဲ့ စာအုပ်နဲ့ဆို စုစုပေါင်းဝတ္ထုသုံးအုပ် ထုတ်ထားပါတယ်။

“မြောက်ဖျားက အလွမ်းရာသီ”၊ “ခေတ်ရယ် အချစ်ရယ်”၊ “ရှေးရှေးတုန်းက ကံ့ကော်ပွင့်တွေရယ်ပါ”။ စာစရေးဖြစ်တာက ၂၀၀၆ ခုနှစ်ကပါ။ အဲဒီတုန်းက ဝတ္ထုတိုပဲရေးဖြစ်တာပါ။ ၂၀၁၃ ခုနှစ်ကစပြီး ဝတ္ထုရှည်စရေးဖြစ်တာပါ” ဟု ပြောကြားခဲ့သည်။

**သတင်း-ကိုသက်(ဗိုလ်တထောင်)**
**ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# နေပြည်တော်ဇုန် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့်ဖွင့်လှစ်သော ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများဆင်းပွဲ ကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၂**

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိ ဟိုတယ်ဇုန်ရှိ the Hotel Royal ACE ၌ ကျင်းပသည့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှုကြီးကြပ်၍ နေပြည်တော်ဇုန် ဟိုတယ်လုပ်ငန်းရှင်များအသင်း၏စီစဉ်မှုဖြင့် ဖွင့်လှစ်သည့် ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများ ဆင်းပွဲ အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာ၌ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာသင်တန်းများအား နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဖွင့်လှစ်လျက်ရှိပါကြောင်း၊ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ရန်လိုအပ်လျက်ရှိပြီး အထူးသဖြင့် တိုးချဲ့ ဖွင့်လှစ်လျက်ရှိသော ဟိုတယ်များအတွက် စနစ်တကျကျွမ်းကျင်တတ်မြောက်သော ဝန်ထမ်းများလိုအပ်၍ ယခုကဲ့သို့ သင်တန်းများဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း၊ သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းမှသင်ကြားပေးသော သင်ခန်းစာများကို လက်တွေ့လုပ်ငန်းခွင်၌ အကျိုးရှိစွာ ပြန်လည်အသုံးချတတ်ရန် လိုအပ်ပါကြောင်း၊ စာတွေ့သာမက လက်တွေ့နယ်ပယ်တွင်လည်း ဆက်လက်လေ့လာကြိုးစားကြရန် လိုအပ်ပါကြောင်း၊ မိမိတို့နှင့်ဆက်စပ်သော ဗဟုသုတအတတ်ပညာရပ်များကို အင်တာနက်မှတစ်ဆင့် ဆက်လက်ရှာဖွေလေ့လာကြရန် တိုက်တွန်းလိုပါကြောင်း၊ ထို့အပြင် အင်္ဂလိပ်ဘာသာကို ကျွမ်းကျင်စွာ တတ်ကျွမ်းနားလည်အသုံးချနိုင်ရန်အတွက် ဆည်းပူးလေ့လာကြရန်လိုအပ်ပါကြောင်း မှာကြားသည်။

ယင်းနောက် နေပြည်တော်ဇုန် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များ အသင်းဒုတိယဥက္ကဋ္ဌ ဦးအုန်းကျော်က သင်တန်းသား သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးအား သင်တန်းဆင်းအောင်လက်မှတ်များချီးမြှင့်ခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသား သင်တန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မဲဆောက်မြို့တွင် မြန်မာနိုင်ငံသားအချင်းချင်းသတ်ဖြတ်ပြီး မြဝတီဘက်ထွက်ပြေးလာသူများအား ဖမ်းဆီးရမိ

**မဲဆောက် နိုဝင်ဘာ ၂**

ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် မြန်မာနိုင်ငံသားအချင်းချင်းအတူတူ သောက်စားကြပြီး အချင်းချင်းစကားများကာ လူသတ်ထွက်ပြေးလာသော ညီအစ်ကိုနှစ်ဦးအား မြဝတီမြို့၌ ဖမ်းဆီးနိုင်ခဲ့သည်။

ဖြစ်စဉ်မှာ နိုဝင်ဘာ ၁ ရက်တွင် မကြည်ဝင်းသည် ထိုင်းနိုင်ငံ မဲဆောက်မြို့ စအိုကျေးရွာရှိ နေအိမ်တွင်ရှိနေစဉ် ခင်ပွန်းဖြစ်သူ ထွန်းနိုင်ဦး(၃၈)နှစ်မှာ ဓားဖြင့်အထိုးခံရ၍ သေဆုံးနေကြောင်း ဖုန်းဆက်အကြောင်းကြားလာသဖြင့် ခင်ပွန်းဖြစ်သူအလုပ်လုပ်ကိုင်သည့် မဲဆောက်မြို့တွင်းရှိ ဆောက်လုပ်ရေးလုပ်ငန်းခွင်သို့ လာရောက်ကြည့်ရှုရာ ခင်ပွန်းဖြစ်သူမှာ ဆောက်လုပ်ရေးစခန်းအရှေ့ မြေကွက်လပ်၌ ဒဏ်ရာများဖြင့် သေဆုံးနေသည်ကိုတွေ့ရှိခဲ့ရပြီး အတူနေထိုင်သည့် စိုးမင်းလတ်(ခ)ကုလားနှင့် ကျော်ဇင်ထွေး(ခ)ကျွဲလေးတို့က ဓားဖြင့်ထိုး၊ တုတ်ဖြင့်ရိုက်နှက်ပြီး ထွက်ပြေးသွားကြောင်း စုံစမ်းသိရှိရသဖြင့် မကြည်ဝင်းက မဲဆောက်ရဲစခန်းသို့တရားလိုပြုလုပ်တိုင်ကြားခဲ့သည်။ ထိုင်းရဲတပ်ဖွဲ့ဝင်များက စုံစမ်းရှာဖွေကြရာ မြန်မာနိုင်ငံဘက်သို့ ထွက်ပြေးသွားကြောင်း သိရှိရသဖြင့် နိုဝင်ဘာ ၂ ရက်တွင် မြဝတီမြို့မရဲစခန်းသို့ မိမိ၏ ခင်ပွန်းအားသတ်၍ ထွက်ပြေးသွားသူများအား ဖမ်းဆီးအရေးယူပေးနိုင်ပါရန် ဆက်လက်၍ အမှုဖွင့်တိုင်ကြားခဲ့သည်။

တိုင်ချက်ဖွင့်ပြီးသည်နှင့်တစ်ပြိုင်နက် မြဝတီမြို့မရဲစခန်းမှ ဒုရဲမှူးကိုကိုနိုင်၊ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်မြတ်စိုးလင်းပါ ပူးပေါင်းအဖွဲ့တို့နှင့်အတူ မြို့အတွင်း၊ အပြင် ပိုက်စိပ်တိုက်ရှာဖွေခဲ့ကြရာ မြဝတီမြို့ မင်းလက်ပံကျေးရွာတွင် နိုဝင်ဘာ ၂ ရက် နံနက် ၁၁ နာရီခွဲတွင် ဖမ်းဆီးနိုင်ခဲ့ပြီး စစ်ဆေးမေးမြန်းခဲ့ရာ အရက်သေစာသောက်စားမူးယစ်ပြီး အချင်းချင်းစကားများ ငြင်းခုံရာမှ ဒေါသအလျောက် လူသတ်မှုကျူးလွန်မိခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့ရာ စိုးမင်းလတ်(ခ)ကုလား(၃၂)နှစ်နှင့် ကျော်ဇင်ထွေး(ခ)ကျွဲလေး(၂၉)နှစ် ဆားမလောက်ကျေးရွာ ညောင်တုန်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီးနေထိုင်သူ ညီအစ်ကိုနှစ်ဦးအား မြဝတီမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်ဝင်းလှိုင်(ကော့ကရိတ်)**

# နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်သော မြန်မာအမျိုးသားလေကြောင်းလိုင်း ဒီဇင်ဘာ ၄ ရက်မှစတင်၍ ဟောင်ကောင်သို့ စတင်ပြေးဆွဲမည်

**ရန်ကုန် နိုဝင်ဘာ ၂**

နိုင်ငံပိုင်လေကြောင်းလိုင်းတစ်ခုဖြစ်သည့် မြန်မာအမျိုးသားလေကြောင်းလိုင်း Myanmar National Airlines(MNA) မှ လာမည့် ဒီဇင်ဘာ ၄ ရက်မှစတင်ကာ ဟောင်ကောင်သို့ စတင်ပျံသန်းပြေးဆွဲသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ သိရသည်။

မြန်မာအမျိုးသားလေကြောင်းလိုင်းအနေဖြင့် ပြည်တွင်းပြည်ပခရီးစဉ်များကို တိုးချဲ့ပြေးဆွဲနိုင်ရန်စီစဉ်လျက်ရှိရာတွင် ရန်ကုန်-ဟောင်ကောင်-ရန်ကုန်ခရီးစဉ်ပြေးဆွဲရန်အတွက် ဘိုရင်းလေယာဉ်သစ်တစ်စင်း ယခုနှစ် အောက်တိုဘာ ၁၃ ရက်က ရန်ကုန်မြို့သို့ထပ်မံရောက်ရှိလာခဲ့ပြီး ဒီဇင်ဘာ ၄ ရက်တွင် စတင်ပျံသန်းပြေးဆွဲသွားမည်ဟုသိရသည်။ ခရီးသည် ၁၆၀ ဆံ့ ဘိုရင်းလေယာဉ်အသစ်ကြီးဖြင့်ဟောင်ကောင်ခရီးစဉ်အား တစ်ပတ်လျှင် လေးကြိမ် ပျံသန်းပြေးဆွဲပေးသွားမည်ဟု သိရပြီး အသွားအပြန် လေယာဉ်လက်မှတ်ခ နှုန်းထားမှာ အမေရိကန်ဒေါ်လာ ၃၉၈ ဒေါ်လာခန့်ကျသင့်မည်ဟု သိရသည်။

မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့သည့် ၁၉၄၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သည့်နိုင်ငံပိုင်လေကြောင်းလိုင်းကို မြန်မာနိုင်ငံလေကြောင်း သယ်ယူပို့ဆောင်ရေး (Union of Burma Airways) အမည်ဖြင့် စတင်တည်ထောင်ပြေးဆွဲခဲ့ပြီး ၁၉၈၉ ခုနှစ်မှစတင်ကာ မြန်မာ့လေကြောင်း (Myanma Airways) အမည်သို့ပြောင်းလဲကာ မြို့ပေါင်း ၂၀ မြို့သို့ပျံသန်းပြေးဆွဲခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ကော်ပိုရေးရှင်းအဖြစ်သို့ပြောင်းလဲကာ နိုင်ငံပိုင်လေကြောင်းလိုင်းအဖြစ်မြန်မာအမျိုးသားလေကြောင်းလိုင်းဟူသော အမည်အသစ်ဖြင့် ပျံသန်းပြေးဆွဲပေးလျက်ရှိသည်။ မြန်မာအမျိုးသားလေကြောင်းလိုင်းအမည်ဖြင့် ပြောင်းလဲပြေးဆွဲခဲ့ရာတွင် ယခင်ကပျံသန်းပြေးဆွဲခဲ့ဖူးသော စင်ကာပူခရီးစဉ်ကိုလည်း ဘိုရင်းလေယာဉ်သစ်ဖြင့်ပြီးခဲ့သည့် ဩဂုတ်လက ပြန်လည်ပြေးဆွဲပေးနိုင်ခဲ့ပြီး ဒုတိယမြောက်ခရီးစဉ်အဖြစ် ဟောင်ကောင်ခရီးစဉ်ကိုလည်း လာမည့် ဒီဇင်ဘာလတွင်ပြန်လည်ပြေးဆွဲတော့မည်ဖြစ်ကြောင်း သိရသည်။ ဆက်လက်၍ တိုင်ပေခရီးစဉ်နှင့် ချင်းမိုင်ခရီးစဉ်တို့ကိုလည်း ပျံသန်းပြေးဆွဲသွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာခရီးစဉ်များ ပြန်လည်ပြေးဆွဲနိုင်ခြင်းနှင့်အတူ ယခုနှစ်မှစတင်ကာ နိုင်ငံတကာခရီးစဉ်သစ်ငါးခုကို ပျံသန်းပြေးဆွဲသွားနိုင်ရန်စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ဘိုရင်းလေယာဉ်သစ်များဖြင့် ပြေးဆွဲသွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဝ၁)**

## ပြည်တွင်းရေးရာ

### ❒မြန်မာရေလုပ်သားမှ

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးချွမ်ဟရဲ ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် အိန္ဒိယသမ္မတနိုင်ငံ ဥပဒေအရ ပြစ်ဒဏ်ကျခံပြီး Open Distress Camps ၌ ထိန်းသိမ်းထားသည့် မြန်မာရေလုပ်သား ၂၄၃ ဦးကို ပြန်လည်ခေါ်ယူနိုင်ရန် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်း စင်းလုံးငှား လေယာဉ်ဖြင့် အိန္ဒိယနိုင်ငံ ပို့ဘလဲယားမြို့သို့ သွားရောက်ခဲ့သည်။

ယင်းနောက် ပထမအသုတ် ပြန်လည်ခေါ်ယူမည့် မြန်မာရေလုပ်သား ၁၅၈ ဦးကို အိန္ဒိယအစိုးရ တာဝန်ရှိသူများနှင့် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံရုံးမှ တာဝန်ရှိသူများက ပို့ဘလဲယားလေဆိပ်၌ လွှဲပြောင်းလက်ခံပြုလုပ်ကြသည်။

ထို့နောက် ညွှန်ကြားရေးမှူး ဦးချွမ်ဟရဲ ဦးဆောင်သည့်အဖွဲ့နှင့် မြန်မာရေလုပ်သားများသည် ပို့ဘလဲယားလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြသည်။

မြန်မာနိုင်ငံ ရေလုပ်သားများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင်၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၊ မွေးမြူရေး၊ရေလုပ်ငန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရန်ကုန်တိုင်း ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံ ပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့မှ တာဝန်ရှိသူများ၊ နိုင်ငံတကာ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) မှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆို အားပေးစကားပြောကြားကြပြီး ထောက်ပံ့ငွေ၊ အဝတ်အထည်နှင့် ခရီးစရိတ်များ၊ MPT ဆင်းကတ်နှင့် ငွေကျပ် ၁၀၀၀ ဖြည့်ပြီး ကတ်များထောက်ပံ့ပေးအပ်ကြသည်။

အဆိုပါပြန်လည်ရောက်ရှိလာသည့် ရေလုပ်သားများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့တို့၏ အစီအစဉ်ဖြင့် သက်ဆိုင်ရာ နေရပ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးကြသည်။

ပြန်လည်ခေါ်ယူမည့် ရေလုပ်သား ၂၄၃ ဦးမှာ ပြစ်ဒဏ်ကျခံပြီးသူများဖြစ်ပြီး မြန်မာနိုင်ငံသားစိစစ်ပြီးသူများဖြစ်ကာ ပထမအသုတ်တွင် ၁၅၈ ဦးကို ခေါ်ယူခဲ့ပြီးကြောင်း၊ ကျန်ရေလုပ်သား ၈၅ ဦးကို နိုဝင်ဘာ ၃ ရက်တွင် အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းလိုင်းမှ စင်းလုံးငှားလေယာဉ်ဖြင့် ဒုတိယအသုတ် ဆက်လက်ခေါ်ယူမည်ဖြစ်ကြောင်း၊ လေယာဉ်နှစ်ခေါက်ငှားရမ်းခငွေ အမေရိကန်ဒေါ်လာ ၇၁၀၀၀ ကို နိုင်ငံတော်မှ ကျခံပေးခဲ့ကြောင်း ။

မြန်မာရေလုပ်သား ၁၅၈ ဦးတွင် ဧရာဝတီတိုင်းဒေသကြီးမှ ၁၃၇ ဦး၊ ရခိုင်ပြည်နယ်မှ ၂၀ နှင့် တနင်္သာရီတိုင်းဒေသကြီးမှ တစ်ဦးတို့ ပါဝင်ကြောင်း သိရသည်။

❒❒

## အထူးရဲတပ်ဖွဲ့ဝင်များ လုပ်ငန်းခွင်သင်တန်းဆင်း

**ညောင်တုန်း နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၌ အထူးရဲတပ်ဖွဲ့ဝင်များ လုပ်ငန်းခွင် သင်တန်းဆင်းပွဲကို အောက်တိုဘာ ၃၁ ရက် နံနက်ပိုင်းက မြို့တော်ခန်းမ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦး၊ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းထက်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မောင်မောင်တင်တို့က အသီးသီးအမှာစကား ပြောကြားကြပြီး သင်တန်းတွင် အကောင်းဆုံးတပ်ခွဲအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇော်ဦးက ညောင်တုန်းမြို့မရဲစခန်းတပ်ခွဲဒုရဲမှူး ခင်မောင်ကျော်အား ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၀၇၆)**

## မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၂**

**ယနေ့နံနက် ၉ နာရီခွဲအချိန် အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ မကွေးတိုင်း ဒေသကြီးတွင် နေရာစိပ်စိပ်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့သည်။ ညအပူချိန်များမှာ ဧရာဝတီတိုင်းဒေသကြီး တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်မှာ ဟားခါးမြို့တွင် ၁၂ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၂ ဒသမ ၂၄ လက်မ၊ ပလက်ဝမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ ကလေးဝမြို့တွင် ၁ ဒသမ ၁၀ လက်မ၊ မော်လိုက်မြို့တွင် ၁ ဒသမ ဝ၆ လက်မ၊ သီပေါမြို့တွင် သုည ဒသမ ၉၃ လက်မ၊ ကျောက်မဲမြို့နှင့် စစ်တွေမြို့တို့တွင် သုည ဒသမ ၉၁ လက်မစီတို့ဖြစ်ကြသည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

## လက်ရွေးစင်နှင့်ယူ-၂၁ အသင်းတို့ ခြေစမ်းမည်



ယူ-၂၁ အသင်း၌ ရွေးချယ်ခံထားရသည့် သန်းပိုင်။

ကမ္ဘာ့ဖလားခြေစစ်ပွဲဝင်မည့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဗီယက်နမ် ယူ-၂၁ ဖိတ်ခေါ်ပြိုင်ပွဲဝင်မည့် မြန်မာ ယူ-၂၁ အသင်းတို့ပြိုင်ပွဲအကြိုခြေစမ်းမည်ဖြစ်သည်။ အဆိုပါခြေစမ်းပွဲကို နိုဝင်ဘာ ၃ရက် ညနေ ၆နာရီတွင် သုဝဏ္ဏကွင်း၌ ကျင်းပမည်ဖြစ်ပြီး နည်းပြချုပ်သစ် ဂတ်ဖရိုင်းဒရစ်၏ ပွဲဦးထွက်ပွဲလည်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းမှာ ကမ္ဘာ့ဖလားခြေစစ်ပွဲအတွက် နိုဝင်ဘာ ၂ရက်မှစတင်ကာ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသည်။ မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၃ဦးဖြင့် ဖွဲ့စည်းထားပြီး ကစားသမားအချို့မှာ ၎င်းတို့၏ နေရပ်၌ ကြိုတင်မဲများပေးနေသောကြောင့် ပထမဆုံးနေ့တွင် လူစုံလေ့ကျင့်နိုင်ခြင်းမရှိသေးပေ။ မြန်မာ့လက်ရွေးစင်အသင်းမှာ နည်းပြ အပြောင်းအလဲပြုလုပ်ထားပြီး မြန်မာအသင်းအား ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲဝင်ခွင့်ရရှိအောင် စွမ်းဆောင်ပေးထားသည့် နည်းပြ ဂတ်ဖရိုင်းဒရစ်က ကိုင်တွယ်လျက်ရှိသည်။ မြန်မာအသင်းသည် နိုဝင်ဘာ ၇ ရက်တွင် ဟောင်ကောင်လက်ရွေးစင်အသင်းနှင့် ခြေစမ်းမည်ဖြစ်ပြီး နိုဝင်ဘာ ၅ ရက်တွင် ထွက်ခွာမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းမှာ ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် နိုဝင်ဘာ ၁၂ ရက်တွင် တောင်ကိုရီးယားအသင်းနှင့် အဝေးကွင်းပွဲစဉ် ကစားရမည်ဖြစ်ပြီး ကူဝိတ်နှင့်ပွဲမှာ ကစားရန် မသေချာသေးပေ။

မြန်မာယူ-၂၁ အသင်းကို ပဏာမကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားပြီး နည်းပြချုပ်အဖြစ် အဲရစ်ဝီလျံက ကိုင်တွယ်လျက်ရှိသည်။ မြန်မာယူ-၂၁ အသင်းအတွက် ယခုပွဲမှာ ဒုတိယမြောက်ခြေစမ်းပွဲဖြစ်ပြီး အောက်တိုဘာ ၂၇ ရက်က ရန်ကုန်အသင်းနှင့် ခြေစမ်းကစားခဲ့ရာ နှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ထားသည့် မြန်မာယူ-၂၁ အသင်းမှာ ဗီယက်နမ်ဖိတ်ခေါ်ပြိုင်ပွဲအတွက် ပြင်ဆင်နေခြင်းဖြစ်သည်။

**[သတင်း၊ ဓာတ်ပုံ - ရှိုင်းထက်ဇော်]**

## တစ်နှစ်ပတ်လုံးခရီးသည် သန်း ၂၀ ထိ ဝန်ဆောင်မှုပေးမည့် အဆင့်မြင့်လေဆိပ်ကြီး ၂၀၁၇ တွင် ပြီးမည်

**ရန်ကုန် နိုဝင်ဘာ ၂**

နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှု အရှိန်များ ရရှိလာသည်နှင့်အညီ နိုင်ငံခြားခရီးသွားဝင်ရောက်မှုသည် တစ်နှစ်ထက်တစ်နှစ် များပြားလာပြီဖြစ်ကြောင်း၊ ၂၀၁၅ AEC လာတော့မည်ဖြစ်သဖြင့် ပြည်တွင်းပြည်ပလေကြောင်းလိုင်းများ စုစည်းကာ တိုးချဲ့သွားမည်ဖြစ်ကြောင်း၊ ယခုတည်ဆောက်နေပြီဖြစ်သော ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အဆင့်မြှင့်တင်ရေး စီမံကိန်းသည် တစ်နှစ်ပတ်လုံး နိုင်ငံတကာခရီးသွားဦးရေ သန်း ၂၀ ဝင်ရောက်နိုင်သော အဆင့်မြင့် လေဆိပ်ကြီးတစ်ခုဖြစ်တည်လာစေရန် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၂၉ ရက်တွင် ရန်ကုန်လေဆိပ်အဆင့်မြှင့်တင်ရေး စီမံကိန်း Terminal-2 သို့ လာရောက်စစ်ဆေးသော မြန်မာ့ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC)ဥက္ကဋ္ဌက စီမံကိန်းရှင်းလင်းဆောင်၌ ပြောသည်။

၎င်းကဆက်လက်၍ လေဆိပ်စီမံကိန်းတွင် ကားပါကင်များ၊ လူသွားလမ်းများ၊ ကားလမ်းများ၊ လေဆိပ် Passenger Terminal မှ ကားပါကင်တိုက်ရိုက် ကားလမ်း ခုံးကျော်အဆောက်အအုံများ ပါဝင်သည့်အပေါ်တွင် စီမံကိန်းဧရိယာမှာ ကျဉ်းမြောင်းနေပြီး လက်ရှိလူနှင့်ယာဉ်များသည်လည်း သွားလာနေ၍ မလိုလားအပ်သော accident များ မဖြစ်ပေါ်အောင် Safety အား အထူးဂရုစိုက် ဆောင်ရွက်စေလိုကြောင်း၊ နိုင်ငံတကာအဆင့်မီ တည်ဆောက်သွားမည် ဖြစ်သဖြင့် တည်ဆောက်ရေးနှင့် ဗိသုကာ အဲကွန်းနှင့် အခြားလုပ်ငန်းများအား အရည်အသွေးမြင့်မားစွာ ဆောင်ရွက်စေလိုကြောင်း၊ လေဆိပ်နှင့် ဆက်စပ်နေသော လေယာဉ်ကုမ္ပဏီများ၏ လေယာဉ် ဆီပိုက်သွယ်တန်းရေး လုပ်ငန်းများသည်လည်း အန္တရာယ်ကင်းရှင်းထားရှိစေလို၍ ယခုအဆောက်အအုံတည်ဆောက်ရေး ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်စေလိုကြောင်းတို့အား ရန်ကုန်လေဆိပ်အဆင့်မြှင့်တင်ရေး YACL ဥက္ကဋ္ဌ ဦးထွန်းမြင့်နိုင်၏ စီမံကိန်းဆောင်ရွက်မှုတင်ပြချက်အပေါ် လိုလားချက်အား ထည့်သွင်းပြောကြားသည်။

ထို့နောက် Terminal-2 ရှိ ပြီးစီးနေပြီဖြစ်သော အလွှာ ငါးလွှာ၏ RC စနစ် အခြေခံအဆောက်အအုံများအား မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်နေသော လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန အေးရှားဝေါလ်ကုမ္ပဏီနှင့် စင်ကာပူနိုင်ငံ CPG မှ အင်ဂျင်နီယာများ လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။

"ယခုအခါ Terminal-2 လုပ်ကွက်ကို ၂၀၁၄ ခုနှစ် ဧပြီလတွင် စတင်ခဲ့ပြီး ယခုနှစ်ကုန်ပိုင်းမှာ ground floor နဲ့ first floor ကို အပြီးတည်ဆောက်ကာ ခရီးသွားလုပ်ငန်းစတင်နိုင်ဖို့တော့ မျှော်မှန်းထားပါတယ်။ RC ကွန်ကရစ် အဆောက်အအုံပိုင်းကတော့ ၁၀၀ ရာခိုင်နှုန်းပြီးစီးနေပြီး air con ပိုက်လိုင်းသွယ်တန်းတာတွေနဲ့ power supplying လုပ်တာတွေကတော့ ၅၀ ရာခိုင်နှုန်းပြီးနေပြီ။ ကြမ်းခင်းနဲ့ ဗိသုကာပိုင်းကတော့ ၃၀ ရာခိုင်နှုန်း ပြီးစီးနေပါပြီ။ ဒီ Terminal-2 လုပ်ကွက်ကို အပိုင်းခုနစ်ပိုင်းနဲ့ လုပ်ဆောင်နေပါတယ်။ စီမံကိန်းက လုပ်ငန်းခွင်ဧရိယာကျဉ်းတာကတစ်ကြောင်း၊ လမ်းမပေါ်မှာဆို ကားတွေကို ရှောင်ပြီး လုပ်ရတာတွေရှိသလို လေဆိပ်အတွင်းမှာလည်း လေယာဉ်ပါကင်ထိုးထားတော့ တဖြည်းဖြည်းနဲ့ သတိကြီးစွာလုပ်ရပါတယ်။ မိုးရာသီဖြစ်ပြီး ပြည်ပက မှာယူတဲ့ပစ္စည်းတွေကို စောင့်ရတာလည်းရှိပါတယ်။ လာမယ့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလမှာ ဒီလုပ်ကွက်ကို အပြီးဆောင်ရွက်သွားမှာပါ"ဟု စီမံကိန်းတာဝန်ခံ အင်ဂျင်နီယာ ဦးသိန်းထွဋ်က ပြောသည်။

ထိုလုပ်ကွက် ပြီးစီးပြီဆိုလျှင် ပြည်တွင်းပြည်ပ ခရီးသွားဧည့်သည် တစ်နှစ်လျှင် ခြောက်သန်းကျော် သွားလာနိုင်မည်ဖြစ်သည်။ စုစုပေါင်း အလွှာ ငါးခုရှိပြီး basement အလွှာတွင် service tunnel ဖြစ်ကာ ထောက်ပံ့ရေး စက်ကိရိယာများ တပ်ဆင်ထားမည်ဖြစ်သည်။ ground floor(မြေညီထပ်)တွင် Taxi အဝင်/အထွက်မုခ်ဦးများပါပြီး ခရီးသွားဦးရေ ၅၆ ဦး၊ check-in counter လုပ်ခြင်း၊ arrival passport control ပြုလုပ်ခြင်း၊ baggage ပြုလုပ်ခြင်းတို့အား ဆောင်ရွက်နိုင်မည်ဖြစ်သည်။

First Floor တွင် security check လုပ်နိုင်ပြီး departure passport control ပြုလုပ်ခြင်း၊ Gate Lounger, C, P Loung ပြုလုပ်ခြင်းတို့အား ဆောင်ရွက်နိုင်သော Internal Departure Wall ကြီးဖြစ်သည်။ Second Floor နှင့် Third Floor သည် လေယာဉ်မရောက်ခင်နှင့် မထွက်ခွာမီကာလအတွင်း စားသောက်ဆိုင်၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များနှင့် နားနေဆောင်များတွင် လွတ်လပ်ပေါ့ပါးစွာ သွားလာနိုင်မည့် Duty Freearea ဖြစ်သည်။ shopping area ဖြစ်သည်။ အလွှာတိုင်းတွင် air con ၂၄ နာရီ လွှတ်ထားပြီး ဓာတ်လှေကားနှင့် စက်လှေကားများ တပ်ဆင်ထားရှိမည်ဖြစ်ကြောင်း စီမံကိန်းရုံးမှ သိရသည်။

ထို့ပြင် လေဆိပ်ဝင်းအတွင်း၌ လေယာဉ်လေးစင်း ဆိုက်ကပ်ကာ ခရီးသည် တင်/ချပြုလုပ်နိုင်ပြီး အခြားလေယာဉ် service လုပ်ငန်းများ ပါဝင်မည်ဖြစ်သည်။ ထို Terminal-2 လုပ်ကွက်နှင့် လက်ရှိပြည်ပ Terminal-1 အပါအဝင် Domestic Terminal နှင့် အခြားအဆောက်အအုံများ အလုံးစုံအား လာမည့် ၂၀၁၇ ခုနှစ်တွင် သုံးနှစ်စီမံကိန်းအဖြစ် အပြီးဆောင်ရွက်သွားမည်ဖြစ်သည်။ ပြီးစီးစတွင် ပြည်တွင်းပြည်ပခရီးသည် တစ်နှစ်ပတ်လုံး ဝင်ရောက်မှု ဦးရေသန်း ၂၀ ထိ ဝန်ဆောင်မှုပေးနိုင်မည့် အဆင့်မြင့်လေဆိပ်ကြီးဖြစ်ပေါ်လာမည်ဖြစ်ကြောင်း လေကြောင်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်စိုးက ပြောသည်။

**အောင်မင်း(ဒလ)**

❒❒

# အောင်ဘာလေထီ ဆုမဲအရေအတွက် များလာပြီဖြစ်

**ရန်ကုန် နိုဝင်ဘာ ၂**

ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန အောင်ဘာလေသိန်းဆုဌာနခွဲက (၃၂၂) ကြိမ်မြောက် ငွေကျပ်နှစ်ရာတန်သိန်းဆုဖွင့်ပွဲကို နိုဝင်ဘာ ၁ ရက်က ဖွင့်လှစ်ခဲ့သည်။ ခွဲဝေပေးသည့် ဆုမဲအရေအတွက်မှာ ငွေကျပ်သိန်း ၁၅၀၀ တစ်ဆု အပါအဝင် ဆုမဲပေါင်း ၄၀၂၄၃ ဖြစ်သည်။ အောင်ဘာလေထီကံစမ်းသူ ပိုမိုအားပေးမှုကြောင့် ခွဲဝေပေးသည့် ဆုမဲအရေအတွက်သည်လည်း ပိုမို လာကြောင်း သိရသည်။

ခွဲဝေပေးသည့် ဆုမဲအရေအတွက်များလာ သည်ဟု ဆိုရခြင်းမှာ ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁ ရက်က ဖွင့်လှစ်သည့် (၃၀၉) ကြိမ်မြောက် ထီဖွင့်ပွဲတွင် ကျပ်သိန်း၁၅၀၀(၁)ဆု၊ ကျပ်သိန်း ၁၀၀၀(၁) ဆု၊ကျပ်သိန်း၅၀၀(၂)ဆု၊ ကျပ်သိန်း ၃၀၀ (၃)ဆု၊ ကျပ်သိန်း ၂၀၀(၅)ဆု အပါအဝင် ဆုမဲစုစုပေါင်း ၃၅၆၁၂ ဖြစ်ပြီး ယခု ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၁ ရက်က ဖွင့်လှစ်သည့် (၃၂၂) ကြိမ်မြောက်ထီဖွင့်ပွဲတွင် ကျပ်သိန်း ၁၅၀၀(၁)ဆု၊ ကျပ်သိန်း ၁၀၀၀(၂)ဆု၊ ကျပ်သိန်း ၅၀၀ (၅)ဆု၊ကျပ်သိန်း ၃၀၀ (၆)ဆု၊ ကျပ်သိန်း ၂၀၀(၇)ဆု အပါအဝင် ဆုမဲစုစုပေါင်း ၄၀၂၄၃ ဆုခွဲဝေပေးခြင်းကြောင့်ဖြစ်သည်။

အောင်ဘာလေသိန်းဆုဌာနခွဲက ထီထိုးသူ ပိုမိုအားပေးလာသည်နှင့်အမျှ ဆုမဲအရေအတွက် ပိုမိုခွဲဝေပေးကြောင်းကို ယခင်နှစ် (၃၀၉) ကြိမ် ထီဖွင့်ပွဲနှင့် ယခုနှစ် (၃၂၂) ကြိမ် ထီဖွင့်ပွဲ (တစ်နှစ်အတွင်း) ဆုမဲအရေအတွက် ၅၀၀၀ ခန့် ပိုမိုခွဲဝေပေးခြင်းက ပြဆိုနေသည်။

ဆုမဲအရေအတွက်အားဖြင့် ယခင်က သိန်း ၁၀၀၀ ဆုတစ်ဆုသာ ခွဲဝေပေးခဲ့ရာမှ ယခု နှစ်ဆု၊ ယခင်က သိန်း ၅၀၀ နှစ်ဆုသာ ခွဲဝေပေးခဲ့ရာမှ ယခု ငါးဆု၊ ယခင်က ကျပ်သိန်း ၃၀၀ သုံးစုခွဲဝေပေးခဲ့ရာမှ ယခု ခြောက်ဆု ပိုမိုခွဲဝေပေးခဲ့သည်။

ယင်းသို့ကြောင့် အောင်ဘာလေ ထီကံစမ်းသူများ ယခုအခါ ပိုမိုများလာကြောင်း၊ ပေါက်ရင်ယူ၊ မပေါက်ရင်လှူ၊ ပေါက်ရင်ကိုယ်အကျိုးရှိ၊ မပေါက်ရင် ပေါက်သူနှင့် နိုင်ငံတော်က အကျိုးရှိမို့ ထီကို စရောင်းသည့်ရက်ကပင် ထီဖွင့်ရက်နီးသည်အထိ ထီကံစမ်းသူ၊အားပေးသူများလာကြောင်း ထီလောကသား အသိုက်အဝန်းမှ သိရသည်။

အောင်ဘာလေထီပေါက်နိုင်ခြေ အခွင့်အလမ်းများခြင်းမှာ ထီကံစမ်းသူဦးရေ များလာခြင်းပေါ် မူတည်သည်။ ထီရောင်းအားများလာသည်နှင့်အမျှ ထီဆုမဲအရေအတွက် ပိုမိုလာမည်ဖြစ်သည်။ ပြည်သူများအနေဖြင့် တရားမဝင် နှစ်လုံးထီ၊သုံးလုံးထီကိုအားပေးခြင်းထက် အောင်ဘာလေထီကို အားပေးကြပါ။ကံစမ်းသူများ လွယ်လင့်တကူကံစမ်းနိုင်အောင် သတ်မှတ်နှုန်းထားများအတိုင်း ဝယ်ယူကံစမ်းနိုင်အောင်လည်း အစဉ်အမြဲ နည်းလမ်းရှာကြံ၊ အလေးထားပံ့ပိုးပေးကြပါ။ အောင်ဘာလေထီ "ဝယ်လိုအား" များသည်ထက်များ၊ ပိုမိုသည်ထက်ပိုမိုလာအောင် သက်ဆိုင်ရာများရော၊ အောင်ဘာလေထီ ကံစမ်းသူများပါ ဝိုင်းဝန်းဆောင်ရွက်ပေးကြပါဟု ဆန္ဒပြုလိုပါသည်။ **(ကိုချစ်)**

## နိုင်ငံ့ဝန်ထမ်းများအား နိုင်ငံခြားပညာတော်သင်စေလွှတ်

**နေပြည်တော် နိုဝင်ဘာ ၂**

နိုင်ငံ့ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြင့်မားလာစေရန်နှင့် နိုင်ငံတကာအတွေ့အကြုံများ ရရှိပြီး မိခင်နိုင်ငံသို့ ပြန်လည်ရောက်ရှိသည့်အခါ ဌာနအတွက် အကျိုးရှိစွာ အသုံးချနိုင်ရန် ရည်ရွယ်လျက် ပြည်ပအဖွဲ့အစည်းများ၏ ပညာသင်ဆုကမ်းလှမ်းမှုအစီအစဉ်အရ ပညာသင်ဆုများကို ဝန်ကြီးဌာနများနှင့် ဝန်ထမ်းအဖွဲ့အစည်း အသီးသီးသို့ စနစ်တကျခွဲဝေသတ်မှတ်ပေးပြီး အဆိုပြုချက်များကို စိစစ်၍ နိုင်ငံခြားပညာတော်သင်များ စေလွှတ်ပေးလျက်ရှိသည်။

အောက်တိုဘာလအတွင်း ပါရဂူဘွဲ့၊ မဟာသိပ္ပံ၊ ဝိဇ္ဇာဘွဲ့၊ ဒီဂရီ၊ ဒီပလိုမာသင်တန်းသို့ ပညာသင် ၅၆ ဦးနှင့် ဘွဲ့မယူသောသင်တန်း (Training) သို့ ပညာသင် ၃၄၅ ဦး စုစုပေါင်း ပညာသင် ၄၀၁ ဦးကို ပြည်ပနိုင်ငံ ၂၇ နိုင်ငံသို့ သွားရောက်ပညာသင်ယူဆည်းပူးနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့သည်။ အောက်တိုဘာလအတွင်း နိုင်ငံ့ဝန်ထမ်းများအား ဂျပန်နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့ ပညာသင်အများဆုံးစေလွှတ်ခဲ့ကြောင်း နိုင်ငံခြားပညာတော်သင်စိစစ်ရွေးချယ်စေလွှတ်ရေးကော်မတီက သတင်းထုတ်ပြန်ထားသည်။


**(ကြေးမုံ)**

## လမ်းမတော်မြို့နယ်တွင် မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ထုတ်ယူမှုများပြား

**ရန်ကုန် နိုဝင်ဘာ ၂**

လမ်းမတော်မြို့နယ်အတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် နိုဝင်ဘာ ၁ ရက်မှစ၍ မဲဆန္ဒရှင်သက်သေခံလက်မှတ်များ စတင်ထုတ်ပေးနေရာ လာရောက်ထုတ်ယူသူများပြားသည်ကို ရပ်ကွက်အချို့တွင် မြင်တွေ့ရသည်။ လမ်းသစ်ရိပ်သာ (၁၁)ရပ်ကွက်တွင် နိုဝင်ဘာ ၁ ရက်က လာရောက်ထုတ်ယူသည့် မဲအရေအတွက်မှာ ၃၀၀ ဝန်းကျင်ရှိကြောင်း ယင်းရပ်ကွက်နေ ဦးသန်းညွန့်က ဆိုသည်။

နိုဝင်ဘာ ၁ရက်မှ ၇ရက်အတွင်း ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများတွင် သတ်မှတ်ချိန်အတွင်း လာရောက်ထုတ်ယူကြပါရန် ရပ်ကွက်အသီးသီးတွင် လိုက်လံနှိုးဆော်ကြေညာခဲ့သည်။




အဆိုပါ သက်သေခံလက်မှတ် ရှေ့မျက်နှာစာတွင် မိမိမဲပေးရမည့် မဲရုံအမှတ်၊ မဲစာရင်းအမှတ်တို့နှင့် အတူ မဲဆန္ဒပေးခွင့်ရသူ၏ အကြောင်းအရာများ၊တာဝန်ခံလက်မှတ်များ ပါရှိသည့် နောက်ကျောတွင် သတိပြုရန် အချက်အလက်များနှင့် ရုံးတံဆိပ် ပါရှိသည်။

"နိုဝင်ဘာ ၈ရက်မဲပေးသည့်နေ့တွင် အဆိုပါ သက်သေခံလက်မှတ်ယူဆောင်လာပြီး မဲရုံတာဝန်ရှိသူထံပေးအပ်ပါ။ မဲလက်မှတ်ထုတ်ယူပါ။ ယင်းလက်မှတ်၏ ရှေ့မျက်နှာစာတွင် ဖော်ပြသော အချက်အလက်များ မှားယွင်းပါက ပြင်ဆင်ပေးရန် မဲရုံမှူးကို အသိပေးကြပါ။ နောက်ကျောတွင် သတိပြုရန် အချက်အလက်များ ဖော်ပြထားသည်"ဟု (၃)ရပ်ကွက်တွင် သက်သေခံလက်မှတ်ထုတ်ယူခဲ့သူ တစ်ဦးကဆိုသည်။

ယင်း (၃)ရပ်ကွက်တွင် မဲရုံနှစ်ရုံ ဖွင့်လှစ်ထားခြင်း၊ သက်သေခံလက်မှတ်တွင် မိမိမဲပေးရမည့်မဲရုံအမှတ် ဖော်ပြပေးထားရသဖြင့် ကြိုတင်သိရှိရကြောင်း ယင်းရပ်ကွက်နေ ဦးမျိုးအောင်က ဆိုသည်။ သက်သေခံလက်မှတ်တွင် ပြည့်စုံစွာဖော်ပြထား၍ မဲရုံတွင်မဲပေးရာတွင် အချိန်ကုန်သက်သာစေသည်ဟု လှည်းတန်းလမ်း (၄)ရပ်ကွက်နေ ယင်းရပ်ကွက်မဲရုံ၌ တာဝန်ကျ ဦးအောင်မြင့်က ဆိုသည်။

**(မောင်စေအောင်)**

## ဆွေးနွေးပွဲတက်ရောက်ရန် ထိုင်းနိုင်ငံသို့ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၂**

ထိုင်းနိုင်ငံ ဘန်ကောက်မြို့၌ နိုဝင်ဘာ ၁ ရက်မှ ၇ ရက်အထိ ကျင်းပသည့် လူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ ကွန်ရက်ဖွံ့ဖြိုးရေးဆွေးနွေးပွဲ တက်ရောက်ရန်အတွက် မြန်မာနိုင်ငံလူငယ်စွန့်ဦးတီထွင်လုပ်ငန်းရှင်များ အသင်းမှ အသင်းဝင် ဦးရဲနောင်ဝင်းမြင့်၊ ဒေါက်တာမင်းထက်၊ ဒေါက်တာဝင်းမော်ဖြိုး၊ ဒေါက်တာဝေထူးကျော်တို့သည် ယမန်နေ့မွန်းလွဲပိုင်းက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။

**စွန့်ဦးတီထွင်လုပ်ငန်းရှင်များအသင်း**



**ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကာလအတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲတပ်ဖွဲ့ဝင်များ၏ အထူးရဲသင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ရက်နံနက်ပိုင်းက အမှတ် (၁၀) ရပ်ကွက် (၅၂)လမ်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(သားဖွားခန်းမဆောင်)၌ ကျင်းပရာ ပုဇွန်တောင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမင်းဦး၊ ပုဇွန်တောင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်လတ်နှင့် အင်အား ၅၀ခန့် တက်ရောက်ကြစဉ်။**

(ကြေးမုံ)

## ကုန်သေတ္တာတင်ယာဉ် အရှိန်လွန်၊ လမ်းလယ်ကတ်တုံးတန်းအားဝင်တိုက်

**ရန်ကုန် နိုဝင်ဘာ ၂**

နိုဝင်ဘာ ၂ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်မြို့ ဘုရင့်နောင်လမ်းမကြီးပေါ် ပါရမီလမ်းဆုံမရောက်မီ လမ်းလယ်ရှိ ကတ်တုံးတန်းများအား မြို့ထဲမှ လာသော ၁၀ ဘီး ကုန်သေတ္တာတင်ယာဉ် ဟီနိုးအမျိုးအစား အဖြူရောင် ယာဉ်အမှတ် ၄ခ/---- မှ အရှိန်လွန်ဝင်တိုက်မိရာ ကတ်တုံးအများအပြားတစ်ဖက်ယာဉ်ကြောပေါ်သို့ ယာဉ်ဦးခေါင်းပိုင်းနှင့်အတူ ရောက်ရှိသွားကြောင်း သိရသည်။

အလားတူ ဖြစ်စဉ်မျိုး ဘုရင့်နောင်လမ်းမကြီးပေါ်တွင် ရွာမကျောင်းလမ်းဆုံအနီး ဖြစ်ပွားခဲ့ဖူးသည်။ သို့ဖြစ်၍ သက်ဆိုင်ရာမှ ဘုရင့်နောင်လမ်းမကြီးပေါ်ရှိ လမ်းလယ်ကတ်တုံးများပေါ်တွင် အနီရောင် လမ်းညွှန်မြားပုံပါ ဆိုင်းဘုတ်ငယ် အများအပြား အောက်တိုဘာလ ကုန်ပိုင်းတွင် စိုက်ထူပေးထားခဲ့ကြောင်း သိရသည်။ **(မောင်စေအောင်)**



## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၁၂ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၂၀ တွင် ဖော်ပြခဲ့သော **"သုဝဏ္ဏာစာပြန်ပွဲများ ကျင်းပရာ သုဝဏ္ဏဇရပ်တန်းကျောက်တော်ကြီးဘုရားပွဲလာသူများဖြင့် စည်ကား"**သတင်းခေါင်းစဉ်အစား **"သုဝဏ္ဏဇရပ်တန်းတွင် ကျောက်တော်ကြီးဘုရားပွဲလာသူများဖြင့် စည်ကား"** ဟူ၍လည်းကောင်း၊ သတင်းဒုတိယစာပိုဒ်၊ ဒုတိယကော်လံ၊ စာကြောင်းရေ (၆) ကြောင်းမြောက်ရှိ **"သုဝဏ္ဏဇရပ်များကို ၁၂၂၀ ခုနှစ်တွင် ပဋ္ဌာန်းဟောသိမ်များနှင့်အတူ ရတနာပုံ ရွှေမြို့တော်နှင့် တစ်ပြိုင်နက်တည်း ဆောက်လုပ်လှူဒါန်းခဲ့သည်"**အစား **"သုဝဏ္ဏဇရပ်တော်နှင့် ပဋ္ဌာန်းဟောရွှေသိမ်ကို ၁၂၂၀ ခုနှစ်တွင် ရတနာပုံ ရွှေမြို့တော်နှင့် တစ်ပြိုင်နက်တည်း ဆောက်လုပ်လှူဒါန်းခဲ့သည်"**ဟူ၍လည်းကောင်း ပြင်ဆင်ဖတ်ရှုပါရန်။

**(စာတည်း)**

## ရေဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်တွင် ဆင်ခိုးဂိုဏ်းအား ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝသောနိုင်ငံအဖြစ်ရပ်တည်လျက်ရှိသည်။ နိုင်ငံအတွင်းရှိ သစ်တောသယံဇာတအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများအား ရေရှည်တည်တံ့နေစေရန် ထိန်းသိမ်းလျက်ရှိသကဲ့သို့ တရားမဝင်ထုတ်ယူသယ်ဆောင်ရောင်းဝယ်မှုများကိုလည်း တားဆီးကာကွယ် အရေးယူလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧရာဝတီတိုင်းဒေသကြီး အတွင်း တောဆင်ရိုင်းများ တရားမဝင် ဖမ်းဆီးသတ်ဖြတ်နေကြောင်း သတင်းများရရှိသဖြင့် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိနိုင်ရေး အထူးအလေးထားဆောင်ရွက်လျက်ရှိသည်။

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် သစ်တောဦးစီးဌာနမှ ဝန်ထမ်းများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လအတွင်း အနောက်ငရုတ်ကောင်းမြို့နယ်မြေ ကင်မွန်းချဉ်၊ ဖွတ်ချောင်းဖျားတွင် ဆင်ရိုင်းထီးဟိုင်းတစ်ကောင်၊ ကျောက်နီ ချောင်းဖျားလက်တက်ခွဲတွင် ဆင်ရိုင်းထီးဟိုင်းတစ်ကောင်နှင့် ဖွတ်ချောင်းလက်တက်ခွဲတောင်ကြောပေါ်တွင် တောဆင်ရိုင်းအမ တစ်ကောင်တို့အား သတ်ဖြတ်ခဲ့သည့် ဆင်ခိုးဂိုဏ်းအဖွဲ့မှ အဖွဲ့ဝင်များဖြစ်သော အထွန်း(ခ) သက်နိုင်ထွန်း၊ ကိုကျော်ဝင်း၊ မောင်ဆန်းနှင့် မောင်မောင်သန်း ကွင်းယားကျေးရွာ ငါးသိုင်းချောင်းမြို့နေသူတို့အား ဖမ်းဆီးရမိခဲ့သည်။ ဖမ်းဆီးရမိသူများအား တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးနှင့် သဘာဝနယ်မြေများထိန်းသိမ်းရေး ဥပဒေပုဒ်မ ၃၇(က) ဖြင့် တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့ပတ်လမ်းပိုင်းရှိ ရထားသံလမ်းများအား Thermit Welding ဖြင့် ဆက်၍ လဲလှယ်ပြုပြင်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၂**

ရထားပို့ဆောင်ရေးဝန်ကြီးဌာနမှ ရန်ကုန်မြို့ပတ်လမ်းပိုင်းရှိ ရထားသံလမ်းများကြံ့ခိုင်မှုရှိစေရေးနှင့် ရထားစီးခရီးသည်များ သက်သောင့်သက်သာရှိစေရေးအတွက် လေးချောင်းဆက် ရထားသံလမ်းများအား ခေတ်မီနည်းပညာဖြစ်သော Thermit Welding ဖြင့်ဆက်၍ လဲလှယ်ပြုပြင်ဆောင်ရွက်လျက်ရှိသည်။

ရထားလမ်းများ အဆင့်မြှင့်တင်ပြုပြင်ခြင်းဆောင်ရွက်ချက်အရ ရန်ကုန်မြို့ပတ်လမ်းပိုင်း၏ မိုင်အရှည်ဖြစ်သော ၂၉ ဒသမ ၅ မိုင်အား နိုင်ငံတော်ဘတ်ဂျက်ဖြင့် မြန်မာ့မီးရထားမှ စီစဉ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရထားလမ်းတစ်လျှောက်ရှိ ယခင်သစ်သားဇလီဖားတုံးများကို ကွန်ကရစ်ဇလီဖားတုံးများဖြင့် အစားထိုးလဲလှယ်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင်လည်း လေးချောင်းဆက်သံလမ်းများကို Thermit Welding ဖြင့်ဆက်ပြီး ရထားလမ်းပိုင်းများအတွင်း လဲလှယ်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ရန်ကုန်ဘူတာကြီးမှ ကြည့်မြင်တိုင်ဘူတာအထိ အစုန်လမ်းအား လဲလှယ်ဆောင်ရွက်ပြီးစီး၍ လမ်းခင်းကျောက်ဖြည့်တင်းခြင်း၊ ALL TM စက်ကြီးဖြင့် ပက်ကင်ရိုက်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ပြုပြင်ဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိသည့် ရန်ကုန်ဘူတာကြီးမှ ကမာရွတ်ဘူတာကြားဖြစ်သော အစုန်/အဆန် (၁၁)မိုင် အနက် ယခုအခါ ၆ မိုင်မှာ လေးချောင်းဆက်သံလမ်းများလဲလှယ်ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ကျန်ရှိသည့် ၅ မိုင်အားဘတ်ဂျက်နှစ်အတွင်းအမြန်ပြီးစီးရေး မြန်မာ့မီးရထားလုပ်ငန်းမှ ဝန်ထမ်းများနှင့် လုပ်သားများက နေ့ရောညပါဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အတွင်း ရန်ကုန်မြို့ပတ်လမ်းပိုင်းဖြစ်သော ကမာရွတ်-တညင်းကုန်းဘူတာထိအစုန်/အဆန် (၁၂) မိုင်ကိုလည်း လမ်းခင်းကျောက်လိုသည့်နေရာများ၌ ကျောက်များထပ်မံဖြည့်တင်း၍ ALL TM စက်ကြီးဖြင့် ပက်ကင်ရိုက်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိသည်။



ကြည့်မြင်တိုင်ဘူတာ၌ ရထားသံလမ်းများ Thermit Welding ဆက်ခြင်းလုပ်ငန်းများဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

မြန်မာ့မီးရထား၊ တိုင်းအမှတ်(၇) မှ လက်ထောက်အထွေထွေမန်နေဂျာ(မြို့ပြ)ဦးတင်မြင့်က "လက်ရှိ လေးချောင်းဆက်သံလမ်းများ Thermit Welding ဖြင့်ဆက်ခြင်းလုပ်ငန်းများကို ကြည့်မြင်တိုင်ဘူတာမှာအခြေပြုပြီး ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်ပြီးသံလမ်းများကိုတော့ လဲမယ့်လမ်းပိုင်းနေရာထိ RGC ထရော်လီဖြင့် သယ်ယူသွားပြီး ပြုပြင်ဆောင်ရွက်လျက်ရှိပါတယ်။ လေးချောင်းဆက်လဲပြီးတဲ့နေရာမှာ ကျောက်လိုရင်ကျောက်ထပ်ဖြည့်ရပါတယ်။ ရထားလမ်းမှာ ကျောက်ကအဓိကပါ။ သံလမ်းအဆက်လည်းနည်းသွားတာပေါ့။ ပြီးတော့ ရထားသွားတဲ့အခါမှာလည်း အရင်ကဆိုဂျိုင်းဆက်နေရာတွေရောက်ရင်အားနည်းချက်ရှိတော့ ခုန်ဆောင့်လူးဖြစ်တယ်။ အခုလိုလေးချောင်းဆက်လဲပြီးတဲ့အခါကျတော့ တစ်မိုင်မှာအဆက်ရေ ၃၄ နေရာပဲရှိတော့ပါတယ်။ ဒီတော့ သံလမ်းအဆက်ရေနည်းသွားပြီဆိုတော့ ဒါကိုကျောက်ထပ်ဖြည့်ပြီး စက်ပက်ကင်နဲ့ ရိုက်လိုက်တော့ခုန်ဆောင့်လူးမဖြစ်တော့ဘဲ ရထားစီးခရီးသည်များအတွက် သက်သောင့်သက်သာဖြစ်စေမှာဖြစ်ပါတယ်"ဟု ရှင်းပြခဲ့သည်။

မြန်မာ့မီးရထား၌တိုင်းအမှတ်(၁)မြစ်ကြီးနား၊ တိုင်းအမှတ်(၂)ရှာထောင်၊ တိုင်းအမှတ်(၃)မန္တလေး၊ တိုင်းအမှတ်(၄)ကလော၊ တိုင်းအမှတ်(၅)တောင်ငူ၊ တိုင်းအမှတ်(၆)ပဲခူး၊ တိုင်းအမှတ်(၇)ရန်ကုန်၊ တိုင်းအမှတ်(၈)မော်လမြိုင်၊ တိုင်းအမှတ်(၉)ဟင်္သာတ၊ တိုင်းအမှတ်(၁၀)ပခုက္ကူ၊ တိုင်းအမှတ်(၁၁)ပုဂံဟူ၍ခွဲခြားထားပြီး ရန်ကုန်-မန္တလေးလမ်းပိုင်းဖြစ်သည့် အရှည်မိုင် ၃၈၅ ဒသမ ၅မိုင် အတွင်း တိုင်းအမှတ်(၃)ဖြစ်သော မန္တလေးဘူတာမှ ရှာပုလဲဘူတာထိ(၇၆ ဒသမ ၁ မိုင် )၊ တိုင်းအမှတ်(၄)ဖြစ်သော ရှာပုလဲ၏လမ်းညွှန်မှုအထွေထွေမန်နေဂျာ(မြို့ပြ)နှင့် ဒုတိယအထွေထွေမန်နေဂျာ(မြို့ပြ)တို့၏ စီစဉ်ညွှန်ကြားမှု၊ တိုင်းအင်ဂျင်နီယာ(မြို့ပြ)များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် တိုင်းနယ်မြေအလိုက် ရထားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို နှစ်အလိုက် ဘတ်ဂျက်ရရှိမှုအပေါ် အခြေပြု၍ ကွန်ကရစ်ဇလီဖာတုံးများလဲလှယ်ခြင်း၊ ရထားလမ်းခင်းကျောက်များ ဖြည့်ခြင်း၊ ရထားလမ်းကျောက်ရရှိမှုပေါ် မူတည်ပြီး(Automatic Levelling, Lining & Tamping Machine) ALL TM စက်ကြီးများဖြင့် ပက်ကင်ရိုက်ခြင်းလုပ်ငန်းများကို မြန်မာ့မီးရထားလုပ်ငန်းမှ ဝန်ထမ်းများက ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ရန်ကုန်မြို့ပတ်လမ်းပိုင်းအား ဘူတာများလွန်စွာနီးကပ်နေသဖြင့် ရထားပြေးဆွဲချိန်ကို တစ်နာရီ ၂၅ မိုင်နှုန်းသတ်မှတ်ထားကြောင်း၊ ရန်ကုန်မြို့ပတ်လမ်းပိုင်းကို ALL TM စက်ကြီးဖြင့် ပက်ကင်ရိုက်ခြင်းလုပ်ငန်းအားလာမည့်ဇန်နဝါရီလကုန်ပိုင်းတွင် အပြီးသတ်ဆောင်ရွက်မည်ဖြစ်ကြောင်း မြန်မာ့မီးရထားတိုင်းအမှတ်(၇) ရန်ကုန်၊ မြို့ပြအင်ဂျင်နီယာဌာနမှ သိရသည်။

**စိုးဝင်း(MLA)**

## ငြိမ်းချမ်းပါစေ မြန်မာပြည်

✳ ဗုဒ္ဓသာသနာ
ရောင်ဝါနေသို့လင်းပါစေ။
✳ ကျောင်းကန်ဘုရား
စေတီများ မားမတ်တည်ပါစေ။
✳ တောတောင်ရေမြေ
စိုပြည်စိမ်းလန်းပါစေ။
✳ မြေပေါ်မြေအောက်
စိန်ရွှေကျောက်ထွန်းတောက်ပါစေ။
✳ ဓာတ်ငွေ့ရေနံ
သယံဇာတကြွယ်ဝပါစေ။
✳ စပါးကျွန်းသစ်
ထွန်းသစ်လှိုင်ပါစေ။
✳ ပြည်ထောင်စုသားချင်း
မေတ္တာနှင်းချစ်ခြင်းတည်ပါစေ။
✳ ပြည်တွင်းစစ်သိမ်း
ချုပ်ငြိမ်းအေးချမ်းပါစေ။
✳ လေ ရေ မီး မြေ ဘေး
ကင်းဝေးငြိမ်းအေးပါစေ။
✳ မြန်မာ့ ဒီမိုကရေစီ စနစ်
ထွန်းသစ်အောင်ပါစေ။
✳ တို့ပြည်တို့နန်း
ငြိမ်းချမ်းတဲ့ပြည်
တည်ပါစေသောဝ်...
တည်ပါစေသောဝ်...
တည်ပါစေသောဝ်...။ ။

မြန်မာပြည်-ညဏ်ပွင့်အောင်

## ရေကြောင်းသတိပေးချက် ထုတ်ပြန်

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေး လုပ်ငန်းများတွင် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော BG Exploration and Production သည် ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-4နှင့် AD-02 တို့တွင် 3D Seismic Survey လုပ်ငန်းများကို M/V RAMFORM SOVERREIGN (Call Sign:9VBN9) ဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့မှ ၂၀၁၆ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ 3D Seismic Survey တိုင်းတာဆောင်ရွက်မည့် ဧရိယာကို ဖော်ပြသည့် Coorgonates များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

| Point | Latitude | Longitude |
|---|---|---|
| A | 19˚ 07' 00.00"N | 92˚ 02'00.00"E |
| B | 19˚ 14' 00.00"N | 93˚ 24'00.00"E |
| C | 19˚ 00' 00.00"N | 93˚ 29'00.00"E |
| D | 18˚ 10' 00.00"N | 94˚ 02'00.00"E |
| E | 18˚ 13' 00.00"N | 92˚ 01'00.00"E |

၃။ သို့ဖြစ်ပါ၍ ရခိုင်ကမ်းလွန်လုပ်ကွက်အမှတ် A-4 နှင့် AD-02 တို့တွင် 3D Seismic Survey လုပ်ငန်းများကို M/V RAMFORM SOVERREIGN ဖြင့် ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့မှ ၂၀၁၆ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ လုပ်ငန်းဆောင်ရွက်နေစဉ် လုပ်ငန်းကြန့်ကြာမှု မဖြစ်ပေါ်စေရေးအတွက် အထက်ဖော်ပြပါလုပ်ငန်းဆောင်ရွက်မည့် ဧရိယာမှ ၄ ကီလိုမီတာပတ်လည်အတွင်း သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များဖြတ်သန်းသွားလာခြင်းနှင့် ကျောက်ချရပ်နားခြင်း၊ ငါးဖမ်းခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်းမရှိစေရန် ရေကြောင်းသတိပေးချက် (Notice to Mariners) အား ထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

**(ကြေးမုံ)**

## ဧရာဝတီမြစ်ရေကျဆင်းသွားပြီဖြစ်၍ မြစ်ကမ်းဘေး နုန်းတင်မြေနုများတွင် ဆောင်းသီးနှံစိုက်ပျိုးနိုင်တော့မည်

**ညောင်တုန်း နိုဝင်ဘာ ၂**

ညောင်တုန်းမြို့နယ်၌ ဧရာဝတီမြစ်ရေသည် သုံးကြိမ်တိုင်တက်ခဲ့ပြီး ယခုအခါ မြစ်ရေကျဆင်းသွားပြီဖြစ်သဖြင့် ဧရာဝတီမြစ်ကမ်းဘေးရှိ နုန်းတင်မြေနု ကိုင်းမြေများတွင် ဆောင်းသီးနှံမျိုးစုံကို ထွန်ယက် စိုက်ပျိုးနိုင်တော့မည်ဖြစ်ရာ ပေါ်ထွန်းလာသော ကိုင်းမြေများပေါ်တွင် အမှိုက်များရှင်းလင်းခြင်း၊ စင်တင် သီးနှံများစိုက်ပျိုးရန် စင်များစတင်တည်ဆောက်ခြင်း၊ ကိုင်းမြေများထွန်ယက်ခြင်းများကို တောင်သူလယ်သမားများ ဆောင်ရွက်နေကြပြီဖြစ်သည်။

ပေါ်ထွန်းလာသော မြေနုကိုင်းမြေများပေါ်တွင် စားသုံးသီးနှံမျိုးစုံ၊ ဘူး၊ သခွားအပါအဝင် စင်တင်သီးနှံမျိုးစုံ၊ ပြောင်း၊ ပဲမျိုးစုံတို့ကို စိုက်ပျိုးကြရန် ပြင်ဆင်နေပြီဖြစ်သည်။

"ဒီနှစ် ဧရာဝတီမြစ်ရေ သုံးကြိမ်သုံးခါတက်ပြီးလို့ စိတ်ချရပါပြီ။ နောက်တစ်ကြိမ် ရေပြန်တက်ဖို့တော့ မရှိတော့ပါဘူး။ ဆောင်းသီးနှံမျိုးစုံကို စိတ်ချလက်ချ စိုက်ပျိုးနိုင်ကြပါပြီ။ ဒီနှစ်ကိုင်းမြေတွေ မြစ်ရေသိသိသာသာ နစ်မြုပ်ခံခဲ့ရပြီး နုန်းမြေတွေ တင်ကျန်ခဲ့လို့ စိုက်ပျိုးမယ့် ဆောင်းသီးနှံမျိုးစုံ သိသိသာသာအထွက်ကောင်းမှာပါ"ဟု ညောင်တုန်းမြို့နယ် ဧရာဝတီမြစ်ကမ်းဘေး ကိုင်းမြေများတွင် ဆောင်းသီးနှံစိုက်ပျိုးသူ ဦးဝင်းမောင် က ပြောသည်။

ဆောင်းသီးနှံစိုက်ပျိုးသူများ ငွေကြေးအခက်အခဲမရှိစေရေးအတွက် ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးပေးလျက်ရှိရာ ဆောင်းသီးနှံစိုက်ပျိုးစရိတ်ချေးငွေများ တိုးမြှင့်ထုတ်ချေးပေးရန်လည်း တောင်သူများက လိုလားလျက်ရှိသည်။

**နေလင်း(ညောင်တုန်း)**

**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

## YouTubeမှာကြည့်ရှုသူ သန်းတစ်ရာကျော်သွားပြီဖြစ်တဲ့ စူပါဂျူနီယာရဲ့“Mr. Simple”

တောင်ကိုရီးယားပေါ့ပ်တေးဂီတအဖွဲ့များအနက် ကျော်ကြားသည့် အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သော “Super Junior”၏ တေးသီချင်းသစ်“Mr. Simple”သည် YouTube၏ တေးဂီတဝက်ဘ်ဆိုက်ဒ်တွင် နိုဝင်ဘာ ၁ရက်နေ့၌ ကြည့်ရှုသူသန်းတစ်ရာကျော်သွားခဲ့ပြီဖြစ်သည်။

ထိုကဲ့သို့ ကြည့်ရှုသူသန်းတစ်ရာကျော်ရရှိခဲ့ခြင်းသည် တောင်ကိုရီးယား တေးဂီတအဖွဲ့အချို့သာ ထိတွေ့ခွင့်ရသော အခွင့်အရေးလည်းဖြစ်သည်။ “Super Junior”အပြင် ကြည့်ရှုသူသန်းတစ်ရာကျော်ရရှိခဲ့ဖူးသော အခြားတေးဂီတအဖွဲ့များမှာ “BIGBANG”၊ “Girls’ Generation”နှင့် “2NE1”တို့ဖြစ်ကြပြီး အဆိုတော်ဟွန်အနှင့် “PSY”၏တေးသီချင်းတို့သည်လည်း သန်းတစ်ရာကျော်ရရှိခဲ့ဖူးသည်။

Super Junior ၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ရယ်ဆန်းကလည်း အဖွဲ့၏အောင်မြင်မှုအပေါ် ဂုဏ်ယူမိကြောင်း သူ၏ အင်စတာဂရမ်စာမျက်နှာမှ တစ်ဆင့်ရေးသားဖော်ပြခဲ့သည်။

အေး
jynf
ရေး
သား
သည်။



## One Direction၏ အနားမယူမီနောက်ဆုံးဖျော်ဖြေပွဲ ပြုလုပ်

ဗြိတိန်အမျိုးသားပေါ့ပ်တေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် “One Direction”သည် ဂီတနှင့်ပတ်သက်သည့် လှုပ်ရှားမှုများကို ခေတ္တရပ်နားထားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးနောက် အနားမယူမီ နောက်ဆုံးသောတေးဂီတဖျော်ဖြေပွဲကို ပြီးခဲ့သည့် စနေနေ့က ပြုလုပ်ခဲ့သည်။

အင်္ဂလန်နိုင်ငံ ရှက်ဖီးကွင်းအတွင်းပြုလုပ်ခဲ့သည့် ယင်းဖျော်ဖြေပွဲသည် အဖွဲ့၏နယ်လှည့်ဖျော်ဖြေရေးခရီးစဉ်အတွင်း နောက်ဆုံးသောပွဲစဉ်လည်း ဖြစ်သည်။

ယင်းဖျော်ဖြေရေးပွဲစဉ်အတွင်း “One Direction”သည် ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၂၀ တွင် ဖျော်ဖြေရေးပွဲစဉ်ပေါင်းရှစ်ဆယ်ကျော် ပြုလုပ်ခဲ့သည်။ နောက်ဆုံးပွဲတွင် အဖွဲ့ဝင်များဖြစ်ကြသည့် လီယမ်ပိန်း၊ နေးလ်ဟော်ရန်၊ လူးဝစ် တွန်လစ်စန်နှင့် ဟယ်ရီစတိုင်တို့လေးဦးသည် ပရိသတ်နှင့်တရင်းတနှီးနှုတ်ဆက်ခဲ့ပြီး နှစ်နာရီနီးပါးကြာအောင် တေးသီချင်းများ သီဆိုဖျော်ဖြေခဲ့သည်။

ဖျော်ဖြေပွဲအတွင်း နေးလ်က သူ့အနေဖြင့်အဖွဲ့၏ ပထမဦးဆုံးသော ပရိသတ်ရှေ့တွင် ဖျော်ဖြေခွင့်ရခဲ့သည့်ပွဲကို သတိတရမှတ်မိနေကြောင်း၊ စကော့တလန်နိုင်ငံရှိ နိုက်ကလပ်တစ်ခုအတွင်းစတင်ဖျော်ဖြေခဲ့ရသည်မှာ ငါးနှစ်ခန့်ကြာခဲ့ပြီဖြစ်သော်လည်း မနေ့ကကဲ့သို့ပင်ခံစားရကြောင်း ပရိသတ်အား ရင်ဖွင့်ပြောကြားခဲ့သည်။

ဖျော်ဖြေပွဲအပြီးတွင်လည်း သူက “ကျွန်တော်တို့အဖွဲ့ဖျက်သိမ်းလိုက်ပြီ၊ အနုပညာလှုပ်ရှားမှုတွေရပ်နားလိုက်ပြီဆိုတဲ့ သတင်းတွေကြားရရင်မယုံပါနဲ့။ ကျွန်တော်တို့ ခေတ္တပဲ ရပ်နားထားတာပါ”ဟု သူ၏အင်စတာဂရမ်စာမျက်နှာမှတစ်ဆင့် ရေးသားဖော်ပြခဲ့သည်။

အဖွဲ့ဝင်တစ်ဦးဖြစ်သော ဟယ်ရီကလည်း သူ့အနေနဲ့ လာရောက်အားပေးခဲ့သော ပရိသတ်ကြီးကို အထူးကျေးဇူးတင်ကြောင်း သူ၏ အင်စတာဂရမ်စာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

“One Direction” သည် အဖွဲ့၏လှုပ်ရှားမှုများရပ်နားထားမည့်အချိန်အတိုင်းအတာနှင့်ပတ်သက်၍ တစ်စုံတစ်ရာအတည်ပြုပြောကြားခြင်းမရှိပေ။



## လီဂျွန်ဂီ တောင်ကိုရီးယားသို့ပြန်လည်ရောက်ရှိ

ရုပ်ရှင်သစ် “Resident Evil 6”ကို ရိုက်ကူးဖို့အတွက် ဟောလိဝုဒ်ကို ရောက်ရှိနေခဲ့တဲ့ တောင်ကိုရီးယားမင်းသားချော လီဂျွန်ဂီဟာ ရိုက်ကူးရေးလုပ်ငန်းတွေပြီးဆုံးသွားခဲ့ပြီမို့ ပြီးခဲ့တဲ့ ဗုဒ္ဓဟူးနေ့က အမိမြေကို ပြန်လည်ခြေချခဲ့ပြီဖြစ်ပါတယ်။

ယင်းရုပ်ရှင်သစ်ရဲ့ ရိုက်ကူးရေးလုပ်ငန်းတွေကို တောင်အာဖရိကမှာ သွားရောက်ရိုက်ကူးအပြီးမှာ အဆုံးသတ်ခဲ့တာဖြစ်ပါတယ်။

လီဂျွန်ဂီဟာ သူ့ရဲ့ တောင်ကိုရီးယားရုပ်သံဇာတ်လမ်းတွဲ “Scholar Who Walks the Night”ကို ရိုက်ကူးအပြီးမှာ ရုပ်ရှင်သစ်အတွက် ဟောလိဝုဒ်ကို သွားရောက်ခဲ့တာဖြစ်ပါတယ်။

လတ်တလောမှာ လီဂျွန်ဂီဟာ တရုတ်ရုပ်သံအစီအစဉ်တစ်ခုဖြစ်တဲ့ “Meeting With a God’ကို ရိုက်ကူးပြီးစီးခဲ့ပြီဖြစ်ကာ ယင်းအစီအစဉ်ကို တောင်ကိုရီးယားမှာ နိုဝင်ဘာ ၂ရက်က ထုတ်လွှင့်ပြသခဲ့ပါတယ်။



## နေအိမ်အတွင်းမှာ လူမှုကွန်ရက်မီဒီယာအသုံးပြုခြင်းကို တားမြစ်ထားတဲ့ ကိတ်ဝင်းစလက်ထ်

ဟောလိဝုဒ်၏ကြယ်ပွင့်တစ်ပွင့်ဖြစ်သော “Titanic”မင်းသမီးချော ကိတ်ဝင်းစလတ်သည် သူ၏နေအိမ်အတွင်း ကလေးများကို လူမှုကွန်ရက်မီဒီယာသုံးစွဲခြင်းကို တားမြစ်ထားကြောင်း စကိုင်းနယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

ယင်းမီဒီယာများသုံးစွဲခြင်းသည် ကလေးများအပေါ် ဖိအားများသက်ရောက်စေသည့်အတွက် ယခုကဲ့သို့ တားမြစ်ရခြင်းဖြစ်ကြောင်း မင်းသမီးက ဆိုခဲ့သည်။

ဆက်လက်ပြီး မင်းသမီးက “ကလေးတွေ ဒီလူမှုကွန်ရက်မီဒီယာတွေကို သုံးစွဲလာခြင်းရဲ့အကျိုးဆက်အနေနဲ့ ပထမဆုံးဖြစ်လာတဲ့အရာကတော့ သူတို့တွေ ထမင်းစားချိန်မမှန်တော့တာပါပဲ။ အဲ့ဒီလို သူတို့တွေအစားအစာကို ပုံမှန်မစားရင်ကျွန်မစိတ်မကောင်းဖြစ်ရတယ်။ ဒေါသဖြစ်ရတယ်။ ဒ့ါကြောင့်အိမ်မှာ ကလေးတွေကို မသုံးဖို့ တားမြစ်ထားရတာ”ဟု ပြောကြားခဲ့သည်။

အင်္ဂလန်နိုင်ငံ၌ စက်တင်ဘာလအတွင်းက ထုတ်ပြန်ခဲ့သော လေ့လာချက်တစ်ရပ်၏စစ်တမ်းများအရ ဆယ်ကျော်သက်များအနေဖြင့် လူမှုကွန်ရက်မီဒီယာများကို အသုံးပြုခြင်းကြောင့် ရရှိလာသည့် ဖိအားများသည် စိတ်ကျရောဂါ၊ စိတ်ပူပန်မှု၊ ကိုယ့်ကိုယ်ကိုယ်တန်ဖိုးထားမှုလျော့နည်းလာခြင်းနှင့် အအိပ်အနေနည်းပါးလာခြင်းများကို ဖြစ်စေကြောင်း တွေ့ရှိခဲ့ရသည်ကို ဖတ်ရှုခဲ့ရပြီးနောက် မင်းသမီးက သူ၏ရင်သွေးလေးသုံးဦးအား ယခုကဲ့သို့ တားမြစ်ခဲ့ခြင်းဖြစ်သည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

၃ - ၁၁ -၂၀၁၅ (အင်္ဂါနေ့)

### မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

| | | | |
|---|---|---|---|
| ၆း၀၀ | အဖွင့် - ခြေခြေမြစ်မြစ် နှစ်နှစ်ကာကာ ချစ်တဲ့ ကာလပေါ်တေးအရသာ ဂီတရိပ်သာ (ကိုတင်လှိုင်) | | “သက်လယ်ရွှေသွေး” (စောမြတ်နိုး၊ ကိုးကိုးအောင်၊ သူရဖြိုး၊ စောယုနန္ဒာ၊ ခိုင်သဇင်) (ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)) |
| ၆း၂၀ | “ဗလာ” | ၉း၄၀ | ABU Radio Song Festival |
| ၆း၃၀ | ကြယ်ပွင့်များရဲ့ရင်ခုန်သံ | ၁၀း၀၀ | ပြည်သူ့နီတိ“ကမ္ဘာမြေအတွက် လက်ဆောင်” |
| ၆း၅၀ | ဝတ်စားဆင်ယင်မှုပြပွဲ | ၁၀း၂၅ | မြန်မာဗီဒီယိုဇာတ်လမ်း “ကြမ်းတမ်းစွာနူးညံ့သော” (ရဲတိုက်၊ ဝတ်မှုန်ရွှေရည်) (ဒါရိုက်တာ-ရီဇော်) |
| ၈း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ “မင်္ဂလာပါဂင်ချီ” (အပိုင်း-၂၇) | | |
| ၈း၄၅ | တေးဂီတအစီအစဉ် | | |
| ၉း၀၀ | ဟိုးတုန်းက. . . ရေဒီယို အသံလွှင့်ဇာတ်လမ်းများ | | |

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ်ပြသပါမည်။**

### MRTV - 4

| | | | |
|---|---|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ မေတ္တာသုတ် | | (အပိုင်း-၁၀၂) |
| ၅း၄၀ | “မိဘနှင့် နောင်တ” တရားတော် [ဆရာတော် ဒေါက်တာ အရှင်ကိတ္တိသာရ (ချောင်းဦးဆရာတော်)] | ၄း၀၀ | Cartoon Series (English Playground) |
| ၁၀း၅၅ | ရန်ကုန်မြင်ကွင်းကျယ် (Chevrolet 1st Anniversary) | ၄း၂၀ | ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ |
| ၁၁း၀၅ | သွားမယ်စားမယ် (Color Stone) | ၆း၁၀ | Health Fix |
| ၁၁း၃၀ | Forever Music Tribute [Hip Hop Show Time (အပိုင်း-၆)‘ (ဒုတိယပိုင်း) | ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” (ဇာတ်သိမ်းပိုင်း) |
| ၁၂း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၈၅) | ၈း၂၀ | ရသစုံညွှန်းတမ်းများ |
| ၂း၂၀ | မြန်မာရုပ်သံဇာတ်လမ်းတွဲ "Flowerfs & Butterflies" | ၈း၄၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “မျဉ်းပြိုင်ကြားကမေတ္တာများ” (အပိုင်း-၂၄) |
| ၃း၀၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ” | ၉း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၈၆) |
| | | ၁၀း၁၅ | Art 15 Art Exhibition အကြိုစကားဝိုင်း |
| | | ၁၁း၁၅ | World of Knowledge |

### မြဝတီ

| | | | |
|---|---|---|---|
| ၆း၀၃ | တရားတော် | ၅း၁၅ | သူတို့အကြောင်း |
| ၆း၁၅ | မေတ္တာပို့ | ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်းအပိုင်း(၆၉) |
| ၆း၂၀ | ဓမ္မပူဇာတေး | ၆း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၆း၃၅ | မျိုးချစ်တပ်မတော် | ၆း၀၅ | အမျိုးသားရေးတေးကဗျာ |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် | ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သည်းခြားချစ်လိပ်ပြာ အပိုင်း(၃၃) |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ | | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၄ | အမျိုးသားရေးတေးကဗျာ | | အမျိုးသားရေးတေးကဗျာ |
| ၈း၁၀ | စိုက်ပျိုးသုတ | | နိုင်ငံတကာသတင်း |
| ၈း၂၅ | မြတ်နိုးစရာရိုးရာလက်မှုပညာ | | မိုးလေဝသသတင်း |
| ၈း၃၅ | ခရီးလည်းသွားစကားလည်းဆို | | ဟာသရုပ်စုံ |
| ၈း၄၅ | မြဝတီနေ့စဉ်သတင်း | | ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် |
| ၄း၀၈ | တစ်ပတ်အတွင်းစိုက်ပျိုးရေးသတင်း | | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ခနတံတိုင်းရဲ့တစ်ဖက်တစ်ချက် အပိုင်း(၂၈) |
| ၄း၁၅ | အမျိုးသားရေးတေးကဗျာ | | |
| ၄း၂၀ | မျိုးချစ်တပ်မတော် | | |
| ၄း၂၅ | အလွမ်းတေးပန်းချီချစ်သူဆီ | | |
| ၄း၃၅ | အင်္ဂလိပ်စာသုတ | | |
| ၄း၄၅ | မြန်မာသံစဉ်ချိုနားဝင် | | |
| ၅း၀၀ | သာယာသီကြွေးခေတ်ဆန်းတေး | | |

### mitv

| | |
|---|---|
| 07:25 | "Insight Myanmar: Myanmar Election Tech in Voters' Education |
| 07:50 | "Yangon Markets: Mingalar Wholesale Market |
| 08:26 | "To My Dream City (Part- 2) |
| 08:44 | "Myanmar General Election 2015 (Ambassodor of Israel) |
| 08:46 | "Hip-Hop and Design |
| 08:51 | "Today Myanmar: Technology in Election |
| 09:26 | "International Dances in Myanmar |
| 09:45 | "Chinlone & The Dreams of the players |
| 10:26 | "Myanmar Entrepreneur: Entrepreneur "Soe Nyi Nyi" |
| 10:35 | "The World's Largest Book |
| 06:26 | Let's Cook (EP-8) Caesar Salad and Scrumptious Crackers with Assorted |
| 06:51 | "Myanmar Entrepreneur: Entrepreneur "Soe Nyi Nyi" |
| 07:26 | "A Day Out With Sarah (EP-6) |
| 08:26 | "Myanmar's Traditions and Culture "A stir about of Rainbows" |
| 08:50 | "Chef Life "Kyi Soe" |

## အမျိုးသားဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးအပ်ပွဲကျင်းပ

**တပ်ကုန်း နိုဝင်ဘာ ၂**

ကျေးရွာအုပ်စုအဆင့်မှ ရပ်ကွက်၊ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးနှင့် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲများကို ဝင်ရောက် ယှဉ်ပြိုင်နိုင်ရေး၊ လူငယ်ကစားသမားများ အားကစားကို ချစ်မြတ်နိုးစေရေးနှင့် ကျေးရွာအုပ်စုအဆင့်မှ အားကစားကို မြှင့်တင်ပေးရေး ရည်ရွယ်လျက် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရှားတောကျေးရွာတွင် အမျိုးသား အလွတ်တန်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက် ညနေပိုင်းတွင် ရှားတောကျေးရွာဘောလုံးကွင်းတွင် ကျင်းပခဲ့သည်။

ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် နဂါးနီဘောလုံးအသင်းနှင့် သရဲနီဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ နဂါးနီအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားကြောင်း သိရသည်။ ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဒုတိယရရှိသော သရဲနီအသင်းနှင့် ပထမရရှိသော နဂါးနီအသင်းတို့ကို ဆုများပေးအပ်ချီးမြှင့်ပြီး နေရာအလိုက် အကောင်းဆုံး ဘောလုံးသမားဆုနှင့် ဆုဖလားတို့ကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အားကစားဆပ်ကော်မတီတို့က ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇင်ဘို**

# MFF U-13 Girls 100 PLUS Super Cup 2015

# ချန်ပီယံဆု ဧရာဝတီတိုင်းဒေသကြီးအသင်း ဆွတ်ခူး

**နေပြည်တော် နိုဝင်ဘာ ၂**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပ၍ 100 PLUS မှ အဓိကစပွန်ဆာအဖြစ် ပံ့ပိုးကူညီသည့် MFF U-13 Girls 100 PLUS Super Cup 2015 တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် (၁၃) နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို နိုဝင်ဘာ ၁ ရက် ညနေ ၄ နာရီက ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ ပြုလုပ်ခဲ့သည်။

ဗိုလ်လုပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးအသင်းက ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး ချန်ပီယံဆုဖလားအား ဆွတ်ခူးနိုင်ခဲ့သည်။ ယနေ့ နံနက်ပိုင်းက ကျင်းပသည့် တတိယနေရာလုပွဲတွင်မူ ရှမ်း(တောင်)က ပဲခူး(အရှေ့)ကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး တတိယဆု ရရှိသွားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကို ကျင်းပရာ စတုတ္ထနေရာရ ပဲခူး(အရှေ့)အသင်းအား ဆုငွေ ကျပ် ၅ သိန်းကို အမျိုးသမီး ဘောလုံးကော်မတီဝင် ဒေါ်မီးမီးကလည်းကောင်း၊ တတိယဆုရရှိသည့် ရှမ်း(တောင်)အသင်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အမျိုးသမီးဘောလုံးကော်မတီ ဒုတိယ ဥက္ကဋ္ဌ ဒေါ်ငွေငွေခိုင်က ဆုတံဆိပ်နှင့် ဆုကြေးငွေ ကျပ်၁၀ သိန်းကို လည်းကောင်း၊ ဒုတိယဆုရ ရန်ကုန်တိုင်းဒေသကြီးအသင်းကို အမျိုးသမီးဘောလုံးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်စံပါယ်ကြည်က ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ် ၁၅ သိန်းကို လည်းကောင်း၊ ပထမဆုရ ဧရာဝတီတိုင်းဒေသကြီး အသင်းကို MFF အမှုဆောင် ဖွဲ့ကပင်ယူနိုက်တက်အသင်းပိုင်ရှင် ဦးလှငွေးက ဆုတံဆိပ်နှင့် ဆုကြေးငွေကျပ်သိန်း ၂၀ ချီးမြှင့်ခဲ့ပြီး ချန်ပီယံဆုဖလားကို အာဆီယံဘောလုံးအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က ကစားသမားများအား ပေးအပ်ချီးမြှင့်ခဲ့သည်။ **(အပေါ်ပုံ)**




MFF U13 Girls 100 PLUS Super Cup 2015 ပြိုင်ပွဲအား အောက်တိုဘာ ၂၄ ရက်မှ စတင်ကာ နိုဝင်ဘာ ၁ ရက်အထိ ပဒုမ္မာကွင်းနှင့် စလင်းကွင်းတို့တွင် ကျင်းပခဲ့ခြင်းဖြစ်သည်။ အဆိုပါ ပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အခြေခံပညာအဆင့် အသင်းပေါင်း ၁၈ သင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး လာမည့်နှစ်များတွင်လည်း အဆိုပါ ကစားသမားများ ဆက်လက်ယှဉ်ပြိုင်နိုင်ရေးအတွက် ယူ-၁၄ အဆင့်ပြိုင်ပွဲများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

**မောင်မောင်ဇော်**

## လိုင်ယွန်နည်းပြဟောင်း ရီမီဂါဒီအား အက်စတွန်ဗီလာနည်းပြသစ်အဖြစ် ခန့်အပ်မည်



ပရီမီယာလိဂ်ကလပ် အက်စတွန်ဗီလာအသင်းသည် နည်းပြတင်ရှားဝုဒ်နေရာတွင် အစားထိုးရန် လိုင်ယွန်နည်းပြဟောင်း ရီမီဂါဒီအား နည်းပြသစ်အဖြစ် ခန့်အပ်သွားမည်ဖြစ်ကြောင်း သိရသည်။ နည်းပြတင်ရှားဝုဒ်ကိုလည်း အက်စတွန်ဗီလာအသင်းက ပြီးခဲ့သည့်သတင်းပတ်အတွင်းက ထုတ်ပယ်ခဲ့ခြင်းဖြစ်သည်။

ပြင်သစ်နိုင်ငံသား နည်းပြ ရီမီဂါဒီသည် အက်စတွန်ဗီလာအသင်းနှင့် သုံးနှစ်ခွဲ သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုလိမ့်မည်ဖြစ်ပြီး အက်စတွန်ဗီလာအသင်းမှာ ပရီမီယာလိဂ် ၁၀ ပွဲကစားပြီးချိန်တွင် ရမှတ်လေးမှတ်သာ ရရှိထားခြင်းကြောင့် အမှတ်ပေးဇယားအောက်ခြေတွင် ရပ်တည်လျက်ရှိသည့်အသင်းဖြစ်သည်။

ဘတ်စတီယာနည်းပြ ရီဂီနယ်ရေးသည်လည်း ရီမီဂါဒီ၏ လက်ထောက်နည်းပြဖြစ်လာလိမ့်မည်ဖြစ်ပြီး လာမည့် တစ်ပတ်တွင် မန်စီးတီးအသင်းအား အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားရမည့် ပရီမီယာလိဂ် ပွဲစဉ်(၁၂)တွင် အက်စတွန် ဗီလာအသင်းကို စတင်ကိုင်တွယ်မည်ဖြစ်ကြောင်း သိရသည်။

နည်းပြရီမီဂါဒီသည် ၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ လိုင်ယွန်အသင်းကို ကိုင်တွယ်ခဲ့စဉ် သုံးရာသီကာလအတွင်း ပြင်သစ်ပထမတန်း အမှတ်ပေးဇယားတွင် အဆင့်(၄)၊ အဆင့်(၃)နှင့် အဆင့်(၅)အသီးသီးရပ်တည်နိုင်အောင်စွမ်းဆောင်ပေးနိုင်ခဲ့သည့် နည်းပြတစ်ဦးဖြစ်ပြီး ၎င်း၏ ပုဂ္ဂိုလ်ရေးဆိုင်ရာနှင့် မိသားစုအရေးအတွက် လိုင်ယွန်အသင်းနှင့် လမ်းခွဲခဲ့ခြင်း ဖြစ်သည်။

ရီမီဂါဒီသည် အာဆင်နယ်အသင်းတွင် ကွင်းလယ်ကစားသမားအဖြစ် ပါဝင်ကစားခဲ့သူဖြစ်ပြီး ကစားသမားဘဝမှ အသက်(၃၃) နှစ်အရွယ်တွင် အနားယူခဲ့ကာ ၂၀၁၁ ခုနှစ်တွင် လိုင်ယွန်အသင်းနည်းပြအဖြစ် စတင်ကိုင်တွယ်ခဲ့သူဖြစ်သည်။

**ငွေကြယ်**

## ဘိုင်ယန်အား အာဆင်နယ်ခံစစ်ဖြင့် ကစားမည်မဟုတ်ဟု ဂါဘရီရယ်ကတိပြု

အာဆင်နယ်နောက်ခံကစားသမား ဂါဘရီရယ်က လာမည့် ပွဲစဉ်တွင် အာဆင်နယ်မှာ ဘိုင်ယန်အား အဝေးကွင်းတွင်သွားရောက်ရင်ဆိုင်ရမည်ဖြစ်သော်လည်း ရလဒ်ကောင်းမွန်ရန် လိုအပ်နေဆဲဖြစ်သဖြင့် ပွဲချိန်ပြည့်ခံစစ်ဖြင့် ကစားမည်မဟုတ်ကြောင်း ပရိသတ်များအား ပွဲကြိုသတင်းပေးခဲ့သည်။ အာဆင်နယ်သည် ဘိုင်ယန်အား အိမ်ကွင်းတွင် ရင်ဆိုင်ခဲ့ရစဉ်က တိုက်စစ်ဖွင့်ကစားကာ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သောကြောင့် ချန်ပီယံလိဂ်အုပ်စုတက်ရေး မျှော်လင့်ချက်ကို ဆက်လက်ရှင်သန်ခိုင်မာအောင်ပံ့ဖော်နိုင်ခဲ့သည်။

ထို့ကြောင့် အားကစားသုံးသပ်သူများက အာဆင်နယ်အနေဖြင့် ဘိုင်ယန်အား ခံစစ်ဦးစားပေးကစားဟန်ဖြင့် ရမှတ်တစ်မှတ်သာရရှိအောင် ကြိုးပမ်းလိမ့်မည်ဖြစ်ကြောင်း ခန့်မှန်းပြောကြားခဲ့ရာ ဂါဘရီရယ်က အာဆင်နယ်မှာ ရမှတ်လိုအပ်ချက်မြင့်မားနေဆဲ အနေအထားကြောင့် ခံစစ်ချည်းသက်သက်ဖြင့်ရင်မဆိုင်ဘဲ ကလပ်အသင်း၏ ကစားဟန်အတိုင်း တိုက်စစ်ဖွင့်ကာ ဆက်လက်ကစားဦးမည်ဖြစ်ကြောင်းဆိုခဲ့သည်။

“ ကျွန်တော်တို့အသင်း အဝေးကွင်းမှာ ကစားရင် အသင်းရဲ့ ကစားဟန်အနေအထားတွေ ပြောင်းလဲတတ်တာ ရှိပါတယ်။ ဒါပေမယ့် ဒါက ပွဲချိန်ပြည့် ခံစစ်ချည်းသက်သက်နဲ့ ကစားမယ်လို့တော့ ဆိုလိုတာမဟုတ်ပါဘူး။ ကျွန်တော်တို့ကလည်း အသင်းကြီးဖြစ်ပြီး တိုက်စစ်ဖွင့် ကစားတတ်တဲ့အသင်းပါ။ ရလဒ်ကောင်းတစ်ခုရဖို့လည်း အခုချိန်မှာ လိုအပ်နေဆဲဖြစ်တာမို့ ခံစစ်နဲ့ ချည်းကစားမှာ မဟုတ်ပါဘူး။သေချာတာတော့ အာဆင်နယ်အနေနဲ့ ဘိုင်ယန်ကို မရှုံးအောင် ကစားမှာပါ” ဟု ဂါဘရီရယ်က သတင်းပေးခဲ့သည်။

ထို့ပြင် အာဆင်နယ်နောက်တန်းကစားသမား မာတီဆက်ကာက အာဆင်နယ်ကို ရှုံးနိမ့်ခဲ့သဖြင့် နိုင်ပွဲဆက်အနေအထားရပ်တန့်သွားသောကြောင့် ဒေါသထွက်နေသော ဘိုင်ယန်မှာ ပွဲချိန်ပြည့် ထိုးဖောက်တိုက်စစ်ဆင်မည်ဖြစ်ရာ အာဆင်နယ်အနေဖြင့် သေချာပေါက် အခက်တွေ့လိမ့်မည်ဖြစ်ကြောင်း အသင်းဖော်များအား သတိပေးစကားပါးခဲ့သည်။ **မေလှဲ့သင်း**



## ချန်ပီယံလိဂ်တွင် မန်စီးတီး ချန်ပီယံဖြစ်ရန် အဆင့်တစ်ရပ်လိုအပ်နေဆဲဟုကွန်ပနီဝန်ခံ

မန်စီးတီးအသင်းခေါင်းဆောင် ဗင်ဆင့်ကွန်ပနီက မန်စီးတီးအနေဖြင့် ချန်ပီယံလိဂ်တွင် ချန်ပီယံအဖြစ်အောင်ပွဲခံနိုင်ရန် အဆင့်တစ်ရပ် လိုအပ်နေဆဲဖြစ်သည်ဟု ဝန်ခံပြောကြားလိုက်သည်။ ဆီဗီလာအား ရင်ဆိုင်ရမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ကွန်ပနီမှာ ဝင်ရောက်ကစားနိုင်မည်မဟုတ်ပေ။ မန်စီးတီးမှာ ပရီမီယာလိဂ်တွင် အရှိန်အဟုန်ကောင်းကောင်းဖြင့် ချီတက်နေသော်လည်း ချန်ပီယံလိဂ်ကဲ့သို့ ပြိုင်ဆိုင်မှုပြင်းထန်သည့် ပြိုင်ပွဲများတွင်မူ ချန်ပီယံဖြစ်နိုင်ရန်မှာ ဝေးကွာနေဆဲဖြစ်သည်ဟု ကွန်ပနီကဆိုခဲ့သည်။

မန်စီးတီးကစားသမားများအနေဖြင့် ကလပ်အသင်းအား အသင်းကြီးတစ်သင်းအဖြစ်သက်သေပြနိုင်ရန်အတွက် ချန်ပီယံလိဂ် အောင်မြင်မှုရရှိရန် အစွမ်းကုန်ကြိုးပမ်းနေကြောင်း၊ လွန်ခဲ့သည့် ငါးနှစ်၊ခြောက်နှစ်ကာလအတွင်း မန်စီးတီးမှာ အင်္ဂလန်၏ ထိပ်တန်း အသင်းဖြစ်သည်ဆိုသည်ကို မည်သူမျှ မငြင်းနိုင်ကြောင်း၊ သို့သော် ဥရောပ အောင်မြင်မှုကိုမူ အခုထိမရှာဖွေနိုင်သေးကြောင်း၊ ပရီမီယာလိဂ်တွင်ပြသနိုင်သော ခြေစွမ်းတည်ငြိမ်မှုမျိုးထက် ချန်ပီယံလိဂ်တွင် ပိုမိုကောင်းမွန်သော ခြေစွမ်းမျိုးရရှိပိုင်ဆိုင်မှသာလျှင် ချန်ပီယံအဖြစ် အောင်ပွဲခံနိုင်မည်ဖြစ်ကြောင်း ကွန်ပနီက သူ၏အမြင်ကို ထုတ်ဖော်ပြောကြားလိုက်သည်။

တစ်နေ့နေ့တစ်ချိန်ချိန်တွင် မန်စီးတီးအနေဖြင့် မည်သည့်အသင်းကိုမဆိုအနိုင်ယူနိုင်သည့် ခြေစွမ်းပိုင်ဆိုင်လာဦးမည်ဖြစ်သော်လည်း လောလောဆယ်တွင် အဆိုပါ ခြေစွမ်းမျိုးရရှိရန်အဆင့်တစ်ရပ်လိုအပ်နေဆဲဖြစ်ကြောင်းလည်း ဆိုခဲ့သည်။သို့သော်ဆီဗီလာအား ရင်ဆိုင်ရမည့် ပွဲတွင် ရလဒ်ကောင်းတစ်ခုရရှိမည်ဟု မျှော်လင့်ထားကြောင်းလည်း ကွန်ပနီက တစ်ဆက်တည်းပင် ပြောကြားခဲ့သည်။ **ရွှေ်ငယန်ဟေဒင်**

# ရပ်ထားသောဆယ်ဘီးနောက်တွဲယာဉ်အား လမ်းကြောင်းတူမောင်းလာသော ကုန်တင်ယာဉ်က နောက်မှဝင်တိုက်

**ဖြူး နိုဝင်ဘာ ၂**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့ ဖြူးချောင်းတံတားမြောက်ဘက် အနီးတွင်ရပ်ထားသော ဆယ်ဘီး နောက်တွဲယာဉ်အား လမ်းကြောင်းတူ မောင်းနှင်လာသော ၁၂ ဘီးယာဉ်က နောက်မှ ဝင်တိုက်မိသော ယာဉ်တိုက်မှုတစ်ခု နိုဝင်ဘာ ၁ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင်(၁၄၂/၅ နှင့် ၆)ကြား ဖြူးချောင်း မြောက်ဘက် ထိပ်တွင် ရန်ကုန်မှ မန္တလေးဘက်သို့ ယာဉ်မောင်း ကိုမျိုးဇော်(၂၉)နှစ် ရွှေသဇင်လမ်း (၁၆)ရပ်ကွက် လှိုင်သာယာမြို့နယ်နေ မောင်းနှင်သည့် ရပ်တန့်ထားသော YGN/ 3C/----- နီဆန်းဒီဇယ်အစိမ်းရောင် ဆယ်ဘီးနောက်တွဲယာဉ်၏ နောက်ပိုင်းကို လမ်းကြောင်းတူ ရန်ကုန်-မန္တလေး ဘက်သို့ ယာဉ်မောင်း ထွန်းထွန်းလူ (၄၂)နှစ် အင်ကြင်းလိုင်းခန်း အကျဉ်း ဦးစီးဌာနဝင်း အင်းစိန်မြို့နေ မောင်းနှင်သော MDY- 3C/---- ဖူဆို ၁၂ ဘီး ခဲပြာရောင် ကုန်မျိုးစုံတင်ယာဉ်က နောက်မှ ဝင်တိုက်၍ ယာဉ်ယာဘက် ခေါင်းပိုင်း ကျိုးကြေပျက်စီးသွားပြီး **(အပေါ်ပုံ)**နောက်တွဲယာဉ်မှာ ပျက်စီး မှုမရှိကြောင်းနှင့် လူထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းစစ်ဆေးတွေ့ရှိရသည်။

ရပ်တန့်ထားသော ယာဉ်အား ဝင်တိုက်သူ ယာဉ်မောင်း ထွန်းထွန်းလူအား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ဖြူးမြင့်ဦး)**



# ဘိုကလေးတွင် လူသတ်ပြီး ထွက်ပြေးတိမ်းရှောင်လာသူအား ကရင်ပြည်နယ်တွင် ဖမ်းဆီးရမိ

**ဘားအံ နိုဝင်ဘာ ၂**

ကရင်ပြည်နယ် ဘားအံမြို့နယ် ထုံးအိုင်နယ်မြေရဲစခန်းမှူး ရဲအုပ်ညီညီမိုး၊ ကော့ထမလိန်းရဲကင်းမှူး ဒုရဲအုပ် နိုင်ဝင်းဦးတို့သည် မဲရုံများလုံခြုံရေးအတွက် လှည့်ကင်းဆောင်ရွက်နေစဉ် နိုဝင်ဘာ ၁ ရက်က ရဲသာကျေးရွာအုပ်စု၊ လှိုင်ကျေးရွာရှိ ကျောက်ကန်လပ်ဆရာတော်ထိန်းသိမ်းစောင့်ရှောက်ခံ စားကျက်မြေအတွင်းတွင် လူငယ်တစ်ဦးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရာ YINGANG အနက်ရောင်ဆိုင်ကယ်တစ်စီး၊ ငွေကျပ် ၁၂၉၅၀၀၀နှင့် လက်ကိုင်ဖုန်းတစ်လုံး၊ လက်ပတ်နာရီတစ်လုံး၊ ရွှေလက်စွပ်နှစ်ကွင်း၊ ရွှေဆွဲကြိုး တစ်ကုံးတို့အား အနက်ရောင်ကျောပိုးအိတ်အတွင်း စစ်ဆေးတွေ့ရှိခဲ့ရသည်။

အဆိုပါပစ္စည်းများနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းရာ ၎င်းပစ္စည်းများကို သယ်ဆောင်လာသူမှာ ရဲမင်းစိုး(ခ)ရဲကြီး(ခ)စောသူရ ဘိုကလေးမြို့နယ်တွင်နေထိုင်သည်ကိုသာ ပြောဆိုနိုင်ပြီး ကျန်အချက်အလက်များအား ပြောဆိုနိုင်ခြင်းမရှိသဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူးက ၎င်းနေထိုင်သည့် ဘိုကလေးမြို့မရဲစခန်းသို့ ပြစ်မှုဖြင့်အလိုရှိခြင်း ရှိ၊ မရှိမေးမြန်းခဲ့သည်။ ရဲမင်းစိုး (ခ)ရဲကြီး (ခ)စောသူရ(၃၂)နှစ် အောက်မကျီးကျေးရွာ ဘိုကလေးမြို့နယ်နေသူသည် ဘိုကလေးမြို့နယ်တွင် အောက်တိုဘာ ၂၉ ရက်က ယောက္ခမဖြစ်သူအား သတ်ပြီး ရွှေထည်ပစ္စည်းနှင့်ငွေများ ယူဆောင်ထွက်ပြေးတိမ်းရှောင်နေသူ ဖြစ်ပြီး ဘိုကလေးမြို့မရဲစခန်း (ပ)၂၄၉/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၀၂/၃၉၄အမှုမှ ထွက်ပြေးနေသူတစ်ဦးဖြစ်ကြောင်း သိရသည်။

**(တင်ဝင်းလှိုင်)**



# ထော်လာဂျီယာဉ် အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်

**နေပြည်တော် နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ် ကွင်းသုံးဆင့်ရွာထိပ်အနီး ပုသိမ်-မုံရွာကားလမ်း မိုင်တိုင်အမှတ် (၄၅/၄-၅)ကြားတွင် အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီ ၁၅ မိနစ်က ရေကြည်ဘက်မှ အသုတ်ဘက်သို့ ငါးသိုင်းချောင်းမြို့ ရှေ့ဆောင်ရပ်ကွက်နေ တင်မင်း(၄၇)နှစ်မောင်းနှင်လာသည့် အပြာရောင်ထော်လာဂျီယာဉ်သည် ရှေ့ဂွိုင်းဆက်ဘောကွဲကာ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ယာဘက်ခြမ်းသို့ ထိုးကျတိမ်းမှောက်ခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်မောင်းတင်မင်းနှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသော ရေကြည်မြို့နယ် ငါးသိုင်းချောင်းမြို့ သရက်ချောင်းကျေးရွာနေ ဒေါ်သိန်းသိန်း(၅၇)နှစ်ပါ သုံးဦးတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် တင်မင်းအား အသုတ်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

**နေပြည်တော် နိုဝင်ဘာ ၂**

နယ်မြေခံတပ်နှင့် မူးယစ်တပ်ဖွဲ့စု (၂၁)ကွမ်းလုံမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၃၁ ရက်က လောက်ကိုင်မြို့ ကုန်းဆာ ကျေးရွာနေ လောက်တား၏ နေအိမ်ကိုရှာဖွေရာ ၎င်းအား မတွေ့ရှိဘဲ လီလောက်ဆော်နှင့် စစ်ကျုံခွမ်း တို့နှစ်ဦးအားတွေ့ရှိပြီး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၈၀ ပြားနှင့် ဘိန်းဖြူ သုည ဒသမ ၀၀၃ ကီလိုတို့ကို သိမ်းဆည်းရမိသည်။

အလားတူ အောက်တိုဘာ ၂၉ ရက်က ပျော်ဘွယ်မြို့နယ် ခင်ကြီးယ ကျေးရွာအဝင် လမ်းမပေါ်တွင် မော်တော်ဆိုင်ကယ်မောင်းနှင်လာသူ ဌေးလတ်အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၆ ပြား၊ မြန်မာငွေကျပ် ၂၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံး တို့ကို လည်းကောင်း၊ အောက်တိုဘာ ၃၀ ရက်က မဟာအောင်မြေမြို့နယ် ရဲမွန်တောင်ရပ်ကွက်(၄၀×၄၁)လမ်းကြား၊ (၅၃)လမ်း၊ အိမ်အမှတ် (မ-၃၈/၂၀)နေ လီရင်ရှမ်း(ခ)စိုးဖေ (ခ)မောင်ဝင်း၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၆ ပြား၊ ဘိန်းဆီခဲ သုည ဒသမ ၁၄ ကီလို၊ အိုက်စ် သုည ဒသမ ၀၁ ကီလို၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများ၊ ဗီရို အတွင်းမှ 92 CAN 6.35 Browing ပစ္စတိုသေနတ်တစ်လက်၊ ယမ်းကျည်ရှစ်တောင့်နှင့် ၉ မမ ပစ္စတိုကျည်လေးတောင့်တို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

## စိတ်ကြွရူးသွပ်ဆေးပြား၊ လက်နက်နှင့်ဘိန်းဖြူများ သိမ်းဆည်းရမိ

**(ကြေးမုံ)**

□

# ခိုးမှုဖြင့် မသင်္ကာ၍ ဖမ်းဆီးထားသူအား စစ်ဆေးရာမှ ဖုန်းခိုးမှုများ ဖော်ထုတ်နိုင်

**နေပြည်တော် နိုဝင်ဘာ ၂**

မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင်များသည် အောင်မြေသာစံမြို့နယ် အမှတ်(၁) နယ်မြေရဲစခန်း (ပ)၁၅၉/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၈၀/ကျင့် ၅၄ အမှုမှ အောင်နိုင်ဦး(၃၂)နှစ် မကွေးတိုင်းဒေသကြီး ဆင်ဖြူကျွန်းမြို့နယ် စွန်းကျွန်းညီရွာနေအား အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ၎င်းသည် အောက်တိုဘာ ၂၅ ရက်က အောင်မြေသာစံမြို့နယ် စန္ဒာမုနိဘုရားအတွင်း အိပ်ပျော်နေသော အမျိုးသားတစ်ဦး၏ဘေးမှ HUAWEI အနက်ရောင်ဖုန်းတစ်လုံးနှင့် စန္ဒာမုနိဘုရား အရှေ့ဘက် စောင်းတန်းခုံတန်းလျားပေါ်တွင် ထိုင်နေသော အမျိုးသား တစ်ဦး၏ ဝဲဘက်ခုံပေါ်တွင်တင်ထားသော HUAWEI အနက်ရောင်ဖုန်းတစ်လုံးတို့အား ခိုးယူခဲ့ကြောင်း စစ်ဆေးသိရှိရ၍ သက်သေခံပစ္စည်းများသိမ်းဆည်းပြီး အောင်နိုင်ဦးအား အောင်မြေသာစံမြို့နယ် အမှတ်(၁)နယ်မြေရဲစခန်း (ပ)၁၁၄/၂၀၁၅၊ (ပ)၁၁၅/၂၀၁၅၊ ပြစ်မှုပုဒ်မ ၃၇၉/ကျင့် ၅၄ ဖြင့် အသီးသီး ထပ်မံအမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(ကြေးမုံ)**

**ရှောင်လေဝေးဝေး မူးယစ်ဆေး**

# စိတ်ကြွရူးသွပ်ဆေးပြားများသိမ်းဆည်းရမိ

**နေပြည်တော် နိုဝင်ဘာ ၂**

မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်နှင့် မူးယစ်တပ်ဖွဲ့စု(၁၈)မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၁ ရက်က ပြင်ဦးလွင်မြို့နယ် အမှတ်(၃)နယ်မြေ အောင်ချမ်းသာကျေးရွာ အမှတ်(၆၄)နေ မျိုးအောင်ထွန်း(ခ)ပေါက်စနှင့် ဇနီးဖြစ်သူ မရန်ပေါက်ကျင်း (ခ)မအောင်တို့၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၆ ပြား သိမ်းဆည်းရမိသည်။ နိုဝင်ဘာ ၁ ရက်က ချမ်းမြသာစည်မြို့နယ် မြို့သစ် (၁)ရပ်ကွက်(၆၂)လမ်းနှင့် ငုပြာလမ်းထောင့်ရှိ JJ Café စားသောက်ဆိုင်ရှေ့တွင် ခွန်သက်ထွန်းမောင်းနှင်ပြီး မခိုင်ခိုင်ထွန်းနှင့် မြအေးတို့ လိုက်ပါလာသည့် မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀ ပြားနှင့် လက်ကိုင်ဖုန်းသုံးလုံးတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

□




Y.E.S. Since 1994
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
International English Language Centre

| | | | |
|---|---|---|---|
| **Basic Spoken English** | | **Grammar Foundation Course** | |
| Mon to Thurs-7:30-9:30 am | 16,30 Nov | Sat & Sun - 9:00-12:00 am | 14 Nov |
| Mon to Thurs-3:00-5:00pm | 16 Nov | Mon to Thurs-10:00-12:00am | 16 Nov |
| Mon to Thurs-1:00-3:00pm | 16 Nov | Mon to Thurs-3:00-5:00pm | 23 Nov |
| Sat & Sun - 3:45-6:45 pm | 21 Nov | **Structure & Written Expression** | |
| MontoThurs 5:30-7:00 pm | 23 Nov | Mon to Thurs - 1:00-3:00pm | 23 Nov |
| Mon to Thurs-10:00-12:00am | 23 Nov | Mon to Thurs - 5:30-7:00pm | 23 Nov |
| Sat & Sun - 12:30-3:30 pm | 28 Nov | Sat & Sun - 3:30-6:30pm | 28 Nov |
| Mon to Thurs-1:00-3:00pm | 30 Nov | IELTS(TestPractice), IELTS(Foundation), IELTS(Speaking) | |
| **Pre-Intermediate English** | | SAT, API, AWC, TOEFL, IE, VEC, BWC | |
| Mon to Thurs-5:00-7:00 pm | 23 Nov | | |
| Mon to Thurs-10:00-12:00 am | 23 Nov | | |

No.190, 2nd Flr.,28th St(Upper), Pabedan Tsp. Ph: 01-243950, 246910

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်နန်းခမ်းတစ်လ် (၁၃/ကတန(နိုင်)၀၀၃၂၈၈) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA 242912) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း- ၀၉ ၇၉၅၅၁၀၇၈၈၊ ၀၉ ၇၉၅၇၇၇၈၆၄။

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်အေးကြူ (၆/မအရ(နိုင်)၀၉၇၅၂၀) ၏ နိုင်ငံကူးလက်မှတ်အမှတ် (M 992665) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။
ဖုန်း - ၀၉ ၄၂၂၁၉၄၄၇၉

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးကင်စင်း (၁၂/သဃက(နိုင်)၁၄၇၁၆၀) ၏ နိုင်ငံကူးလက်မှတ်အမှတ် (MA 340551)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း - ၀၉ ၄၂၀၀၆၇၉၉၂

ပြည်တွင်းရေးရာ

ကျန်းမာရေးဆောင်းပါး

# ဆေးပညာ သတင်းဆန်းများ ၁၁၅




ဒေါက်တာကံညွန့်


ထောင်စုနှစ်ရည်မှန်းချက် Millennium Development Goals(MDGs) ဆိုပြီး ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့အစည်းက ချမှတ်ဆောင်ရွက်ခဲ့တာ အားလုံးအသိပါ။ ဒီအထဲက ကျန်းမာရေးနှင့် သက်ဆိုင်တဲ့အထဲမှာ ငါးနှစ်အောက်ကလေး သေဆုံးမှုကို သုံးပုံနှစ်ပုံ လျှော့ချဖို့လည်း ပါဝင်ပါတယ်။ ဒီလိုပါဝင်ခဲ့တာကြောင့် WHO (World Health Organization), World Bank,Unicef စတဲ့ အဖွဲ့တွေကပါ ပူးပေါင်းပြီး ၁၉၉၀ ခုနှစ်ကပဲ စတင်ဆောင်ရွက်ခဲ့ ကြတာဖြစ်ပါတယ်။

ယခု MDGs ရည်မှန်းချက် သက်တမ်းကုန်ဆုံးတဲ့ ၂၀၁၅ ခုနှစ်မှာ ဒီရည်မှန်းဟာ ပြည့်ပြည့်ဝဝ မအောင်မြင်ခဲ့ပေမယ့် ငါးနှစ်အောက်ကလေးသေဆုံးမှုဟာ ထက်ဝက် ၅၃ ရာခိုင်နှုန်းခန့်ကျသွားခဲ့ပြီလို့ဆိုပါတယ်။ ဒါကတော့ ယင်းအဖွဲ့ အစည်းတွေက စုပေါင်း ထုတ်ဝေတဲ့ အစီရင်ခံစာမှာ ဖော်ပြထားတာပါ။

ဒါဟာ ၁၉၉၀ မတိုင်ခင်က မွေးတဲ့ကလေး တစ်ယောက်ထက် ယခုနောက်ပိုင်းမွေးလာတဲ့ ကလေးတစ်ယောက်ဟာ သူ့ရဲ့ငါးနှစ်မြောက်မွေးနေ့ထိနေနိုင်ဖို့ ရာနှုန်း ၅၀ ရှိသွားပြီဆိုတဲ့ သဘောဖြစ်ပါတယ်။ ဒါပေမယ့် ယင်းအစီရင်ခံစာအရ တစ်ကမ္ဘာလုံး ငါးနှစ်အောက်ကလေးငယ်ပေါင်း ၅ ဒသမ ၉ သန်းနှစ်စဉ်သေဆုံးနေရပြီး ဒါဟာ တစ်နေ့မှာ ကလေးပေါင်း ၁၆၀၀၀ သေဆုံးနေရ တာဖြစ်တယ်လို့လည်း ထောက်ပြထားပါတယ်။ ဒီလိုသေဆုံးမှုဟာ ဆာဟာရ အာဖရိက နိုင်ငံငယ်တွေဖြစ်တဲ့ အီသီယိုးပီးယား ယူဂန္ဒာနှင့် တန်ဇေနီးယားနိုင်ငံတွေမှာ သေဆုံးရမှုဟာ ချမ်းသာတဲ့ နိုင်ငံတွေမှာ သေဆုံးနှုန်းထက် ၁၂ ဆလောက် ပိုနေတယ်လို့ ဆိုပါတယ်။ အိန္ဒိယနိုင်ငံဟာလည်း ၂၀၁၅ ခုနှစ်က ငါးနှစ်အောက်ကလေးသေဆုံးမှု ၁ ဒသမ ၅ သန်းကျော်ရှိခဲ့ပြီး တစ်ကမ္ဘာလုံးရဲ့ ၂၀ ရာခိုင်နှုန်းဖြစ်တယ်လို့ ဆိုပါတယ်။ ဒါဟာ ကလေးနှစ်ယောက်မွေးတိုင်း တစ်ယောက်သေဆုံးနေရတာဖြစ်တယ်။ ဒီလိုငါးနှစ်အောက်ကလေးတွေသေဆုံးနေရတဲ့ ရောဂါတွေကတော့ Pneumonia ခေါ် အဆုတ်ရောင်ရောဂါ၊ Diahhoca and Gastro-entritis ခေါ် ဝမ်းပျက်ဝမ်းလျှောရောဂါ၊ Meningitis ခေါ် ဦးနှောက်အမြှေးရောင်ရောဂါနှင့် Malnutrition ခေါ် အာဟာရချို့တဲ့ရောဂါတွေကြောင့်ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။




ယခုတင်ပြချင်တဲ့သတင်းကတော့ ချစ်သူနှစ်ဦး တစ်ဦးနှုတ်ခမ်းကို တစ်ဦးနမ်းလိုက်တယ်။ ဒီလိုနမ်းလိုက်တာ ၁၀ စက္ကန့်ကြာတိုင်း Bacteria ကောင်ရေ သန်း ၈၀ ဟာ တစ်ဦးကတစ်ဦးထံ ရောက်သွားနိုင်တယ်ဆိုတဲ့သတင်းပါ။ ဒီလေ့လာချက်ကိုတော့ Dutch နိုင်ငံက သုတေသီတွေ လေ့လာခဲ့ကြတာပါ။ သူတို့ဟာ လူငယ်စုံတွဲ ၂၁ တွဲကို လေ့လာခဲ့ရာမှာ သူတို့အတွဲတွေထဲက တစ်ဦးစီကို လူတွေအတွက် အန္တရာယ်မပြုနိုင်ဘဲ အကျိုးပြုနိုင်တဲ့ Bacteria ကောင်ရေများစွာပါတဲ့ ဒိန်ချဉ်(Yogurt) တစ်ခွက်ကို တိုက်ကျွေးခဲ့ပြီး သူတို့ကို ၁၀ စက္ကန့်ကြာ နမ်းခိုင်းခဲ့တာဖြစ်ပါတယ်။ ဒီလိုနမ်းခိုင်းပြီး ဒိန်ချဉ်မတိုက်သူရဲ့ ပါးစပ်ထဲကိုရောက်သွားတဲ့ ဒိန်ချဉ်မှာပါတဲ့ Bacteria ကောင်ရေ သန်း ၈၀ ပတ်ဝန်းကျင် ရောက်သွားတာကို တွေ့ရှိရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် နမ်းစုပ်ခြင်းဟာ အကျိုးပြုနိုင်တဲ့ Bacteria ရှိသူအချင်းချင်းအတွက် ကိုယ်ခံအားကို ပိုကောင်းအောင် အကျိုးပြုနိုင်သလို ကိုယ်ခန္ဓာအတွက် အကျိုးမပြုဘဲ အန္တရာယ်ရှိနိုင်တဲ့ Bacteria ပိုးရှိသူတွေအတွက်လည်း ဒုက္ခမျှဝေခံစားနိုင်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။






နေပူထဲမှာ နေပူစာလှုံကြသူတွေအတွက် သတိပေးချက်တစ်ခုပေါ်ထွက်လာပါတယ်။ နေပူစာလှုံသူတွေဟာ Sunscreen ကို အားကိုးပြီး ဘယ်လောက်ကြာကြာ နေလို့ရတယ်ဆိုတဲ့ ယုံကြည်ချက်နှင့် နေပူထဲမှာအကြာကြီး မနေသင့်ဘူးလို့ဆိုပါတယ်။ နေပူထဲက Ultraviolet Ray ခေါ်တဲ့ ခရမ်းလွန်ရောင်ခြည်ဟာ အရေပြားမှာရှိတဲ့ Melanocyte Cell ရဲ့ DNA ကိုပျက်စီးစေတယ်။ ဒီလိုပျက်စီးမှုဟာ နေပူလှုံနေစဉ်တွင်သာမဟုတ်ဘဲ နေရိပ်ထဲ ရောက်သွားသည့်တိုင် သုံးနာရီမှ လေးနာရီကြာအောင်ဖြစ်နေတယ် လို့ဆိုပါတယ်။ အမှန်တော့ ဒီ Melanocyte Cell တွေဟာ Melanin ဆိုတဲ့ pigment တစ်မျိုးကို ထုတ်ပေးနေတဲ့ Cells ပါ။ ဒီ Melanin ဟာ နေရောင်ခြည်ကလာတဲ့ UV Rays တွေကို အရေပြားထဲမဝင်နိုင်အောင် စုပ်ယူပြီး အကာအကွယ်ပေးနေတာပါ။ ဒါပေမယ့် ဒီ Cells & JU DNA ဟာ UV Ray ကြောင့် Chemiex-citation ခေါ်တဲ့ ဓာတုဗေဒနှိုးဆွမှုတစ်ခုဖြစ်ပြီး အသွင်ပြောင်းခဲ့ရတဲ့အတွက် အရေပြားကင်ဆာဖြစ်ရတာလို့ ဆေးသိပ္ပံပညာ ရှင်တွေက ယူဆကြပါတယ်။ ဒါကြောင့် တတ်နိုင်ရင် နံနက် ၁၀ နာရီမှ ညနေ ၂ နာရီအတွင်း နေရောင်ခြည်အောက်မှာ နေစာလှုံခြင်းမှ ရှောင်ကြဉ်ကြပြီး နေပူထဲသွားတိုင်း ထီး၊ အနားကျယ်ဦးထုပ်၊ ခမောက်ဆောင်းသွားပြီး UV Ray ကာကွယ်နိုင်တဲ့ နေကာမျက်မှန်နှင့် သွားကြဖို့ တိုက်တွန်းထားတာကို ဖော်ပြလိုက်ရပါတယ်။

ယခုဖော်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ဆီးချိုရှိတဲ့လူတွေဟာ ဆေးလိပ်သောက်သူဖြစ်ခဲ့ရင် နှလုံးသွေးကြောပိတ်ရောဂါ၊ ဦးနှောက်သွေးကြောပိတ်ရောဂါ၊ လေဖြတ်ရောဂါ၊ ခြေထောက်သွေးကြောပိတ်ရောဂါတို့ ဆေးလိပ်မသောက်သူတွေထက် ပိုဖြစ်နိုင်တယ်ဆိုတဲ့ သတင်းပါ။ ဒီလေ့လာချက်ကိုတော့ တရုတ်နိုင်ငံ Huazhong University of Science and Technology က ဆေးပညာရှင်တွေက လေ့လာတွေ့ရှိခဲ့ကြတာဖြစ်ပါတယ်။ သူတို့ဟာ ယခင်ဒီလေ့လာမှုမျိုး ၈၉ ကြိမ်ပြုလုပ်ခဲ့တဲ့ စာရင်းဇယားတွေကို အခြေခံပြီး လေ့လာခဲ့ကြတာဖြစ်ပါတယ်။ သူတို့ တွေ့ရှိချက်အရ ဆီးချိုရှိပြီး ဆေးလိပ်သောက်သူတွေဟာ ဒီလိုရောဂါတွေဖြစ်ဖို့ ဆေးလိပ်မသောက်သူတွေထက် တစ်ဆခွဲ ပိုဖြစ်နိုင်တယ်လို့ ဆိုပါတယ်။ ဒီလူတွေဟာ ဆေးလိပ်ဖြတ်လိုက်ရင်တော့ အခြေအနေ သက်သာနိုင်ပေမယ့် လုံးဝဆေးလိပ်မသောက် သူတွေထက်တော့ ပိုနိုင်သေးတယ်လို့ဆိုပါတယ်။ ဆီးချိုရောဂါရဲ့ ပုံမှန်နောက်ဆက်တွဲရောဂါ တွေဖြစ်တဲ့ ဦးနှောက်လေဖြတ်ခြင်း၊ မျက်စိကွယ်ခြင်း၊ ကျောက်ကပ်ပျက်စီးခြင်းနှင့် ခြေလက်သွေးကြောပိတ်ရောဂါဖြစ်ခြင်းတို့ဟာလည်း ဆေးလိပ်သောက်သူတွေမှာ မသောက်သူတွေထက်ပိုပြီး စောစောစီးစီးဖြစ်နိုင်ခြေရှိပြီး ဖြစ်လာခဲ့ရင်လည်း ရောဂါခံစားရမှု ပိုဆိုးနိုင်တယ်လို့ ဆိုပါတယ်။

တစ်ကမ္ဘာလုံး ဆီးချိုရောဂါကြောင့် အသက်ဆုံးရှုံးရတဲ့ အမျိုးသားဦးရေရဲ့ ၁၄ ဒသမ ၆ ရာခိုင်နှုန်း၊ အမျိုးသမီးဦးရေရဲ့ ၃ ဒသမ ၃ ရာခိုင်နှုန်းဟာ ဆေးလိပ်ကြောင့်ဖြစ်ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် ဆေးလိပ်သောက်ခြင်းကို သာမန်လူတွေထက် ဆီးချိုဝေဒနာရှင်တွေ ပိုမိုရှောင်ရှားသင့်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

သွေးလွန်တုပ်ကွေး ရောဂါဟာ ကလေးတွေကို အန္တရာယ်ပြုနေတဲ့ ရောဂါတစ်ခုဖြစ်ပါတယ်။ ဒီရောဂါကို ကုသဖို့ ကာကွယ်နိုင်ဖို့ အမျိုးမျိုးကြိုးစားခဲ့ကြရာမှာ အမေရိကန်နိုင်ငံ University of Califonia နှင့် Australia နိုင်ငံ Queensland University က ဆေးပညာရှင်တစ်ခုက အသက်ကယ်ကုသနိုင်မယ့် ဆေးကိုရော၊ ကာကွယ်ဆေး ထုတ်နိုင်မယ့်နည်းလမ်းကိုပါ တွေ့ခဲ့ရပြီလို့ ဆိုပါတယ်။ သူတို့ဟာ Protein 1 (NS 1) လို့ အမည်ပေးထားတဲ့ Protein တစ်မျိုးကို တွေ့ရတယ်။ ဒီ Protein ဟာ ဝေဒနာခံစားနေရတဲ့ ကလေးသွေးကြောရဲ့ နံရံမှာရှိတဲ့ Endothical Cells ကို ပျက်စီးစေတယ်။ ဒီလိုသွေးကြောနံရံပျက်စီးတာကြောင့် သွေးကြောထဲက သွေးရည်ကြည်တွေစိမ့်ထွက်ပြီးကလေးတွေ Shock ဖြစ်ပြီး သေဆုံးကြရတာဖြစ်တယ်လို့ ဆိုပါတယ်။ ဒီ Protein ထွက်အောင်နှိုးဆွပေးနေတဲ့ Receptor တစ်ခုကိုလဲ တွေ့ရပြီး ဒီ Receptor နာမည်ကတော့ TLR4 ဖြစ်တယ်လို့ဆိုပါတယ်။ ဒီ Receptor ကို (Block) လုပ်ပြီး ဓာတ်ခွဲခန်းက ကြွက်တွေမှာ စမ်းသပ်ကြည့်တဲ့အခါ NS 1 Protein မထွက်နိုင် တော့ဘဲ သွေးလွန်တုပ်ကွေး ဖြစ်နေတဲ့ ကြွက်တွေလဲ သက်သာလာတာတွေ့ရတယ်လို့ ဆိုပါတယ်။ ဒါကြောင့် TLR 4 ကို တားနိုင်မယ့် ဆေးတစ်ခုကို ရှာဖွေပြီး ဆေးကုသရာမှာရော၊ ကာကွယ်ဆေးကုရာမှာပါ အသုံးပြုနိုင်ရင် သွေးလွန်တုပ်ကွေးရန်ကို မကြောက်ရတော့ဘူးဆိုတာ တင်ပြလိုက်ရပါတယ်။



ဆေးယဉ်ပါးလာမှု ပြဿနာကို ဖြေရှင်းနိုင်ဖို့ ကြိုးစားရာမှ ဗြိတိန်နိုင်ငံ သုတေသီတွေက ပင်လယ်ထဲမှာရှိတဲ့ Sea Weeds ခေါ်တဲ့ ပင်လယ်ကျောက်ပွင့်တွေဆီက အစွမ်းထက်တဲ့ Antibiotic ပိုးသေဆေးတစ်မျိုးကို ဖော်ထုတ်နိုင်လိမ့်မယ်လို့ဆိုပါတယ်။ ဒါကို ကြော်ငြာလိုက်တဲ့ ဆေးပညာရှင်တွေကတော့ လန်ဒန်မြို့ University of Exeter က ဖြစ်ပါတယ်။ သူတို့ဟာ ဗြိတိန်နိုင်ငံအနောက်တောင်ဒေသမှာရှိတဲ့ Cornwell ကမ်းခြေမှာ အခြေစိုက်ပြီး ဒီဒေသမှာရှိတဲ့ များပြားတဲ့ပင်လယ် Sea weeds တွေကို လေ့လာခဲ့ကြတယ်လို့ ဆိုပါတယ်။ သူတို့အဆိုအရ Superbeng လို့ လူသိများနေတဲ့ အုပ်စုထဲက MRSA Methacillin Resistance Staphylococcus Aureus Bacterisa တွေကို သေစေနိုင်စွမ်းအင်ရှိတဲ့ Antibiotic မျိုးကိုဒီ Sea Weeds တွေထဲမှာ တွေ့ရှိထားတယ်လို့ဆိုပါတယ်။ ယခုအခါ ဓာတ်ခွဲခန်းမှာ စမ်းသပ်မှု အောင်မြင်ရုံသာရှိပေမယ့် တကယ်လို့သာ အပြင်မှာစမ်းသပ်အောင် မြင်ခဲ့ရင် မြန်ဆန်ပြီး ဈေးနှုန်းအလွန်သက်သာပြီး ထိရောက်တဲ့ Antibiotic ဆေးမျိုးကို ထုတ်လုပ်နိုင်လိမ့်မယ်လို့ ဆိုပါတယ်။ ဆေးယဉ်ပါးမှုပြဿနာဟာ ကြီးထွားလာတဲ့ ပြဿနာတစ်ခုအဖြစ် ကမ္ဘာ့ ကျန်းမာရေးအဖွဲ့ကြီးက သတိပေးထားတာဖြစ်တယ်ဆိုတာ တင်ပြလိုက်ရပါတယ်။



## သမဝါယမအသင်းစု နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး၌ အမှုဆောင်အဖွဲ့ရွေးချယ်

**ကနီ နိုဝင်ဘာ ၂**

စစ်ကိုင်းတိုင်းဒေသကြီး ကနီမြို့နယ် သမဝါယမ အသင်းစု ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်းအရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့ ရွေးချယ်တင်မြှောက်ပွဲကို ကနီမြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ အောက်တိုဘာ ၃၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်း၊ မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌ ဦးအောင်မင်းတို့က အဖွင့်အမှာ စကားပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး တိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စံစံလင်းက မြို့နယ် သမဝါယမအသင်းစု၏ နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ လုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေး၊ အမှုဆောင်များရွေးချယ် တင်မြှောက်ရေးနှင့် ရှေ့လုပ်ငန်းစဉ်များနှင့် အသင်းဝင်များဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များကို ပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်သမဝါယမအသင်းစု ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်စိုးက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကနီမြို့နယ် သမဝါယမ အသင်းစု အသင်းဝင်ကိုယ်စားလှယ်များနှင့် ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး မြို့နယ်သမဝါယမ ဦးစီးဌာနမှ ဦးသိန်းဝင်းက အသင်းစုနှင့် ကိုယ်စားလှယ်များ၏ လုပ်ငန်းဆောင်ရွက်ချက်များအား စာရင်းစစ်ဆေးချက်များကို ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြောင်း သိရသည်။

ယင်းနောက် အသင်းစု၏ ရှေ့လုပ်ငန်းစဉ်များ အဆိုတင်သွင်းခြင်း၊ တင်သွင်းသော လုပ်ငန်းစဉ်များ ထောက်ခံခြင်း၊ အသင်းကိုယ်စားလှယ်များမှ ဆွေးနွေးမေးမြန်းခြင်း၊ ပြန်လည်ရှင်းလင်းခဲ့ပြီး သဘာပတိမှ အသင်းကိုယ်စားလှယ်များ၏ ဆန္ဒသဘောထားများရယူ၍ အမှုဆောင်အဖွဲ့ကို အတည်ပြုခဲ့သည်။ **သန်းဌွေးအောင်(ကနီ)**

## ဖျာပုံမြို့ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာရှိ တိုးချဲ့ဆောင်သစ်ဖွင့်လှစ်

**ဖျာပုံ နိုဝင်ဘာ ၂**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့ရှိ ကန်တော်မင်္ဂလာဘိုးဘွားရိပ်သာ အတွင်း အဘိုးများနေထိုင်ရန်အတွက် ထပ်မံတိုးချဲ့ဆောက်လုပ်လှူဒါန်းသည့် ဗလဆောင် သစ်ဖွင့်လှစ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက အဆိုပါ အဆောင်သစ်ရှေ့၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဗလဆောင်သစ်ကို အလှူရှင်များဖြစ်ကြသည့် ဦးအောင်ဇော်မြင့် (ရွှေဝါဝင်းကုမ္ပဏီ)နှင့် ဇနီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မြတ်မြတ်အုန်းခင်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် သီရိပျံချီ ဦးစိုးနိုင်နှင့် ဇနီးဒေါ်တင်တင်လတ်၊ ဗိုလ်မှူးကြီး ကျော်ဝင်းနှင့်ဇနီး ဒေါ်အေးအေးကြည်တို့နှင့်အတူ အလှူရှင်များက ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ဖျာပုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် သီရိပျံချီ ဦးစိုးနိုင်တို့က ဂုဏ်ပြုအမှာစကားများ ပြောကြားခဲ့ပြီး ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးဗဟိန်းက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့သည်။

ဖျာပုံမြို့ရှိ ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာကို ကနိလူငယ်ပရဟိတဂေဟာ တည်ထောင်သူကနိပရဟိတဆရာတော် ဘဒ္ဒန္တစန္ဒောဘာသက ၁၉၉၁ ခုနှစ်တွင် စတင်တည်ထောင်ဖွင့်လှစ်ထားခဲ့ခြင်းဖြစ်ပြီး ယခုအခါ ခိုကိုးရာမဲ့အဘိုးအဘွား ၂၅ ဦးကို စောင့်ရှောက်ထားကြောင်း သိရသည်။

ယခုဆောက်လုပ်သည့် တိုးချဲ့ဆောင်သစ်သည် အဘိုးများနေထိုင်ရန်အတွက် အလှူရှင်များက ငွေကျပ်သိန်း ၅၂၈ သိန်း အကုန်အကျခံ တည်ဆောက် လှူဒါန်းခဲ့ကြကြောင်း သိရပြီး ကန်တော်မင်္ဂလာ ဘိုးဘွားရိပ်သာနှင့် ဆက်သွယ်လိုပါက ဦးဗဟိန်း၊ ဖုန်း ၀၉၄၉၇၄၅၅၆၀ ဦးဝေမြင့်၊ ဖုန်း ၀၉၈၅၉၁၃၅၀၊ ဦးတင်အေး ဖုန်း ၀၉၈၅၉၀၅၈၉ နှင့် ဦးသိန်းလှိုင်၊ ဖုန်း ၀၉ ၈၅၉၁၆၉၁တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ **သူဇာနွယ်(ဖျာပုံ)**

## ဗိုလ်ချုပ်လမ်းမကြီးအား ကတ္တရာထပ်ပိုးလွှာခင်းခြင်းဆောင်ရွက်

**ကလေး နိုဝင်ဘာ ၂**

ကလေးမြို့ ဗိုလ်ချုပ်လမ်းမကြီးအား ကလေးပြင်သာဆိပ် ကလေးတက္ကသိုလ် လမ်းမိုင်တိုင်အမှတ် (၀/၀)မှ(၈/၇)အထိ ကလေးမြို့တွင်းအပိုင်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းကို၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုငွေလုံးငွေရင်း ရန်ပုံငွေ ကျပ် ၄၉ ဒသမ ၄၉ သန်း အကုန်အကျခံကာ ခရိုင်လမ်းဦးစီးဌာနက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



ယင်းသို့ဆောင်ရွက်ရာတွင် မိုင်တိုင် အမှတ် ၇/၀ မှ ၈/၇ အတွင်း ၄ ဖာလုံအား အကျယ် ၂၄ ပေ ဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ၁၀၀ ရာခိုင်နှုန်းဆောင်ရွက်ပြီးစီးပြီဖြစ်ရာ ယာဉ်ကြီးယာဉ်ငယ်နှင့် ပြည်သူများသွားလာရေး အဆင်ပြေ ချောမောလာပြီဖြစ်သည်။

ယင်းအပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် ပြည်ထောင်စု အထူးပြုပြင်ရန်ပုံငွေဖြင့် မိုင်တိုင် အမှတ် ၂/၀ မှ ၃/၀ အတွင်း ကတ္တရာလမ်းတစ်ဝက်ခွဲ၍ ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိသည့် အပြင် မိုင်တိုင်အမှတ် (၁/၀) မှ (၂/၀) အတွင်း လမ်းအရှည် ၂၈၀၀ပေ၊ အကျယ် ၂၄ ပေ ကတ္တရာထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ဂျိုးနက်**

## ဝက်လက်၌ မဲရုံဗဟိုစည်းလုံခြုံရေးတာဝန်ပေးအပ်၍ လုပ်ငန်းတာဝန်များရှင်းလင်း

**ဝက်လက် နိုဝင်ဘာ ၂**

နိုဝင်ဘာ ၈ ရက်တွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်တရားမျှတပြီး တည်ငြိမ်အေးချမ်းစွာဖြင့် အောင်မြင်ရေးအတွက် ဝက်လက်မြို့နယ်ရှိမဲရုံ ၁၂၉ ရုံတွင် မဲရုံဗဟိုစည်းလုံခြုံရေးတာဝန် ထမ်းဆောင်မည့်သူများအား လုပ်ငန်းတာဝန်များ ပေးအပ်ရှင်းလင်းပွဲကို အောက်တိုဘာ ၃၁ ရက် နံနက် ၁၀ နာရီက NEWHALL ခန်းမ၌ ပြုလုပ်ခဲ့ကြောင်းသိရသည်။

လုံခြုံရေးတာဝန် ပေးအပ်ရှင်းလင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းဌေးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးအောင်တို့က မဲရုံဗဟိုစည်းတာဝန်ယူမည့် အထူးရဲ ၁၂၉ ဦး၊ ရပ်မိရပ်ဖ ၂၄၈ ဦး၊ ဆယ်အိမ်မှူး ၂၄၈ ဦး၊ အရန်မီးသတ် ၁၂၉ ဦး ဌာနဆိုင်ရာဝန်ထမ်း ၁၂၉ ဦး ၊ ရပ်ကွပ်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ၇၂ ဦးကို မဲရုံဗဟိုစည်းလုံခြုံရေး ဆောင်ရွက်မည့်သူများ အသိတူမှ အလုပ်တူအောင်ဆောင်ရွက်ရမည့်တာဝန်များ၊ အနီးစည်းတာဝန်ယူမည့် ရဲစခန်း၊ရဲကင်းမှူးများနှင့် ဆက်စပ်ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ၊ မဲလက်မှတ်ပို့ဆောင်ရာတွင် လုံခြုံရေးတာဝန်ယူမှုနှင့် ရွေးကောက်ပွဲအလွန် လုံခြုံရေးတာဝန်များအား အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ **နန်းမြင့်(ဝက်လက်)**

### အများသိစေရန်ကြေညာချက်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇေယျာသုခလမ်း၊ အမှတ်-၁၁၄၅နေ ဒေါ်မြတ်သူဇာအောင် [၁၂/ဗဟန(နိုင်)၀၈၆၇၈၁]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ စက်မှု(၄)လမ်း၊ အမှတ်-၇၃(ဘီ)၊ ဒုတိယထပ်၊ (၃-လွှာခြေရင်းခန်း)ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်ကို ကျွန်ုပ်တို့၏မိတ်ဆွေက ၂၇-၁၀-၂၀၁၅ ရက်စွဲပါ "နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်စာချုပ်"အရ တန်ဖိုးအပြေအကျေပေးချေဝယ်ယူခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်မြတ်သူဇာအောင်၏ အတိအလင်း သဘောတူညီမှုမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်းနှင့် တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုရန် သတိပေးကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဆွတ်ဆိုင်းပန်
အထက်တန်းရှေ့နေ
(စဉ်-၃၉၇၄၅)

ဦးထွန်းထွန်းအောင်
တရားလွှတ်တော်ရှေ့နေ
(စဉ်-၈၀၂၅)

အမှတ်-၅၃၅၊ သီရိမြိုင်(၁၀)လမ်း၊ ၁၃-ရပ်ကွက်၊ လှိုင်မြို့နယ် ဖုန်း-၀၉-၇၃၀၅၉၈၂၆၊ ၀၉-၄၄၄၀၃၆၁၄၃

### ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### မင်္ဂလာဒုံမြို့နယ်တရားရုံးတော်
### ၂၀၁၅ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၉

ဦးမျိုးသိန်း နှင့် ၁။ ဦးတင်လှိုင်
၂။ ဒေါ်အေးအေးမော်
၃။ ဦးရွှေနု
၄။ ဒေါ်သိင်္ဂီစော
တရားလို တရားပြိုင်များ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောအလယ်ရပ်ကွက်၊ မြောင်းမြလမ်း၊ အမှတ်(၂၇)နေ (၃)တရားပြိုင်ဦးရွှေနု၊ (၄)တရားပြိုင် ဒေါ်သိင်္ဂီစော(ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌တရားလိုက(မ/မရှိ)၊ ငွေစံပါယ်လမ်းသွယ်လမ်း၊ ကုန်းတလပေါင်(မြောက်)ပိုင်း ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်ရှိ ပေ(၈၈×၁၈၀)ရှိ မြေနှင့်အိမ်အား လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၁၂ရက် (၁၃၇၇ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်း မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမတိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၃၀ ရက်တွင် ဤရုံးတံဆိပ်ခတ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

(ဇင်မာအောင်)
ဒုတိယမြို့နယ်တရားသူကြီး(၂)၊ မင်္ဂလာဒုံမြို့နယ်တရားရုံး

### ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်

၂၃-၁၀-၂၀၁၅ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၆)၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာပါ "ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၂ဂျီ၊ မြေကွက်အမှတ်-၄၃၈ ဗီ-၁/၁၂ ဘီ+(လမ်း)၊ မြေအမည်ပေါက် ဦးမောင်မောင်အေး-ဒေါ်ခင်ထွေးရီ မြေအမျိုးအစား မြေပိုင်မြေ" နှင့်ပတ်သက်၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးအစား "ပိုင်ဆိုင်ကြောင်း မြေပုံကူးနှင့် အရောင်းအဝယ်မြေပုံကူး"ဟု ပြင်ဆင်ဖြည့်စွက်ဖတ်ရှုပါရန်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ဝါးတရာစက်မှုဇုန်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၉)၊ မြေကွက်အမှတ်(၃၅၁)၊ ဧရိယာ (၁. ၅၈)ဧကအား အမည်ပေါက် ဦးကျော်အောင်[၈/ပခက(နိုင်)၀၉၃၈၇၅]ထံမှ ဦးကျော်သူနိုင် [၁၂/ဗဟန(နိုင်)၀၆၉၄၅၂]က စာချုပ်စာတမ်းဖြင့် ပြန်လည်ဝယ်ယူခဲ့ပြီး ပိုင်ဆိုင်မှုအတွက် ဦးကျော်သူနိုင်မှ ၎င်း၏အမည်ဖြင့် မြေချပါမစ် ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ခွင့်ပြုရန် မသင့်ကြောင်း ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန (အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ)သို့ တင်ပြကန့်ကွက်နိုင်ပါသည်။

အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ
မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ရေချင်းသာ (နေ့စဉ်)
Ph: 209077, 209388

ဒဂုံမြို့သစ်
အရှေ့ပိုင်း
ဆိပ်ကမ်းမြို့နယ်
တောင်ပိုင်း၊မြောက်ပိုင်း
များရှိမြေကွက်များကို
ဈေးကောင်းပေးဝယ်သည်။
09-6809893
09-6819020

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI - Nov - 9 (Mon) မှစ၍ခုံနံပါတ်ယူနိုင်ပြီ။
Dec - 19 (Sat) စမည်။ Aircon စာသင်ခန်းမ
LCCI အနှစ်(၂၀)အတွေ့အကြုံကြောင့် သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၉၀)၊ တထပ်၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎ -01-371741, 240824, 381350

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

21 AD @ BILLBOARD ADVERTISING
ရန်ကုန် (ပန်းဆိုးတန်း နံ့သာတာ၊/ကမ်းနားလမ်းနှင့်လမ်းမတော်ထောင့်/ကမ်းနားလမ်းနှင့် ၂လမ်းထောင့်/
သမိုင်းလမ်းဆုံ/ပြည်လမ်းစော်ဘွားကြီးကုန်း/မင်္ဂလာဈေး စက်ရုံလမ်းဘက်ဝင်ပေါက်/
ရန်ကုန်ပုသိမ်လမ်းမပေါ်လှိုင်သာယာ BOC အပိုင်း/ကန်တော်ကြီးပေါ်ကီကွင်း)
နေပြည်တော် (ရာဇဌာနီလမ်းနှင့်ပန်းခင်းလမ်းထောင့်မီးပွိုင့်လမ်းဆုံ)
ပုသိမ် (ရွှေရုပ်တုအပိုင်း/မဟာဗန္ဓုလလမ်းမပေါ် ပုသိမ်တက္ကသိုလ်ဝင်ပေါက်)
မိတ္ထီလာ (ကျောက်ပန်းတောင်းလမ်းမကြီးပေါ်သိဒ္ဓိအောင်လမ်းထောင့်)
ပြည် (ရန်ကုန်ပြည်လမ်းမပေါ်ဧရာဝတီလမ်းထောင့်/နဝဒေးလမ်းဆုံ)
မုံရွာ (ဗိုလ်ချုပ်ကြေးရုပ်အပိုင်း)
ရန်ကုန် - မန္တလေးအမြန်လမ်း (နေပြည်တော်နားနေစခန်း/၁၁၅မိုင်နားနေစခန်းအနီး/နေပြည်တော် TOLL-GATE)
KING MAKER
၂၃၈၊ ၃၉လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
☎ 377093 ☎ 373036 09 73043672 09 73200189 09 73200201

# မိတ္ထီလာကန်ကူး ဒုတိယတံတား ထပ်မံတည်ဆောက် ဖေဖော်ဝါရီတွင် အပြီးတည်ဆောက်မည်



**မိတ္ထီလာ နိုဝင်ဘာ ၂**

မိတ္ထီလာ ကန်ကူးတံတားဟောင်းအား ပြန်လည်ဖယ်ရှား၍ အသစ်ပြန်တည်ဆောက်မည့် ကန်ကူးတံတား ဒုတိယ နှစ်လမ်းသွား ၆၀၀ ပေ ထပ်မံတိုးချဲ့ တည်ဆောက်ခြင်းလုပ်ငန်းများကို ခွင့်ပြုငွေ ကျပ်သန်းနှစ်ထောင်ဖြင့် နိုဝင်ဘာ ၉ ရက်တွင် စတင်ဆောင်ရွက်မည်ဖြစ်ရာ ဖေဖော်ဝါရီလတွင် ပြီးစီးအောင် တံတားအထူးအဖွဲ့(၄ )မှ တာဝန်ယူတည်ဆောက်သွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ အင်ဂျင်နီယာမှူးကြီး ဦးသိန်းအောင်က ပြောသည်။

"မိတ္ထီလာကန်ကူး တံတားဟောင်းကိုလည်း ဇူလိုင်လတုန်းက တည်ဆောက်ပြီးသွားတဲ့ ကန်ကူးတံတားအသစ်နည်းတူ တည်ဆောက်သွားမှာဖြစ်ပါတယ်။ တံတားအရှည် ၆၀၀ ပေ၊ အကျယ် ၂၄ ပေ၊ လူသွားလမ်းတစ်ဖက် ၃ ပေ စီဖြစ်ပါတယ်။ အခုတည်ဆောက်မယ့် ကန်ကူးတံတား ဒုတိယ နှစ်လမ်းသွား ပေ ၆၀၀ ကို တံတားအသစ်နဲ့ တစ်ဆက်တစ်စပ်တည်းဖြစ်အောင် တည်ဆောက်မှာဖြစ်ပါတယ်။ အခုနိုဝင်ဘာ ၉ ရက်မှာ လက်ရှိကန်ကူးတံတားဟောင်းဘက်ကို ပိတ်ထားပြီးတော့ တည်ဆောက်ရေးလုပ်ငန်းတွေကို ဆက်လက်ဆောင်ရွက်သွားမှာပါ။

ကန်ကူးတံတား တည်ဆောက်နေတဲ့ကာလအတွင်းမှာ တံတားအသစ်ပေါ်ကပဲ ဖြတ်သန်းသွားလာကြရမှာဖြစ်ပါတယ်။ တံတားနှစ်စင်း အရှေ့ဘက်ထိပ်လမ်းဆုံမှာချထားတဲ့ သံကူကွန်ကရစ်တုံးတွေကိုလည်း ပြန်လည်ဖယ်ရှားပေးမှာဖြစ်ပါတယ်။ တည်ဆောက်ပြီးစီးသွားရင်တော့ ၄၈ ပေအကျယ်၊ အရှည် ပေ ၈၀၀ လေးလမ်းသွား ကန်ကူးတံတားအသစ်ဖြစ်လာမှာပါ။

အနောက်ဘက်ချဉ်းကပ်လမ်းကိုတော့ လမ်းအဖွဲ့က တာဝန်ယူတည်ဆောက်သွားမှာပါ။ တံတားပြီးမှလမ်းကဆောက်လုပ်မှာဆိုတော့ တည်ဆောက်ရေးလုပ်ငန်းတွေအားလုံး မတ်လအတွင်းမှာ ပြီးစီးမှာဖြစ်ပါတယ်။ ဒုတိယကန်ကူးတံတား ပေ ၆၀၀ တည်ဆောက်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုငွေ ကျပ်သန်းနှစ်ထောင်နဲ့ ဆောက်လုပ်သွားမှာပါ" ဟု အင်ဂျင်နီယာမှူးကြီး ဦးသိန်းအောင်က ပြောသည်။

မိတ္ထီလာ ကန်ကူးတံတားဟောင်းနေရာတွင်ထပ်မံဆောက်လုပ်မည့် ဒုတိယကန်ကူးတံတား ပေ ၆၀၀ မှာ တည်ဆောက်ပြီးစီးခဲ့သည့်တံတားသစ်ကဲ့သို့ အုတ်မြစ် Mini Bored Pile ကိုယ်ထည် သံကူကွန်ကရစ်တိုင်၊ အပေါ်ထည် RC Girder နှင့် PC Girder ဖြစ်သည်။

မိတ္ထီလာကန်ကူးတံတား တည်ဆောက်ခြင်း လုပ်ငန်းများ ပြီးစီးပါက တံတားအသစ်အနီးတွင် မရှိသင့်သည့်သစ်ငုတ်သစ်မြစ်များ ဖယ်ရှားရှင်းလင်းခြင်း၊ ပိုလျှံသော မြေကြီးမြေပုံများ ရှင်းလင်းခြင်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# ပြည်သူ့ဝန်ဆောင်မှုရုံးလုပ်ငန်းများ ဒုတိယအကြိမ်ရှင်းလင်း

**ဖာပွန် နိုဝင်ဘာ ၂**

ကရင်ပြည်နယ် ဖာပွန်မြို့နယ် ပြည်သူ့ဝန်ဆောင်မှုရုံး One Stop Shop ရုံးနှင့် ပတ်သက်၍ ဒုတိယအကြိမ် ချပြရှင်းလင်းပွဲကို ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် ဖွင့်လှစ်ထားသော အဆိုပါ ပြည်သူ့ဝန်ဆောင်မှုရုံးတွင် အောက်တိုဘာ စတုတ္ထပတ် နံနက် ၉ နာရီတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ရှင်းလင်းပွဲတွင် ရုံးချုပ်သင်တန်းမှ ပို့ချမှုများအား ဦးစီးအရာရှိ ဦးတင်လင်းဌေးက သင်တန်းတက်ရောက်ခဲ့သည့် အတွေ့အကြုံများကို ပြန်လည်ရှင်းလင်းခဲ့ပြီး ဖာပွန်မြို့နယ် (OSS) ရုံးတာဝန်ခံ ဒုတိယဦးစီးမှူးဦးဟန်စိုးက (OSS) ရုံးနှင့် သက်ဆိုင်သည့် လုပ်ဆောင်ချက်များ၊ မိမိတို့ဌာနအလိုက် ပြည်သူတို့၏ အခြေခံလိုအပ်ချက်များအား အချိန်တိုအတွင်း ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွေးကောက်ပွဲကာလတွင် တာဝန်ထမ်းဆောင်မည့် အထူးရဲများ သင်တန်းဆင်း

**ဖျာပုံ နိုဝင်ဘာ ၂**

နိုဝင်ဘာလတွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲ၌ ဖျာပုံမြို့နယ်အတွင်းရှိ မဲရုံးများ၌ တာဝန်ထမ်းဆောင်မည့် အထူးရဲများ သင်တန်းဆင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ ရက် နံနက် ၇ နာရီက ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

သင်တန်းဆင်းပွဲအခမ်းအနားတွင် ဖျာပုံမြို့နယ်ရွေးကောက်ပွဲ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျအုန်းက သင်တန်းဆင်း အမှာစကားပြောကြားပြီး ဖျာပုံခရိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအုန်းဟန်က ရွေးကောက်ပွဲဆိုင်ရာများကို ပြောကြားခဲ့သည်။

ဖျာပုံမြို့နယ်အတွင်းတွင် မဲရုံပေါင်း ၂၄၉ ရှိပြီး မဲရုံအရေအတွက်အတိုင်း အထူးရဲ ၂၄၉ ဦး ခန့်အပ်အသုံးပြုသွားမည်ဖြစ်ကြောင်း နှင့် ဖျာပုံခရိုင်အတွင်းရှိ မဲရုံ ၁၀၅၀ အတွက် အထူးရဲအင်အား ၁၀၅၀ ခန့်အပ်အသုံးပြုမည်ဖြစ်သည်။ **သူဇာနွယ်(ဖျာပုံ)**


## "ရွှေနန်းတော်ဝင် ချစ်သူများသို့ အသိပေး အကြောင်းကြားအပ်ပါသည်"

ရွှေနန်းတော်ဝင် ပိုးထည်နှင့်ချည်ထည်ဆိုင်၏ ပင်ရင်းဆိုင်ဖြစ်သော
အမှတ်(၂၁/SR) ဆရာစံလမ်းဆိုင်အား ပြန်လည်ပြုပြင်မည်ဖြစ်ပါသဖြင့်
၁၅-၁၁-၂၀၁၅ထိသာ ဖွင့်လှစ်မည်ဖြစ်ပါ၍ ဝယ်ယူနိုင်မည်ဖြစ်ကြောင်း
အသိပေးအကြောင်းကြားအပ်ပါသည်။ ရွှေနန်းတော်ဝင်ချစ်သူများ၏ တောင်းဆိုချက်အရ
အမှတ်(၇၉) ဗဟိုလမ်းနှင့်သီရိလမ်းထောင့်၊စမ်းချောင်းဆိုင်တွင်ပင်ရင်းဆိုင်ကဲ့သို့ ပိုးထည်နှင့်
ချည်ထည်များ စုံစုံလင်လင်ဝယ်ယူရရှိနိုင်မည်ဖြစ်ကြောင်းအသိပေး
အကြောင်းကြားအပ်ပါသည်။

အမှတ်(၂၁/SR) ဆရာစံလမ်း၊ ဗဟန်း ။ ၀၁ - ၅၅၅၁၅၀
အမှတ်(၇၉)၊ ဗဟိုလမ်းနှင့် သီရိလမ်းထောင့်၊ စမ်းချောင်း ။ ၀၁ - ၅၁၂၃၆၁

## ရွှေခံအိမ်အဆင့်မြင့်တည်းခိုခန်း

မန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်ာစီး၊
ဒလဘက်ကမ်းရောက်လျှင် ၅မိနစ်ဆိုက်ကားစီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဇညားဒလရပ်ကွက်၊ ဒလမြို့နယ်။

☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃

၁၀၀၀၀ ကျပ်
၁၄၀၀၀ ကျပ်

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်ဦးတင်အေး [၁၁/မဥန(နိုင်)၀၀၃၈၁၀]နှင့် ကျွန်မ ဒေါ်အေးတင် [၁၁/မဥန(နိုင်)၀၀၀၇၇၈]တို့၏ သမီးကြီး မလှိုင်ဖူးပွင့်အောင် [၁၁/သတန(နိုင်)၀၈၉၀၉၃]သည် မိဘစကားကိုနားမထောင်ဘဲ မိမိဆန္ဒအလျောက် မိဘသဘောမတူသူနှင့် လိုက်သွားပါသဖြင့်၎င်းအား ဤကြော်ငြာပါသည့်နေ့မှစ၍ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအဝဝအား လုံးဝ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဦးတင်အေး - ဒေါ်အေးတင်
[၁၁/မဥန(နိုင်)၀၀၃၈၁၀] [၁၁/မဥန(နိုင်) ၀၀၀၇၇၈]

## အာစရိယပူဇော်ပွဲနှင့် သူငယ်ချင်းများတွေ့ဆုံပွဲ ဖိတ်ကြားစာ

၁၉၈၁-၁၉၈၄ ပညာသင်နှစ်၊ တိမ္မေးကုတက္ကသိုလ်(ရေဆင်း) ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ၆-၁၂-၂၀၁၅ရက်(တနင်္ဂနွေနေ့)တွင် M-3 Food Centreတွင် ကျင်းပမည်ဖြစ်ပါ၍(ဖိတ်စာရောက်သည်ဖြစ်စေ/မရောက်သည်ဖြစ်စေ) သူငယ်ချင်းများအားလုံးစုံစုံညီညီတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အသေးစိတ်ကို အောက်ပါသူငယ်ချင်းများထံ ဆက်သွယ်စုံစမ်းမေးမြန်းလှူဒါန်းနိုင်ကြပါသည်။

(၁) ဒေါက်တာဝင်းအောင်(၀၉-၅၀၁၁၂၆၅)
(၂) ဒေါက်တာတင်ဦး(၀၉-၅၀၂၈၄၉၆)
(၃) ဒေါက်တာမောင်မောင်ထွန်း(၀၉-၂၅၄၀၅၂၅၄၀)
(၄) ဒေါက်တာစိန်စိန်ကြီး (၀၉-၄၂၁၀၆၀၃၅၇)
(၅) ဒေါက်တာစိုးထွန်း(၀၉-၅၁၅၈၀၁၇)
(၆) ဒေါက်တာဝင်းမြင့်(ပြည်) (၀၉-၅၃၆၃၃၄၃)
(၇) ဒေါက်တာမြင့်သိန်း(၀၉-၈၆၄၁၀၃၈)
(၈) ဒေါက်တာမိုးမိုးသန်း(၀၉-၅၀၀၃၈၀၆)

အလှူငွေလှူဒါန်းရန် - ကမ္ဘောဇဘဏ်စာရင်းအမှတ်-U Tin Oo, U Win Ag
၀၄၅-၃၀၂-၀၄၅၀၂၂၇၁၆၀၁
(KANBAWZA BANK Ltd.(BTHG).

## ဦးကျော်မြင့်(သီရိမိသားစုဆောက်လုပ်ရေး)နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ လူနေရပ်ကွက်အမှတ် (၆)၊ မြေကွက်အမှတ် (၂၃၁-က)၊ ဇမ္ဗူသီရိ (၈)လမ်းရှိ ပေ(၃၅×၆၀) မြေကွက်ပေါ်တွင် တိုက်သစ်ဆောက်လုပ်ရန်အတွက် ၁၀-၃-၂၀၁၂ ရက်တွင် မြေပိုင်ရှင် ဒေါ်ဖိုင်နက်ဘီ [၁၂/သကတ(နိုင်)၁၁၈၈၆၇] နှင့် ကန်ထရိုက်တာဦးကျော်မြင့် [၁၂/မဂတ(နိုင်)၀၉၃၉၅၂] တို့သည် နှစ်ဦးသဘောတူ အခန်းပေးအခန်းယူစနစ်ဖြင့် နှစ်ဦးသဘောတူ ကတိစာချုပ်အား ချုပ်ဆိုခဲ့ပြီးနောက် ၃၁-၃-၂၀၁၂ ရက်နေ့ နောက်ဆက်တွဲကတိစာချုပ်ဖြစ်သော မြေပိုင်ရှင် ဒေါ်ဖိုင်နက်ဘီ၏ သားသမီးများဖြစ်ကြသော ဒေါ်ရင်ရင် (တီကေအေ-၀၆၃၈၇၆)+၅ ဦးတို့နှင့် ချုပ်ဆိုခဲ့ကြပါသည်။ ထို့ပြင်ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် တရားဝင်ဆောက်လုပ်ခွင့်တောင်းခံခြင်း၊ သက်ဆိုင်သောကိစ္စရပ်များတရားဝင်ဆောင်ရွက်နိုင်ရန် ကန်ထရိုက်တာဦးကျော်မြင့်အား အထွေထွေကိုယ်စားလှယ်လွှဲစာ ပေးအပ်ခဲ့ပြီးဖြစ်ပါသည်။ သို့ရာတွင် ဦးကျော်မြင့်သည် စာချုပ်ပါကတိအတိုင်း ယနေ့အချိန်ထိ အဆောက်အအုံကို ပြီးစီးအောင်ဆောက်လုပ်ခြင်းလည်းမရှိ၊ ယင်းအဆောက်အအုံနှင့်ပတ်သက်၍ မည်ကဲ့သို့ဆက်လက်ဆောင်ရွက်နေသည်ကို မသိရှိရပါသဖြင့် ထိုကဲ့သို့ ဦးကျော်မြင့်၏ ပျက်ကွက်ကြန့်ကြာနေမှုများကြောင့် လူမှုရေး၊ စီးပွားရေး ဂုဏ်သိက္ခာများစွာ ထိခိုက်နစ်နာဆုံးရှုံးနေရပါသည်။ သို့ဖြစ်ပါ၍ ဤကြေညာချက်ပါရှိသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန်ထရိုက်တာဦးကျော်မြင့်အနေဖြင့် အဆောက်အအုံအား ဆက်လက်ဆောင်ရွက်လိုခြင်းရှိ-မရှိနှင့် နှစ်ဦးနှစ်ဖက်နစ်နာမှုမရှိစေရန် မြေပိုင်ရှင်များနှင့် တွေ့ဆုံညှိနှိုင်းပေးပါရန်၊ အကယ်၍ ဆောင်ရွက်ခြင်းမရှိပါက ချုပ်ဆိုထားသောစာချုပ်များအား ဖျက်သိမ်းမည်ဖြစ်ကြောင်း ကန်ထရိုက်တာဦးကျော်မြင့်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်မာမာသိန်း (LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၇၉၂/၂၀၁၃)
ဖုန်း-၀၉-၅၀၆၄၉၅၉။

ကျန်းမာရေးဆောင်းပါး

# အသည်းပျက်စီးရသောအကြောင်းရင်း

**ခဲ** ပေါက်ပေါက်

ခန္ဓာကိုယ်ရဲ့ အကြီးမားဆုံးကလီစာဟာ အသည်းဖြစ်တဲ့အလျောက် သက်ရှိသတ္တဝါတို့ ကျန်းမာရေးအတွက် သူကအရေးပါအရာ ရောက်ဆုံးပါပဲ။ အသည်းမှာ တစ်စုံတစ်ရာ ထိခိုက်ဒဏ်ရာရတဲ့အခါ ၄၈ နာရီအတွင်း ဆဲလ်နဲ့ တစ်သျှူးများအားလုံးထိ ကူးစက်ပျံ့နှံ့မှုနှုန်း မြန်ဆန်လှ၍ အမြန်ဆုံးဆေးဝါးကုသမှု ခံယူသင့်ပါတယ်။

**ခန္ဓာကိုယ်အတွက်မရှိမဖြစ်အသည်း**

ကျွန်မတို့ နိစ္စဓူဝမျိုချလိုက်သော အစားအသောက်ထဲမှာပါလာတဲ့ ဗီတာမင်၊ သတ္တုဓာတ်များနဲ့ သံဓာတ်တွေကို အသည်းက သိုလှောင်ပေးထားတဲ့အပြင် သွေးထဲမှာ ဂလူးကို့စ် ပမာဏကျနေတဲ့အခါ သွေးကြောထဲကို ဂလူးကို့စ် အချိန်မီချပေးနိုင်ရန်အတွက်ကိုလည်း အသည်းက အဆင်သင့်သိုလှောင်ပေးထားပါတယ်။ ဒ့ါပြင် အသည်းက သွေးထဲက အဆိပ်အတောက်တွေကို ဖယ်ရှားသန့်စင်ပေးခြင်း၊ ခန္ဓာကိုယ်တစ်ခုလုံး အဆိပ်အတောက်ပြေစေခြင်း သွေးမကျဲစေရန် သွေးခဲပေးခြင်း၊ သည်းခြေရည် စစ်ထုတ်ပေးခြင်း စသည့် ခန္ဓာကိုယ်တစ်ခုလုံးအတွက် အရေးကြီးတာဝန်များကို လုပ်ဆောင်ပေးတာမို့ အကယ်၍ အသည်းသာ ပျက်စီးခဲ့ရင် အသက်အန္တရာယ်အထိ စိုးရိမ်ရတာကြောင့် မပေ့ါဆသင့်ပါဘူး။

**အသည်းရောဂါ အမျိုးအစားများမှာ**

(၁) အသည်းကြီးခြင်း
(၂) အသည်းရောင်ခြင်း
(၃) အသည်းကြွပ်ခြင်း
(၄) အသည်းမာခြင်း
(၅) အသည်းခြောက်ခြင်း
(၆) အသားဝါခြင်း
(၇) အသည်းအနာဖြစ်ခြင်း
(၈) အသည်းအကျိတ်တည်ခြင်း
(၉) အသည်းပိုးဝင်ခြင်း
(၁၀) အသည်းအဆီဖုံးခြင်း စသည်တို့ဖြစ်ပါတယ်။

မွေးရာပါမျိုးရိုးဗီဇကြောင့် အသည်းရောဂါဖြစ်စေသလို မွေးရာပါကြောင့် မဟုတ်ဘဲ အရက်၊ မူးယစ်ဆေးဝါးအလွန်အကျွံ သုံးစွဲသူများနဲ့ အပျော်အပါးလိုက်စား သူများမှာ သာမန်လူတို့ထက် အသည်းရောဂါအဖြစ်မြန်ကြလို့ ဆင်ခြင်သင့်ပါတယ်။ ယခုအခါ ကူးစက်ရောဂါ စီရောဂါပိုးကြောင့် ကမ္ဘာတစ်ဝန်းလုံးတွင် တစ်နှစ်လျှင် တစ်သန်းကျော် အသည်းရောဂါကြောင့် သေဆုံးနေကြရကြောင်း လေ့လာသိရှိရပါတယ်။

**အသည်းပျက်စီးကြောင်း ရောဂါလက္ခဏာအမျိုးမျိုး**

(၁) အသည်းအဆိပ်တက်ရောဂါ လက္ခဏာများမှာ အရေပြားယားယံခြင်း၊ ဆီးအညိုရောင်သွားခြင်း၊ အရေပြားများဝါလာခြင်း၊ လက်ယာဘက် ကျောရင်ခေါင်းအောင့်ခြင်းတို့ဖြစ်ပါတယ်။

(၂) အရက်ကြောင့် အသည်းပျက်စီးသောလက္ခဏာများမှာ ခံတွင်းခြောက်၊ မောပန်းနွမ်းနယ်ခြင်း၊ အဖျားတက်၊ အသားဝါ၊ ကိုယ်အလေးချိန်တက်၊ အစာမစားနိုင်၊ အမျိုးသားများ ရင်သားကြီးထွားလာခြင်း၊ သွေးအန်ခြင်းတို့ ဖြစ်ပါတယ်။ (အရက်မျိုးစုံကို အလွန်အကျွံ သောက်မိသောအခါ၌ အသည်းကြီး၍ ရောင်တတ်၏)

(၃) အသည်းကင်ဆာ လက္ခဏာများမှာ သွေးအရောင်မနီဘဲ ဝါတာတာဖြစ်နေခြင်း၊ ဗိုက်နာဗိုက်အောင့်၊ အသည်းကြီးခြင်း၊ အော်ဂလီဆန်၊ ကြံုလှီ၍ကိုယ်အလေးချိန်ကျဆင်းသွားခြင်းတို့ ဖြစ်ပါတယ်။

(၄) နာတာရှည်အသည်းကျွမ်း ရောဂါကလည်း အရက်ကြောင့် အသည်း ပျက်စီးခြင်းလက္ခဏာနဲ့ ခပ်ဆင်ဆင်တူလို့ ဝေခွဲရခက်တတ်ပါတယ်။ နာတာရှည်အသည်းကျွမ်းရောဂါ လက္ခဏာများမှာ ဗိုက်နာဗိုက်အောင့်၊ ဝမ်းဗိုက်နဲ့ ခြေထောက်များ ဖောရောင်၊ လိင်ကိစ္စ စိတ်မပါတော့ခြင်း၊ ခြေလက်များယားယံ၊ ရင်ပြည့်၍ အတွင်းလေပွတက်ခြင်း၊ နှလုံးသွေးအားနည်း၍ ကတုန်ကယင်ဖြစ်ခြင်း၊ ဆီးအညိုရောင်သွားခြင်းတို့ ဖြစ်ပါတယ်။

(၅) အသည်းရောင်ရောဂါလက္ခဏာများမှာ ဗိုက်နာဗိုက်အောင့်၊ ဆီးအညိုရောင်သွားခြင်း၊ မောပန်းနွမ်းနယ်၊ အသည်းကြီးခြင်း၊ ဝမ်းသွား၊ အရိုးအဆစ်များနာကျင်၊ အသားဝါရောဂါ၊ အစာမစားနိုင်ခြင်းတို့ဖြစ်ပါတယ်။

**အသည်းပျက်စီးရသော အဓိကအကြောင်းရင်းများ**

(၁) အိပ်ရာဝင် အလွန်နောက်ကျပြီး အချိန်လွန်မှအိပ်ရာထခြင်း
(၂) တစ်ထိုင်တည်း အစားအများကြီး စားသောက်ခြင်း
(၃) နံနက်အိပ်ရာထ ဆီးမသွားခြင်း
(၃) လက်လုပ်ချဉ်များနဲ့ သဘာဝမဟုတ်ဘဲ အချိုမှုန့်၊ ဆား၊ ဆိုးဆေး စသည့် ဓာတုပစ္စည်းတို့နဲ့ ပြုပြင်ထားသော အစားအစာများ စားသုံးခြင်း
(၄) ဆီကြော်မုန့်များနဲ့ ဆီများများသုံးထားသော ဟင်းလျာများစားသုံးခြင်း
(၅) ကူးစက်ရောဂါကြောင့် အသည်းပိုးဝင်ခြင်း
(၆) ရောဂါအမျိုးမျိုးကြောင့် ကိုယ်ခံစွမ်းအား ကျလာပြီး အသည်းကို ထိခိုက်ဒဏ်ဖြစ်ခြင်း
(၇) အသည်းကို အဆိပ်တက်ကာ တိုက်ရိုက်ထိခိုက်စေတဲ့ အရက်သေစာ အမျိုးမျိုးသောက်ခြင်း
(၈) ရာသီဥတုကြမ်းတမ်းသော အရပ်ဒေသသို့ သွားရောက်လုပ်ကိုင်ရသောသူများ၊ မီးပူ၊ နေပူခံ၍ အလုပ်လုပ်သောသူများ၊ အညှော်နံ့ခံ၍ လုပ်ကိုင်သူများ၊ စားဖိုမှူးများ၊ လောင်စာဆီနံ့ အမြဲရှူရှိုက်နေရသူများ
(၉) အပူအစပ် အစားများသူများ
(၁၀) သကြားခဲ၊ သကြားလုံး၊ ဟင်းရွက်ဆီနဲ့ သကြားများပါတဲ့ ဈေးပေါပေါချောကလက်များ၊ ဘီစကွတ်၊ မုန့်ငန်များ၊ ဆီကြော်ဒိုးနတ်မုန့်ချိုများ၊ အာလူးအကြွပ်ကြော်များ၊ ကြက်ဥမုန့်ပျားသလက်၊ ပီဇာ၊ အကြော်စုံ၊ ငါးကြော်၊ ကြက်ကြော်စတဲ့ အကြွပ်ကြော်များ မကြာခဏစားသုံးခြင်း စသည်တို့ကြောင့် ဖြစ်ပါတယ်။ ထို့ပြင် Diet foods (ခေါ်) ဝိတ်ကျအောင် ပြုပြင်ထားတဲ့ ဒိန်ချဉ်၊ ယို၊ ရေခဲမုန့်၊ ဆိုဒါတွေမှာ အရသာကောင်းစေရန် အချိုဓာတ်တွေ ထည့်သွင်းထားလို့ အသည်းဝေဒနာရှင်များ စားရန်မသင့်တော်ပါဘူး။

**အသည်းကိုကျန်းမာသော အစားအစာများ**

(၁) Amino အက်စစ်နဲ့ Omega 3 ဖက်တီးအက်စစ်များက အသည်းကို လွန်စွာကောင်းကျိုးပြုပါတယ်။ ထိုဓာတ်များ ဖောဖောသီသီရနိုင်တဲ့ ပင်လယ်ငါးများကို ရက်သတ္တတစ်ပတ်လျှင် အနည်းဆုံး သုံးကြိမ်စားပါ (သို့မဟုတ်) ငါးကြီးဆီ မှီဝဲပါ။

(၂) အစိမ်းရောင် ဟင်းသီးဟင်းရွက်များဖြစ်ကြတဲ့ ကိုက်လံ၊ ပန်းဂေါ်ဖီစိမ်း၊ ဂေါ်ဖီ တို့မှာ ပါရှိတဲ့ သဘာဝ sulforaphane ပစ္စည်းက အသည်းထဲရှိ အဆိပ်အတောက်ပြေစေတဲ့ အင်ဇိုင်းများကို တိုးပွားစေပါတယ်။

(၃) sulphur ဓာတ်ကလည်း အသည်းကို ကောင်းကျိုးပြုလို့ Sulphur ဓာတ်ကြွယ်ဝသော ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ကြက်ဥတို့ကို စားပေးပါ။

(၄) ခန္ဓာကိုယ်တစ်ခုလုံး အဆိပ်အတောက်ပြေစေရန် အသည်းကအင်မတန် အလုပ်ရှုပ်လို့ အသည်းထဲရှိ ဆဲလ်များ မကြာခဏပျက်စီးလေ့ရှိပါတယ်။ လက်ဖက်ရည်ကြမ်းထဲရှိ EGCG (ခေါ်) သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက ထိုဆဲလ်များ ပျက်စီးခြင်းမှ ကောင်းစွာကာကွယ်ပေးနိုင်လို့ တစ်နေ့လျှင် အနည်းဆုံး လက်ဖက်ရည်ကြမ်း လေးခွက်သောက်ပါ။

(၅) ရေနွေး တစ်ဖန်ခွက်ထဲမှာ သံပရာသီးတစ်လုံး (သို့မဟုတ်)ရှောက်သီးတစ်စိတ် ညှစ်၍ အသည်းသန့်ဆေးအဖြစ် နေ့စဉ်သောက်ပါ။

(၆) အသည်းကျွမ်းသူများနဲ့ အသည်းကင်ဆာ ဝေဒနာသည်များအတွက် သောက်သုံးသင့်တဲ့ဖျော်ရည်လေးပါ။ အခွံခွာထားသော ပန်းသီးအနေတော် နှစ်လုံး၊ ဂေါ်ဖီထုပ် နှစ်ရွက်၊ ပန်းဂေါ်ဖီစိမ်း ငါးပွင့်၊ ကြက်သွန်ဖြူအမွှာကြီးကြီး တစ်မွှာ (သို့မဟုတ်) ကြက်သွန်နီဥ တစ်ခြမ်း၊ တရုတ်နံနံပင် ငါးပင်တို့ကို ရောကြိတ်၍ သံပရာသီးတစ်လုံး (သို့မဟုတ်) ရှောက်သီးတစ်စိတ် ညှစ်ဖျော်သောက်ပါ။

(၇) Taurine ဓာတ်က သည်းခြေရည်ထွက်ရှိမှုအတွက် မရှိမဖြစ်ပါ။ ဒါကြောင့် အသည်းဝေဒနာသည်များ Taurine ပါသော ဆေးဝါးမှီဝဲပါ။

(၈) Dandelion (ခေါ်) အလေ့ကျ ပေါက်အဝါရောင် တောပန်းတစ်မျိုးကို အနောက်နိုင်ငံမှာ ဆေးဖက်ဝင်အပင်အဖြစ် အသည်းအားဆေး၊ သည်းခြေအရည်ထွက်ဆေး၊ ဆီးအိမ် ကျန်းမာဆေး၊ ဆီးရွှင်၊ ဝမ်းနုတ်ဆေးအဖြစ် အသုံးပြုလေ့ရှိကြပါတယ်။ ဒါကြောင့် Dandelion(ခေါ်) Taraxacum Officinale နဲ့ ဖော်စပ်ထားတဲ့ ပဋိဇီဝဆေးဝါးများ မှီဝဲသောက်သုံးပါ။

(၉) Psyllium နဲ့ Globe Artichoke(ခေါ်) Cynara scolymus ဆေးဝါးများကလည်း အသည်းကိုအားကောင်းစေပါတယ်။

(၁၀) Lecithin အားဆေးမှီဝဲပါ။ အဲဒီဆေးဝါးထဲမှာပါရှိတဲ့ phosphatidyl choline အစွမ်းက အသည်းထဲရှိဆဲလ်အမြှေးပါးများကို ကောင်းကျိုးပြုပေးတဲ့အပြင်၊ အသည်းအဆီနဲ့ ကိုလက်စထရောပမာဏကို ဟန်ချက်ညီညီထိန်းပေးလို့ပါပဲ။


**စာမျက်နှာ ၂၁ သို့**

မဟာတိုး ဗုဒ္ဓဂယာ-ထိုင်း-ကမ္ဘောဒီးယား-သီရိလင်္ကာ-ဘုရားဖူးအဖွဲ့
ဗုဒ္ဓဂယာ (၇) ရက် ၈.၅ သိန်း ၊ ဗုဒ္ဓဂယာ (၁၄) ရက်ခရီး ၉.၅ သိန်း Nov.11,25, Dec.9, 23 (ပိဋကပူဇော်ပွဲ)
ဗန်ကောက်- မြဘုရားဈေးဝယ် (၃) ရက်ခရီး ၃.၅ သိန်း
ကမ္ဘောဒီးယား-အန်ကောဝပ် (၃) ရက်ခရီး (လေယာဉ်ဖြင့်) ၇.၅ သိန်း
Nov 27,28,29
Dec 25,26,27
Jan 02,03,04
သီရိလင်္ကာစွယ်တော် အပြန် ဗန်ကောက်ဘုရားဖူးဈေးဝယ် ၁၅.၅ သိန်း 2015 Nov 20 ထွက်မည်
မိသားစု၊ အသင်းအဖွဲ့၊ သီးသန့် စီစဉ်ပေးပါသည်။
ရန်ကုန် -(၃၈)၊ ဥလမ်း/ ၈၁၅မဟာဗန္ဓုလလမ်းနှင့်လှည်းတန်းလမ်းထောင့်၊ လမ်းမတော်မြို့နယ်။ ဖုန်း - ၂၂၇၃၂၂ ၊ ၀၉ ၄၉၂၉၇၁၇၆ ၊ ၀၉ ၇၃၂၀၅၈၉၀
မန္တလေး -၄၁၄၊ ၈၂ လမ်း ၊ ၃၂ × ၃၃ ကြား ၊ ချမ်းအေးသာစံမြို့နယ်။ ဖုန်း - ၀၉ ၉၁၀၁၀၉၅၃၆ ၊ ၀၂ ၃၄၆၇၄
မော်လမြိုင် - အမှတ် (၄၇) ၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း မြိုင်သာယာရပ်၊ ဖုန်း- ၀၉ ၄၉၈၀၀၂၈၆ ၊ ၀၉၈၇၀၄၀၈၈
မန္တလေးမှ ဗန်ကောက်၊ ကမ္ဘောဒီးယား သီရိလင်္ကာ တိုက်ရိုက်ပို့ပေးပါသည်။

ဟိန်း 01-293159 01-9000293 09-5160048
ခရီးစဉ်အမျိုးမျိုးနှင့်
ဟရဲလ်/နှစ်ရှည်ကားငှါးရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။
www.heincarrental.com

**အမည်ဖြည့်စွက်ခေါ်ဆိုပါရန်**
မောင်စည်သူအောင်[၁၂/ဥကတ(နိုင်) ၁၄၁၆၂၆] (အဖ)ဦးသိန်းဝင်းအား ယနေ့မှစ၍ မောင်စည်သူအောင် (ခ) STEVE WIN ဟု ဖြည့်စွက်ခေါ်ဆိုပါရန်။
မောင်စည်သူအောင် (ခ) **STEVE WIN**

ငွေစင်သွန်း ခရီးသွားဝန်ဆောင်မှု
* ကျိုက်ထီးရိုး၊ ဇင်းကျိုက် (ရေတံခွန်)
* ပြည်ဘုရားစုံ၊ အကောက်တောင်
* ကရင်ပြည်နယ်၊ ဂူဘုရားများ
* ကရင်ပြည်နယ်၊ ကျွဲထော်ရေတံခွန်
* မော်လမြိုင်၊ ကျိုက္ခမီ၊ စက်စဲ
* တောင်ငူ၊ မြတ်စောညီနောင်ဘုရား၊ သံတောင်
* ကျိုက်ပီ၊ သထုံရွှေစာရံ၊ ဇင်းကျိုက်ရေတံခွန်
* မန္တလေးမဟာမြတ်မုနိ၊ ရေပြာအိုင်၊ ကျောက်စိမ်းဘုရား
နေ့ချင်းပြန် အပတ်စဉ် (စနေ၊ တနင်္ဂနွေ) ၃၅၀၀၀ိ/ ကျပ်၊ ရုံးသမားများ၊ အသင်းအဖွဲ့များ အတွက်လည်း အထူးစီစဉ်ပေးပါမည်။
ခရီးစဉ်များအလိုက် ကားမျိုးစုံငှားပေးပါသည်။
ဖုန်း - ၀၉ ၄၂၀၁၂၈၃၁၉၊ ၀၉ ၅၁၄၄၃၅၆၊ ၀၉ ၄၂၀၂၅၆၂၇၉၊ ၀၉ ၄၂၀၁၁၀၀၂၂၊ ၀၉ ၅၁၁၂၈၉၂၊
လက်မှတ်များကို Door to Door ပို့ဆောင်ပေးပါမည်။



## ဖေဖေ ဦးဝေဖြိုး နှင့် မေမေ ဒေါ်ယုမွန် တို့၏ မင်္ဂလာသက် (၁၁) နှစ်ပြည့် နှင့် သားသား " ဖွဲ့ဝေဖြိုး " (၅)နှစ်ပြည့် မွေးနေ့ တို့အတွက် ဆုမွန်ကောင်း

၆.၁၁.၂၀၁၅ ရက်တွင်ကျရောက်သည့် ဖေဖေ ဦးဝေဖြိုးနှင့် မေမေဒေါ်ယုမွန် တို့၏မင်္ဂလာသက် (၁၁)နှစ်မှသည်နောင်နှစ်ပေါင်းများစွာတိုင်တူယှဉ်မကွဲရွှေလက်တွဲပြီးချစ်သောသားသားနှင့်အတူ သာယာချမ်းမြေ့သော ဘဝလေးကို ဖြတ်သန်းနိုင်ပါစေ နှင့် ၃.၁၁.၂၀၁၅ ရက်တွင် ကျရောက်သော သားသားဖွဲ့ဝေဖြိုး၏ (၅)နှစ် ပြည့်မွေးနေ့မှသည် ယဉ်ကျေးလိမ္မာသော သားကောင်းရတနာဖြစ်ခြင်း၊ တတ်သိနားလည်ခြင်း၊ ထူးချွန်ထက်မြက်ခြင်း၊ကျန်းမာပျော်ရွှင်ခြင်းတို့နှင့်ပြီးပြည့်စုံသောမွေးနေ့ပေါင်းများစွာကိုဖေဖေဦးဝေဖြိုး-မေမေဒေါ်ယုမွန် မိသားစုတို့နှင့်အတူ ပိုင်ဆိုင်နိုင်ပါစေ။

ဘဏ္ဍာရေးဌာနမှ ဝန်ထမ်းများ
ချိုချိုကုမ္ပဏီလီမိတက်
ရသာချိုစက်မှုလုပ်ငန်းလီမိတက်
ချိုချိုစက်မှုလုပ်ငန်းလီမိတက်
မာကျူရီဖြန့်ဖြူးရေးကုမ္ပဏီလီမိတက်




EEC European Education Center
SWPS UNIVERSITY OF SOCIAL SCIENCES AND HUMANITIES WARSAW, POLAND
Taught by European Professional Lecturers
.Executive MBA
• International Business Relations ( BA , HND )
• Management ( BA , HND )
• Diploma in Management Studies
• Diploma in Human Resources
• Diploma in Business English
.MBA
30% Scholarship
www.eecmyanmar.com facebook.com/eecmyanmar 09-250233662



အသားဖြူဖွေးနုပျို တင်းရင်းလိုသူတိုင်းအတွက်
စိတ်တိုင်းမကျသူများအတွက် တွဲဖက်အသုံးပြုရန် အထူးသင့်လျော်ပါသည်။
WHITE & BEAUTY
အသားဖြူ ★ ညို ★ ချောကလက် ရောင်
ကျား/မ၊ ကြီး၊ ငယ်မရွေး သုံးနိုင်သည်။
Skin Care

UVA-UVB ပါဝင်ခြင်းကြောင့် အရေပြားကင်ဆာနှင့် ခရမ်းလွန်ရောင်ခြည်ကို (၁၀၀%) ပြည့်ကာကွယ်နိုင်သည်။
White & Beauty
ဝယ်ယူရရှိနိုင်သောဆိုင်များ - Capital, Asia Light, Victoria, Super One,Royal Mart, Sein Gay Har,(လှည်းတန်း ဥမ္မာဝတီး) ကျောက်မြောင်း(မိနီမတ်စ်)၊ အောင်(ဝတီး)(ရှု-ဈေးရှေ့၊ မ/ဥက္ကလာ)၊ ယုဇနပလာဇာ ပ+၃ထပ် (မှန်၊ ရွှေကျွန်၊ ပွင့်စံအိမ်၊ ရွှေရှုပါ) အလှကုန်ဆိုင်များ ဟသာတမြို့-သစ်ဆန်းလွင်စတိုး
မြန်မာတစ်ပြည်လုံးဆိုင်များ Ph : 09 - 450066151 သို့ ဆက်သွယ်မှာယူနိုင်ပါသည်။



CROWN EDUCATION Yangon - Myanmar
အင်္ဂလန်နိုင်ငံ University of Sheffield ၏ တာဝန်ရှိသူနှင့်တွေ့ဆုံပြီး ပိုမိုအခွင့်အလမ်းများကို ရှာဖွေနိုင်မည်
" ယူကေ Top Ten စာရင်းဝင်တက္ကသိုလ်များသို့ ပညာသင်ဆု ဖြင့် တက်ရောက်နိုင်မည့် ပညာရေးဆွေးနွေးပွဲ "

Speaker Profile
AARON HOBDAY
• စီးပွားရေးနှင့်စီမံခန့်ခွဲမှု၊ အင်ဂျင်နီယာ၊ ကွန်ပျူတာသိပ္ပံ၊ ဟိုတယ်နှင့်ခရီးသွားဘာသာရပ်များကို ယူကေရှိ Top Ten Universities များတွင် တက်ရောက်နိုင်မည့်အခွင့်အရေး
• Times Higher Education တွင် ယူကေအဆင့်(၁၈)ရှိ Universitiy of Sheffield သို့ တိုက်ရိုက်တက်ရောက်နိုင်မည့်အခွင့်အရေး
• ကမ္ဘာ့ထိပ်တန်း အဆင့်(၁၀၀)ဝင် နယ်သာလန်တက္ကသိုလ်များတွင် ပညာသင်ခွင့်နှင့် ဆက်လက်နေထိုင်ခွင့် (၁)နှစ်ရရှိမည့် အခွင့်အရေး
• မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်နှင့် MOU ရေးထိုးထားသည့် University of Surrey တွင် တက်ရောက်သင်ယူနိုင်ခွင့်
StudyGroup
DATE : NOV 5 (THURSDAY)
TIME : 10:00 A.M - 12:00 NOON
VENUE : CROWN EDUCATION CENTER
ကျပ်သိန်းပေါင်း ၁၀၀၀ခန့် ပညာသင်ဆုများ
Call Us : 01 527 838 - 09 4500 56 300 - 09 257 539 519 - 09 732 732 77



ချောင်းသာခရီးစဉ်
AZURA Hotel & Hotel ACE
၁ ည / ၂ ရက် 60,000 Ks
၂ ည / ၃ ရက် 95,000 Ks
09-421013999,09-421014999
09-975679511~44
09-799877850 ~ 51



အမြန်ရောင်းမည်
ရော်ဘာကြိတ်စက် ၁၀'၊ ၁၂'
ညှိနှိုင်းဈေးဖြင့်ရောင်းမည်။
ပစ္စည်းကြည့်ရန်
စစ်တောင်းလမ်း၊ (၆၄)ရပ်ကွက်၊
စက်မှုဇုန်(၂)တောင်ဒဂုံ
ဖုန်း-၀၁-၅၉၅၄၃၆၊
၀၉-၅၁၁၄၆၅၃



အောင်သပြေ
အရောင်းပြခန်း (၁၈) ဖွင့်လှစ်ခြင်းအထိမ်းအမှတ် အဖြစ် (၂၈-၁၀-၂၀၁၅) နေ့မှစ၍ အထူးလျှော့ဈေးရောင်းချပေးနေပါပြီ။
ပယောင်းပုဆိုး၊ ဘယ်လ်ဂျီယံကော်ဇော၊ ၁၂' အနံမွေးပွကော်ဇော၊ Tile Carpet
မိုးရေကာပျင်၊ ကိုရီးယားကြမ်းခင်း၊ ပျာ၊ ထိုင်ခင်းမျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများ

အရောင်းပြခန်းအသစ်
အမှတ်(၅-၉/ခ-၂)၊ ဘုရင့်နောင်လမ်းမကြီး၊ နွယ်သာကီလမ်းဒေါင့်၊
ဘုရင့်နောင်ပွဲရုံတန်းရှေ့(ဘုရင့်နောင်ရုံးတံတားအဆင်း)၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန် မြို့ ဖုန်း-၀၁-၆၈၆၁၈၀၊ ၆၈၆၁၈၁
E-mail : distribution@aungthabyeflooring.com

ကြော်ငြာ




Enquiry Hotline : 09-264554707

# TRITONE Same Sky, Exclusive World

## TRITONE Features

- Located at the 8 Mile Junction, Yangon, alongside Pyay Road
- Freehold Land
- Unobstructed panorama views
- Bespoke interiors to the highest specifications
- Pair-glass & stone finishing for energy efficiency
- World class 5-story shopping complex with cinema
- Full range of amenities
  - 25M lap swimming pool (4 lane) and children's pool
  - Gym and G/X room
  - Indoor golf range with screen play
  - Private lobby and business lounge




Hanwha

https://facebook.com/TRITONE.8mile
https://tritone8mile.com

**Career Opportunity**
Share your passion with us. For more info, tritonecareer@gmail.com

# အထူးလိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူပါကြောင်း
## အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဝဏ္ဏကျော်ထင်
## ဒေါက်တာခင်ရွှေ

ဥက္ကဋ္ဌ ကယ်ဆယ်ရေးနှင့်ကူညီစောင့်ရှောက်ရေးကော်မတီ၊အမျိုးသားလွှတ်တော်
ဥက္ကဋ္ဌ အမျိုးသားပွဲ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စုလီမိတက်
ဥက္ကဋ္ဌ ဇေကမ္ဘာကုမ္ပဏီလီမိတက်
သည်
စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် ကိုယ်ပိုင်ငွေကြေးများစွာကို ထုးကဲစွာစွန့်လွှတ်လှူဒါန်းခဲ့ခြင်းအတွက်
အမေရိကန်ပြည်ထောင်စု၊ ကိုလံဘီယာရှိ ၊ ကမ္ဘာ့ငြိမ်းချမ်းရေးဆုချီးမြှင့်ရေးကော်မတီမှရွေးချယ်ပြီးချီးမြှင့်သော နိုင်ငံတကာဆုဖြစ်သည့်

## "The World Peace Prize Award"

ကို ထိုက်တန်စွာ ရွေးချယ်ချီးမြှင့် အပ်နှင်းခြင်းခံရပါသဖြင့်
ဒါရိုက်တာအဖွဲ့ဝင်များအားလုံးမှ အထူးလိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ။

ဒါရိုက်တာအဖွဲ့
အမျိုးသားပွဲ့ဖြိုးတိုးတက်ရေးကုမ္ပဏီအုပ်စု

**Gallivant Travel Service**
ပုဂံညောင်ဦး၊ ပုပ္ပါး၊ စွယ်တော်လေးဆူ - Nov 13
၃ ညအိပ်၊ ၄ ရက်ခရီး / Scania (2+1) ဖြင့် စီစဉ်ပါသည်။
တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကလော - Nov 20
မွန်လေး၊ မြင်ဦးလွင်၊ ဒီးဒုတ်ရေပြာအိုင်၊ ကျောက်စိမ်းဘုရား Dec 4
ဆက်သွယ်ရန် - ၀၁ ၈၆၁၀၄၃၂ ၊ ၀၉ ၂၅၃၈၁၁၃၈၀၃

ထက်အောင်လင်း 09-73040151
**H.A.L TRAVELS**
**ချောင်းသာ** (သီးသန့်)
09-49215713,09-258135556

**KING STAR** ဖုန်း - 09 73049700, 09 73047572
ကွန်ပျူတာအတတ်သင် **25000Ks**
- Internet (8000Ks)
- i-Office 2010
- D.T.P
- Graphic Design
- A+ Hardware
အချိန်ညှိနိုင်ပေးပါသည်။

**K . T . AUNG Travels & Tours**
NOK AIR လေယာဉ်လက်မှတ်များကို တရားဝင်ကိုယ်စားလှယ်အဖြစ်စတင်ရောင်းချနေပါပြီ
ရန်ကုန် ⟷ ဗန်ကောက် ⟷ ရန်ကုန် အသွားအပြန်ခရီးစဉ်
(က) လေယာဉ်လက်မှတ် (၁) စောင်ဝယ်တိုင်းဖုန်းငွေဖြည့်ကဒ် (၅၀၀၀) ကျပ် လက်ဆောင်၊ (၁) ဈေးနှုန်းအမှန်တကယ်သက်သာရမည်။
(ခ) လေယာဉ်လက်မှတ်ဈေးနှုန်းကို ကြိုတင်ဖုန်းဆက် မေးမြန်းပါ။ ဈေးနှုန်းသက်သာမှ ဝယ်ယူအားပေးပါ။
Passport & Air Ticket Included
Ph: 09 798421949, 09 970134049, 09 425281244, 09 252858844, 09 798467178, 01 553825

**Diploma in Banking & Finance**
WEST CHESHIRE COLLEGE
သင်တန်းကို နိုဝင်ဘာလ (၁၄) ရက်နေ့တွင် ဖွင့်လှစ်မည်
Contact Now: 09 420100712, 09 252228889


နိုင်ငံတကာနှင့် ပြည်တွင်းမှဘဏ်လုပ်ငန်းကြီးများတွင် အလုပ်လုပ်ကိုင်လိုသူများ၊ ဘဏ်လုပ်ငန်းနှင့်ငွေကြေးဈေးကွက်တွင် ကျွမ်းကျင်စွာလုပ်ကိုင်လိုသူများ နှင့် စိတ်ပါဝင်စားသူများအတွက်

UK အစိုးရအသိအမှတ်ပြုလက်မှတ်ရရှိမည့်
Diploma in Banking & Finance
( West Cheshire College)

မကြာမီဖွင့်လှစ်လာတော့မည့်ငွေကြေးဈေးကွက် (Stock Marekt) နှင့်နိုင်ငံတကာဘဏ်ကြီးများ၏လုပ်ဆောင်ချက်များကို စနစ်တကျသိရှိလိုသူများအတွက် ရည်ရွယ်၍ဖွင့်လှစ်သော နိုင်ငံတကာအသိအမှတ်ပြုသင်တန်းဖြစ်ပြီး အနာဂတ်ဘဏ္ဍာရေးလုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုရရှိစေနိုင်မည့်သင်တန်း ဖြစ်သည်။

Contact Now : Myanmar International Business Academy
No.125, 5th Floor A, Near Sin Yay Twin Bus Stop, Insein Road, Kamayut Township, Yangon.
09 420100712, 09 252228889


ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
**MECHINICAL CAR PARKING**










TPW
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.48.48

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။

**FEG**
Future Engineer Generation
Vocational, Computer & Language Training School
ဒုတိယထပ်၊ ၃လမ်းဈေးပလာဇာ (စည်ပင် ၉ ထပ်ရုံး)၊ ဆိပ်ကမ်းသာလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
၀၉၇၉၁၉၂၆၂၅၅ ၀၉၅၁၅၃၃၃၃
fegtrainingschool@gmail.com
facebook:FEGtrainingschool

**M&E Working Drawing**
Introduction to M&E Systems, Archi Cleaning Procedures, Understanding of Drawing Standards, Electrical System, Print Preview and Plotting according to Scale, Plumbing System, Sanitary System, HVAC, Fire Protection System စသည့် M&E Service များအား သီအိုရီအခြေခံ၍ Schematic Diagram နှင့် Plan Drawing များ ဆွဲသားခြင်း
10.11.2015 Mon to Thur (3:00-5:00)PM

**M&E Electrical Design**
IEE မှုကိုအခြေခံ၍ အဆောက်အဦဆိုင်ရာ ဒီဇိုင်းတစ်ခု တည်ဆောက်ရာတွင် ၎င်းနှင့်အတူ တင်ပြရမည့်ဇယားများဆွဲခြင်း၊ ဒီဇိုင်းတွင်ပါဝင်သော အဆင့်တစ်ခုစီအတွက် လိုအပ်သော Circuit breaker size, Cable size, Earth termination size, Conduit/ trunking size, Icu, Ics တန်ဖိုးများကို တွက်ချက်ထည့်သွင်းပြီး တည်ဆောက်ထားသော ဒီဇိုင်း၏ Short circuit protection, Earth fault protection ကို ထပ်မံစစ်ဆေးခြင်း
7.11.2015 Sat, Sun (10:30-12:30)PM
17.11.2015 Tue to Fri (5:30-7:30)PM

**လျှပ်စစ်ဝါယာရင်းကျွမ်းကျင်သင်တန်း**
အိမ်၊ စက်ရုံ၊ အလုပ်ရုံ ဝါယာရင်း သွယ်တန်းနည်းများကို စာတွေ့လက်တွေ့ ထိရောက်စွာသင်ကြားပေးမည်။
7.11.2015 Sat, Sun (8:30-10:30)AM
သင်တန်းပြီးဆုံးပါက အလုပ်အကိုင်ရရှိရန် ချိတ်ဆက်ဆောင်ရွက်ပေးမည်။

အထူးကျေးဇူးတင်လွှာ

GALANZ SHAMPOO & PERSONAL CARE PRODUCTS, STORM MAN SERIES

, GALANZ LIVINGPROOF SKINCARE PRODUCTS များအား (၁၀)နှစ်တိုင်တိုင် အားပေးခဲ့သော

လက်လီ၊လက်ကား အရောင်းကိုယ်စားလှယ်တော်ကြီးများနှင့် အမြဲဝယ်ယူသုံးစွဲနေသော Customerများအားလုံးကို

ယခုသီတင်းကျွတ်အခါသမယတွင် အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂါရဝပြုအပ်ပါသည်။

BRIGHT BEAUTY TRADING CO.,LTD.

GALANZ™

STORM
COSMETICS & TOILETTES

MIC
Myanmar Imperial College

edexcel
Approved Centre No. 93679


MIC Annual Graduation Ceremony 2015

ဝမ်းမြောက်ဂုဏ်ယူခြင်း

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တစ်ဖက်တစ်လမ်းမှပါဝင်ထမ်းဆောင်သောအားဖြင့် အနာဂတ်ခေါင်းဆောင်များကိုမွေးထုတ်ပေးလျက်ရှိသော Myanmar Imperial College ၏ Annual Graduation Ceremony 2015 ကို October 25 ရက်နေ့တွင် Hotel NOVOTEL YANGON MAX ၌ ကျင်းပခဲ့ရာ MIC ၏ Academic Advisory Head ဖြစ်သူ Prof: Dr. Daw Yi Yi Myint မှ အမှာစကားပြောကြားဖွင့်လှစ်ပေးပြီး MIC ၏ Managing Director နှင့် Founder ဖြစ်သူ Daw Poht Poht Kyi, MIC Academic Head ဖြစ်သူ Prof: Dr. Daw Hla Myint နှင့် Northampton University ၏ Vice Chancellor ဖြစ်သူ Professor Dr. Nick Petford တို့မှ ဆုံးမသြဝါဒစကားပြောကြားပေးခဲ့သည့်အပြင် MBA ကျောင်းသား၊ ကျောင်းသူ 41 ဦး အပါအဝင် ကျောင်းသား၊ ကျောင်းသူပေါင်း 335 ယောက်ကိုအောင်လက်မှတ်များ အောင်မြင်စွာချီးမြှင့်ပေးနိုင်ခဲ့သည့်အတွက် MIC ကျောင်းသား၊ ကျောင်းသူများအတွက် ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် အနာဂတ်ကျောင်းသားလူငယ်များအားနွေးထွေးစွာ ဖိတ်ခေါ်အပ်ပါကြောင်း။

*"Leaders with qualified skills, positive attitude and ethics can change the world for the better."*

Working in Partnership with
THE UNIVERSITY OF NORTHAMPTON
United Kingdom




November Intake!

MIC U Wisara Campus: No. 1, Zay Myauk St., Phayar Gyi Ward, Dagon Tsp., Yangon, Myanmar.

09 732 10001 / 09 4211 00222

# ဒေါ်မာရှိုးလျှင်(လားရှိုး)

## အသက်(၁၀၈)နှစ်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ (၁၂)ရပ်ကွက်၊ ရှမ်းခိုလောင်းလမ်း၊ အမှတ်(၂၅)နေ (ဦးရန်နိမ်ကျမ်း)၏ ချစ်လှစွာ သောဇနီး၊ ဦးရန်ကြွင်း-ဒေါ်ရှောက်နော်၊ ဦးရန်ဟော် (Chairman, Mottama Holdings Ltd.)-ဒေါ်ခင်ခင်ထက် တို့၏ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၅၇ ယောက်၊ မြစ် ၈၀ ယောက်၊ တီ ၂၉ ယောက်တို့၏ချစ်လှစွာသော အဘွားသည် ၃၁-၁၀-၂၀၁၅(စနေနေ့) နံနက်၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၁-၂၀၁၅(ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် လားရှိုးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မာရှိုးလျှင်(လားရှိုး)

## အသက်(၁၀၈)နှစ်

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုးမြို့ (၁၂)ရပ်ကွက်၊ ရှမ်းခိုလောင်းလမ်း၊ အမှတ်(၂၅)နေ (ဦးရန်နိမ်ကျမ်း)၏ ချစ်လှစွာသောဇနီး၊ ဦးရန်ကြွင်း-ဒေါ်ရှောက်နော်၊ ဦးရန်ဟော် (Chairman, Mottama Holdings Ltd.)-ဒေါ်ခင်ခင်ထက်တို့၏ချစ်လှစွာသော မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၅၇ ယောက်၊ မြစ် ၈၀ ယောက်၊ တီ ၂၉ ယောက်တို့၏ ချစ်လှစွာသောအဘွားသည် ၃၁-၁၀-၂၀၁၅(စနေနေ့) နံနက် ၁နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်တကွထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**Mottama Holdings Ltd.**

**ကုမ္ပဏီဝန်ထမ်းများ**

### အထူးကျေးဇူးတင်လွှာ

### ဒေါ်ခင်ပြုံးသစ်

### အသက် (၅၄)နှစ်

**B.Sc (Chemistry)**

**အစီအစဉ်လက်ထောက်(ငြိမ်း/၈၈)မြန်မာ့အသံ**

၁၈-၁၀-၂၀၁၅ရက်နေ့က စင်ကာပူနိုင်ငံနေအိမ်၌ ကွယ်လွန်သွားခဲ့သော ဒေါ်ခင်ပြုံးသစ်၏နာရေးတွင် စင်ကာပူနိုင်ငံ၌ မီးသင်္ဂြိုဟ်ရာတွင်လည်းကောင်း၊ ရေဝေးသုသာန်၌ အရိုးပြာအိုးဂူသွင်းရာတွင်လည်းကောင်း တက်ရောက်ဝိုင်းဝန်း အားပေးခဲ့ကြသော စင်ကာပူနိုင်ငံနှင့် မြန်မာနိုင်ငံရှိ ဆွေမျိုးမိတ်သင်္ဂဟများ၊ စင်ကာပူနီအန်းပိုလီမှ ကျောင်းသား ကျောင်းသူများ၊ အလှူငွေထည့်ဝင်ကြသူ များ၊ ပန်းစည်းပန်းခြင်းပေးပို့ကြသူများ၊ သက်နှံးပရိအက္ခရာနှင့် လျှူဖွယ်ပစ္စည်းပေးပို့ကြသူများ၊ စာဖြင့်လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ အီးလ်းမေးဖြင့်လည်းကောင်း၊ သတင်းမေး အားပေးစကားပြောကြသူများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

**မြို့ရွာတစ်ခွင်သာစေချင်   မီးတွင်မပေါ့နှင့်**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

**ဦးညီမောင်(ပေါင်းတလည်/အုတ်ဆွဲ) (၈၄)နှစ်**

ဦးရဲနောင် (Managing Director, Pyi Taw Hein Bored Pilling and Construction Co., Ltd)-ဒေါ်ခင်ချစ်မူတို့၏ မွေးသဖခင် ဦးညီမောင် (ပေါင်းတလည်၊ အုတ်ဆွဲ)သည် ၁-၁၁-၂၀၁၅ရက် နံနက် ၁း၅၅နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**Pyi Taw Hein Bored Pilling and Construction Co., Ltd**

**ဝန်ထမ်းများ**

### ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ကြည်ကြည်မြင့် (မော်လမြိုင်)

**အသက်(၈၉)နှစ်**

ဒေါက်တာဝင်းအောင်-ဒေါက်တာခင်စပယ်သွင် (1984 B.V.S)၏မိခင် ဒေါ်ကြည်ကြည်မြင့်(မော်လမြိုင်)သည် ၃၀-၁၀-၂၀၁၅ ရက်တွင် ကွယ်လွန်ကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**၁၉၈၄ ဘွဲ့ရ တိ/ကုဆရာဝန်**

**သူငယ်ချင်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

Dr. သိန်းကျော်မိုး၊ မခင်ချိုချိုဝင်းတို့၏ ဖခင်ဖြစ်သူ ဦးသိန်းဟန် (၇၉)နှစ်သည် ၂၄-၁၀-၂၀၁၅ ရက်တွင်လည်းကောင်း ၊ Dr.သန်းစိုး-Dr. ခင်မာရီတို့၏ဖခင်ဖြစ်သူ Dr.မြတ်စိုး (၈၁)နှစ်သည် ၂၇-၁၀-၂၀၁၅ ရက်တွင်လည်းကောင်း ကွယ်လွန်ကြောင်းကြားသိရသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**(၁၉၈၄-၉၀)နှစ် အတန်းတူသူငယ်ချင်းများ**

**ဆေးတက္ကသိုလ်(၂)၊ ရန်ကုန်**

### ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်ငွေးကြည်

**အသက်(၆၁)နှစ်**

မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ယာယီကြီးကြပ်မှုအဖွဲ့၊ တာဝန်ခံ ဦးတိုးအောင်၏ အစ်မဖြစ်သူ ဒေါ်ငွေးကြည်သည် ၂၅-၁၀-၂၀၁၅ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

**ဝန်ထမ်းများ**

Hot Line No-0930500100




# မြန်မာရေလုပ်သား ၁၅၈ ဦး ကျန်းမာ၊ ပျော်ရွှင်စွာဖြင့် အိန္ဒိယနိုင်ငံမှ အမိမြန်မာပြည်သို့ ပြန်လည်ရောက်ရှိ

**ရန်ကုန်　　နိုဝင်ဘာ　　၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် အိန္ဒိယသမ္မတနိုင်ငံသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွားသည့် မြန်မာရေလုပ်သားများအား ပြန်လည်ခေါ်ယူ၍ မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းနိုင်ရေးကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

အိန္ဒိယနိုင်ငံရောက် မြန်မာရေလုပ်သားအများစုမှာ အိန္ဒိယ-မြန်မာ နှစ်နိုင်ငံ ရေပိုင်နက်အနီး ငါးဖမ်းကြရာမှ လေမုန်တိုင်းမိခြင်း၊ ရေယာဉ်များ စက်ချွတ်ယွင်း၍ နစ်မြုပ်ခြင်း၊ ရေပိုင်နက်မှားယွင်းခြင်း စသည်တို့ကြောင့် အိန္ဒိယရေတပ်၏ ထိန်းသိမ်းခံကြရသူများဖြစ်သည်။ အဆိုပါ မြန်မာရေလုပ်သားများကို အိန္ဒိယနိုင်ငံ ဥပဒေအရ အရေးယူခြင်းခံခဲ့ရပြီး လွတ်မြောက်လာသည့်အခါ ပြန်လည်ထူထောင်ရေးစခန်း Open Distress Camps တွင် နေထိုင်စေကာ မြန်မာနိုင်ငံသား မှန်ကန်ကြောင်း စိစစ်ပြီးသူများအား နိုင်ငံခြားရေးဝန်ကြီးဌာနမှတစ်ဆင့် နှစ်နိုင်ငံညှိနှိုင်းမှုအရ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များနှင့် ပူးပေါင်း၍ ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန

**စာမျက်နှာ ၉ ကော်လံ ၁ သို့**

## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှတစ်ဆင့် မိန့်ခွန်းပြောကြားမည်

နေပြည်တော်　　နိုဝင်ဘာ　　၂

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တစ်ဝန်းရှိ မိဘပြည်သူများသို့ နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ရေဒီယိုအစီအစဉ်များမှ တစ်ဆင့်ပြောကြားမည့်မိန့်ခွန်းအား မြန်မာ့အသံ၊ မန္တလေး FM၊ ပဒ္မဝတီ FM၊ ရွှေ FM၊ ချယ်ရီ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ သဇင်အသံလွှင့်ဌာနနှင့် Yangon City FM တို့မှ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၃ ရက်နှင့် ၄ ရက်တို့၌ နံနက် ၇ နာရီ၊ နံနက် ၁၁ နာရီ၊ ညနေ ၆ နာရီနှင့် ည ၈ နာရီတို့တွင် တစ်ရက်လျှင် လေးကြိမ်စီထုတ်လွှင့်သွားမည်ဖြစ်သည်။** (သတင်းစဉ်)

## တရုတ်နိုင်ငံ ရှန်ဟိုင်းရှိ စက်ရုံ၌ အကြီးစားလေယာဉ်ထုတ်လုပ်မှုစတင်

စာမျက်နှာ - ၄

## စီးပွားရေးဖွံ့ဖြိုးတိုးတက်သော မြန်မာနိုင်ငံတွင် အဆင့်မြင့်ကျန်းမာရေးဝန်ဆောင်မှု ပို၍လိုအပ်လာ

စာမျက်နှာ - ၅

## နိုင်ငံပိုင်လေကြောင်းလိုင်းဖြစ်သော မြန်မာအမျိုးသားလေကြောင်းလိုင်း ဒီဇင်ဘာ ၄ ရက်မှ စတင်၍ ဟောင်ကောင်သို့ စတင်ပြေးဆွဲမည်

စာမျက်နှာ - ၈

## အထူးကဏ္ဍအချပ်ပို လေးမျက်နှာပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ဒီမိုကရေစီနိုင်ငံတော်သစ် (၅)နှစ်တာကာလ "ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ" အထူးကဏ္ဍ အချပ်ပို လေးမျက်နှာ ပါရှိပါသည်။

## BTV CUP ပြိုင်ပွဲကို ရတနာပုံအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်



BTV cup ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်မည့် ရတနာပုံအသင်း။

**သတင်း၊ ဓာတ်ပုံ-ချစ်ကိုကို**

ဗီယက်နမ်ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် BTV cup ပြိုင်ပွဲကို မြန်မာနိုင်ငံကိုယ်စားပြုအဖြစ် ရတနာပုံအသင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပြိုင်ပွဲကို နိုဝင်ဘာ ၆ရက်တွင် ဟိုချီမင်းမြို့၌ စတင်ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို မြန်မာကလပ် ရတနာပုံအသင်း အပါအဝင် ဗီယက်နမ်ကလပ် လေးသင်း၊ တောင်ကိုရီးယား၊ ဂျပန်နှင့် ဘရာဇီးတို့မှ တစ်သင်းစီ စုစုပေါင်း ရှစ်သင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး အုပ်စုခွဲဝေထားမှုအရ အုပ်စု(က)တွင် ရတနာပုံအသင်းမှာ ဘင်ဒေါင်း (ဗီယက်နမ်)၊ ဆန်နာခမ်ဟွာ BVN (ဗီယက်နမ်)၊ တောင်ကိုရီးယား တက္ကသိုလ်လက်ရွေးစင် အသင်းတို့နှင့် အတူကျရောက်နေသည်။ အုပ်စု(ခ)တွင် Quang Ninh Coal (ဗီယက်နမ်) အသင်း၊ Dong Tam Long An (ဗီယက်နမ်) အသင်း၊

**စာမျက်နှာ ၅ ကော်လံ ၅ သို့**




themirror.npt@gmail.com
www.facebook.com/themirrordaily

ကြေးမုံ
The Mirror
ဒီမိုကရေစီနိုင်ငံတော်သစ် (၅) နှစ်တာကာလ
# ဖွံ့ဖြိုးတိုးတက်မှုပုံရိပ်များ
အထူးကဏ္ဍအချပ်ပို
နိုဝင်ဘာ ၃ ရက်၊ ၂၀၁၅ ခုနှစ် (အင်္ဂါနေ့)

## အမျိုးသားပြန်လည်သင့်မြတ်ရေး အလွန်အရေးကြီး

အမျိုးသား ပြန်လည်သင့်မြတ်ရေးဟာလည်း ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးကြီးတဲ့ ကိစ္စဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ သမိုင်းတစ်လျှောက်မှာ နိုင်ငံရေးအင်အားစုတွေကြား၊ နိုင်ငံရေးခေါင်းဆောင်တွေကြားမှာ ကျယ်ပြန့်တဲ့ သဘောတူညီချက်တွေ မရရှိခဲ့တဲ့အတွက် တိုင်းပြည်နစ်နာခဲ့ရတာကို သင်ခန်းစာယူပြီး ကျွန်တော့်အနေနဲ့ နိုင်ငံရေးခေါင်းဆောင်များနဲ့ တွေ့ဆုံဆွေးနွေးမှုတွေကို ပုံစံမျိုးစုံနဲ့ ပြုလုပ်ခဲ့ပါတယ်။

(နိုင်ငံတော်သမ္မတ၏ ၂၀၁၅ ခုနှစ် ဇွန်လ ၂ ရက်နေ့တွင် ပြောကြားသည့် ရေဒီယိုမိန့်ခွန်းမှ ကောက်နုတ်ချက်)

သမဝါယမဝန်ကြီးဌာန

# ကျေးလက်နှင့် မြို့ပြနေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် သမဝါယမလုပ်ငန်းများဖြင့် ထောက်ကူ



သမဝါယမဝန်ကြီးဌာနမှ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသော လယ်ယာသုံး လက်တွန်းထွန်စက်များကို တွေ့ရစဉ်။

**အသေးစားအရင်းအနှီး**
**ချေးငွေကျပ် ၄၃၇ ဘီလီယံကျော်**

သမဝါယမက ဖော်ဆောင်ပေးလျက်ရှိသော အသေးစားအရင်းအနှီးချေးငွေလုပ်ငန်းဖြင့် ပြည်သူများထံ ငွေကျပ် ၄၃၇ ဘီလီယံကျော် ထုတ်ချေးထားပြီး ဖြစ်သည်။

ချေးငွေ ကျပ် ၄၃၇ ဘီလီယံကျော်ကို ပြင်ပအတိုးနှုန်း ပျမ်းမျှ ၁၀ ကျပ်ဖြင့်တွက်လျှင်ပင် တစ်လလျှင် အတိုးငွေကျပ် ၄၃၇၅၃ သန်းကျော် ပေးရမည်ဖြစ်သည်။ ယခုအခါ ၁ ကျပ် ၁၅ ပြား အတိုးနှုန်းဖြစ်၍ သမဝါယမသို့ တစ်လပေးရသည့် အတိုးငွေမှာ ငွေကျပ် သန်း ၅၀၃၁ ဒသမ ၇၀ သာဖြစ်သည်။

ပြည်သူများအနေဖြင့် လစဉ်အတိုးငွေကျပ် ၃၈၇၂၂ သန်းကျော် သက်သာလျက်ရှိပြီး သမဝါယမအသင်းသားများ၏ စုဆောင်းငွေမှာ တဖြည်းဖြည်းတိုးတက်များပြားလာရာ ယနေ့အထိ စုဆောင်းငွေ ၉၈ ဘီလီယံကျော် ရှိပြီဖြစ်သည်။

**ကျေးရွာတစ်ရွာ သိန်း ၁၀၀**

မြန်မာနိုင်ငံတွင် ကျေးရွာပေါင်း ၆၄၈၉၃ ရွာရှိပြီး ကျေးရွာတစ်ရွာလျှင် ပျမ်းမျှအိမ်ထောင်စု ၁၀၀ ခန့်ရှိသည်။ အိမ်ထောင်စုတစ်စုလျှင် အသေးစားအရင်းအနှီးချေးငွေကျပ် တစ်သိန်းနှုန်း ပေးချေနေသဖြင့် ယေဘုယျအားဖြင့် ကျေးရွာတစ်ရွာလျှင် ကျပ်သိန်း ၁၀၀ဖြင့် အသေးစားချေးငွေလုပ်ငန်းကို ဆောင်ရွက်နေသည့် သဘောဖြစ်သည်။

ချေးငွေလုပ်ငန်းမှာ ချေးယူသည့်အခါတိုင်း ချေးငွေ၏ ၁၀ ရာခိုင်နှုန်း စုဆောင်းရပြီး ခြောက်လ တစ်ကြိမ် ပြန်ဆပ်၊ ပြန်ချေးစနစ်ဖြင့် ဆောင်ရွက်နေသည်။

အသင်းသား၏ စုဆောင်းငွေပေါ်တွင် သမဝါယမက အတိုးပြန်ပေးသည့် စနစ်လည်း ပါဝင်ရာ ၄ နှစ်ကြာသောအခါ ချေးငွေ၊ အသင်းသားများ၏ စုငွေနှင့် စုဆောင်းငွေ အပါအဝင် လည်ပတ်ငွေမှာ ကျပ် ၁၈၁ သိန်း ကျော်ဖြစ်သည်။ **စာမျက်နှာ ၂ သို့ »»**

အားကစားဝန်ကြီးဌာန

# ခေတ်သစ် မြန်မာ့အားကစားလှုပ်ရှားမှုများဖြင့် နိုင်ငံ့ဂုဏ်ကိုမြှင့်တင်



(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ၂၀၁၃ ခုနှစ်က လက်ခံကျင်းပခဲ့စဉ်။

**ပြည်တွင်း၊ ပြည်ပအားကစားပြိုင်ပွဲများ**

၂၀၁၁ ခုနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အားကစားပြိုင်ပွဲ ၂၉ မျိုးကို ကျင်းပခဲ့သည်။

ပထမအကြိမ် Champion Chellenge Cup ပြိုင်ပွဲကို ၂-၉-၂၀၁၁ ရက်မှ ၂၃-၁၀-၂၀၁၁ ရက်အထိ နေပြည်တော်တွင် အားကစားနည်း ၂၂ မျိုးဖြင့် ကျင်းပခဲ့သည်။

ပြိုင်ပွဲသို့ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုယ်စားပြုကလပ်အသင်း ၁၆ သင်းမှ အားကစားသမား စုစုပေါင်း ၁၄၈၇ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့သည့်အနက် အမျိုးသား ၁၂၅ ဦး၊ အမျိုးသမီး ၃၂ ဦး စုစုပေါင်း ၁၅၇ ဦး ရွေးချယ်ရရှိခဲ့ပြီး စုဖွဲ့စခန်းသွင်း လေ့ကျင့်ပေးနိုင်ခဲ့သည်။

(၂၆) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်မှ နိုဝင်ဘာလ ၂၂ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ပလန်ဘန်နှင့် ဂျကာတာမြို့တို့တွင် ကျင်းပခဲ့ရာ ပြိုင်ပွဲတွင် အားကစားနည်း ၄၂ နည်းအနက် အားကစားနည်း ၃၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ အားကစားသမား အမျိုးသား ၂၈၀၊ အမျိုးသမီး ၁၉၇ ဦး စုစုပေါင်း ၄၇၇ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၆ ခု၊ ငွေတံဆိပ် ၂၇ ခုနှင့် ကြေးတံဆိပ် ၃၉ ခု စုစုပေါင်းဆုတံဆိပ် ၈၂ ခုရရှိခဲ့ပြီး နိုင်ငံအလိုက်အဆင့်တွင် သတ္တမရရှိခဲ့သည်။

ဒုတိယအကြိမ် Champion Challenge Cup ပြိုင်ပွဲကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်း **စာမျက်နှာ ၃ သို့ »»**

››› အထူးကဏ္ဍ အချပ်ပို စာမျက်နှာ ၁ မှ

ထိုအချိန်တွင် ပေးဆပ်ရမည့် အရင်းမှာ ငွေကျပ် ၈၁ ဒသမ ၂၅ သိန်းသာ ကျန်မည်ဖြစ်သည်။

ချေးငွေအားလုံး ပြန်ဆပ်လိုက်ပါက အသင်းပိုင်ကျန်ရှိမည့်ငွေမှာ ငွေကျပ် ၁၀၀ ဒသမ ၆၁ သိန်းဖြစ်သည်။

ထို့ကြောင့် ကျေးရွာတစ်ရွာလျှင် အသေးစားအရင်းအနှီးချေးငွေကျပ် သိန်း ၁၀၀ ဖြင့် လုပ်ငန်းစတင်ဆောင်ရွက်ပါက လေးနှစ်ကြာသောအခါ ချေးငွေများကို ပြန်ဆပ်ပြီးနောက် ငွေကျပ် သိန်း ၁၀၀ ကျော် ကျန်ရှိမည်ဖြစ်ကာ မိမိဘာသာ ရပ်တည်နိုင်မည်ဖြစ်သည်။

နောင် ၁၀ နှစ်ကြာသောအခါ ချေးငွေအားလုံးကို အကျေပြန်ဆပ်ပြီးနောက် အသင်းပိုင်အဖြစ် ငွေကျပ် ၄၁၇ သိန်းကျော် ကျန်ရှိမည်ဖြစ်သည်။

**ရေဘေးအတွက် ဆောင်ရွက်ချက်**

နိုင်ငံတစ်ဝန်း ဖြစ်ပေါ်ခဲ့သော ရေဘေးသင့်ဒေသများရှိ သမဝါယမ အသင်းသားများသို့ ထုတ်ချေးထားသည့် ချေးငွေကျပ် ၁၃၀၈၇ သန်းကျော်အား ချေးငွေပြန်ဆပ်ကာလ ခြောက်လမှ တစ်နှစ်သို့ တိုးမြှင့်ပေးခဲ့သည်။

ထိခိုက်ဆုံးရှုံးခဲ့သည့် သမဝါယမ အသင်း ၁၇၁၀ မှ အသင်းသား အိမ်ထောင်စုများအတွက် အိမ်ထောင်စုတစ်စုလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ထပ်ဆောင်းချေးငွေကျပ် ၄၈၀၇ သန်းကျော်၊ ချေးငွေ မခံစားရသေးသော အသင်းအသားများအတွက် စိုက်ပျိုးစရိတ်ချေးငွေကျပ် ၁၂၃၉ သန်းကျော်၊ မွေးမြူရေးစရိတ်ချေးငွေ ကျပ်သန်း ၅၇၀၀ ကျော်၊ အိမ်တွင်းလုပ်ငန်းများအတွက် ချေးငွေကျပ် ၅၆၈ သန်းကျော်၊ လယ်ယာလုပ်သားများအတွက် ချေးငွေ ကျပ် ၄၆၃၉ သန်းကျော် ထပ်မံပေးအပ်ခဲ့သည်။

ထို့ပြင် စက်တင်ဘာလတွင် စိုက်ပျိုးရေးလုပ်ငန်းများအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး စသည့် သွင်းအားစု တန်ဖိုးငွေကျပ် ၃၃၆၅ သန်းကျော်၊ အရစ်ကျ ငွေချေစနစ်ဖြင့် ရေလုပ်ငန်းသုံးနှင့် လယ်ယာသုံး စက်ကိရိယာပစ္စည်းများ တန်ဖိုးငွေကျပ် ၁၆၅၇ သန်းကျော် အပါအဝင် စုစုပေါင်းငွေကျပ် ၃၃၀၇၉ သန်းကျော် အကြွေးစနစ်ဖြင့် ထပ်မံဆောင်ရွက်ပေးခဲ့သည်။



**သမဝါယမဝန်ကြီးဌာနမှ အရစ်ကျငွေချေစနစ်ဖြင့် ရောင်းချပေးသော လယ်ယာသုံး လယ်ထွန်စက်များကို တွေ့ရစဉ်။**

**အငှားလိုက်ထွန်ယက်ဝင်ငွေတိုးတက်**

သမဝါယမဝန်ကြီးဌာနက အရစ်ကျစနစ်ဖြင့်ရောင်းချပေးသော စက်ပစ္စည်းများကို ဝယ်ယူထားသည့် လယ်သမားများသည် ၎င်းတို့၏ လယ်ယာများကို ထွန်ယက်နိုင်ရုံသာမက အခြားသူများ၏ လယ်ယာများကို အငှားလိုက်ထွန်ယက်ခြင်းအားဖြင့် ဝင်ငွေများရရှိကြသည်။

အချို့သည် ခြောက်လအတွင်း ငွေကျပ်သိန်း ၁၃၀ ခန့်၊ အချို့မှာ လေးလခန့်အတွင်း ငွေကျပ်သိန်း ၈၀/ ၁၀၀ ခန့် ရရှိကြသည်။

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ထူးနီကျေးရွာမှ အသင်းသားတောင်သူ ဦးဖိုးပြည့်က “လက်မှုလယ်ယာစနစ်နဲ့ပဲ လုပ်နေတဲ့အခါကျတော့ အချိန်ကုန် နှောင့်နှေးနေတဲ့ဘဝကနေ အခုလို စက်စွမ်းအားနဲ့ဆိုရင် အမြန်ပြီးသွားတယ်။ ဒီလယ်ယာသုံးစက်ကိရိယာတွေ ဝယ်လိုက်တဲ့အခါ ကျွန်တော်တို့ အရင်က ခက်ခဲခဲ့တဲ့ ထယ်ထိုးခြင်းလုပ်ငန်းတွေကို စက်နဲ့ လုပ်ကိုင်နိုင်တော့ အချိန်မီစိုက်ပျိုးနိုင်တဲ့ ကိစ္စတွေ၊ အငှားလိုက်ထွန်ယက်တဲ့အတွက်လည်း အကျိုးအမြတ်တွေ ပိုပြီးရရှိလာပါတယ်။ စက်ဝယ်နိုင်ဖို့ ကျွန်တော်တို့မှာ တစ်လုံးတစ်ခဲတည်း ပေးချေဝယ်ယူနိုင်ဖို့ ငွေအလုံအလောက်မရှိပါဘူး။ အခုလို အရစ်ကျငွေချေစနစ်နဲ့ ရောင်းချပေးတဲ့အတွက် ကျွန်တော်တို့တစ်တွေ တဖြည်းဖြည်းနဲ့ စက်ပိုင်လယ်သမားအဆင့်ကို ရောက်သွားတော့မှာ ဖြစ်ပါတယ်”ဟု ပြောကြားခဲ့သည်။


**အရစ်ကျဖြင့် စက်အစီးရေ သုံးသိန်းကျော်**

အရစ်ကျ ငွေချေစနစ်ဖြင့် လယ်ယာသုံး၊ လုပ်ငန်းသုံးနှင့် ရေလုပ်ငန်းသုံး စက်ကိရိယာ ၃၂၈၅၁၅ စီး ရောင်းချပေးခဲ့သည့်အနက် ၄၁၃၇ စီးမှာ ငွေအကျေပေးသွင်းပြီးဖြစ်၍ ကိုယ်ပိုင်ရရှိပြီးဖြစ်ကြောင်းသိရသည်။


သမဝါယမ ဝန်ကြီးဌာနသည် ကျေးလက်နေပြည်သူများနှင့် မြို့ပြနေအခြေခံပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် သမဝါယမလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ အမှန်တကယ် အထောက်အကူပြု ဆောင်ရွက်ပေးရန်နှင့် သမဝါယမလုပ်ငန်းများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှု အဆင့်ရောက်ရှိစေရန်တို့အတွက် ဆောင်ရွက်လျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။




**သမဝါယမချေးငွေဖြင့် လုပ်ငန်းလည်ပတ်နေသော အထည်ချုပ်လုပ်ငန်းခွင် တစ်နေရာကို တွေ့ရစဉ်။**




မြန်မာနိုင်ငံရှိ ကျေးရွာ (၆၃၇၉၃)တွင်
သမဝါယမအသေးစားအရင်းအနှီးချေးငွေ လွှမ်းခြုံထားနိုင်မှု (၅၂ ဒသမ ၁၁)ရာခိုင်နှုန်း




ကျေးလက်ဒေသအိမ်ထောင်စုပေါင်း(၇၀၂၀၃၉၉)တွင်
သမဝါယမအသေးစားအရင်းအနှီးချေးငွေ လွှမ်းခြုံထားနိုင်မှု (၃၇ ဒသမ ၂၀)ရာခိုင်နှုန်း




မြန်မာနိုင်ငံရှိကျေးရွာ (၆၃၈၉၃)တွင်
အရစ်ကျချေးငွေ (Hire Purchase)ဖြင့် ရောင်းချပေးနိုင်မှု (၁၅ ဒသမ ၅၀) ရာခိုင်နှုန်း



»»» အထူးထုတ် အချပ်ပို စာမျက်နှာ ၁ မှ



(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြားပစ်အားကစားသမားများ ပြိုင်ပွဲဝင်နေစဉ်။

၁၆ သင်းဖြင့် အားကစားနည်း ၂၇ နည်းကို လေးသုတ်ခွဲ၍ ၁၂-၆-၂၀၁၂ ရက်မှ ၃၀-၁၂-၂၀၁၂ ရက်အထိ နေပြည်တော်တွင် ကျင်းပခဲ့ရာ အားကစားသမား အမျိုးသား ၂၅၃၂ ဦးနှင့် အမျိုးသမီး ၁၄၉၉ ဦး စုစုပေါင်း ၄၀၃၁ ဦးကို အားကစားနည်း ၂၀ နည်းအတွက် ရွေးချယ်နိုင်ခဲ့ပြီး အဆိုပါ အားကစားသမားများမှ အင်အား ၉၅၅ ဦးကို ၁၅-၈-၂၀၁၂ ရက်မှစတင်၍ အားကစားလေ့ကျင့်ရေးစခန်း (နေပြည်တော်)တွင် စခန်းသွင်းလေ့ကျင့်ပေးခဲ့သည်။

**ဆီးဂိမ်းပြိုင်ပွဲနှင့် ဒုတိယဆု**

(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအကြို ပြည်ထောင်စုဖလား အားကစားပြိုင်ပွဲကို အားကစားနည်း ၂၂ နည်းဖြင့် နေပြည်တော်ရှိ အားကစား ကွင်း/ရုံများတွင် ၂၈-၂-၂၀၁၃ ရက်မှ ၇-၃-၂၀၁၃ ရက်အထိ ကျင်းပခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသင်း ၁၄ သင်းမှ အားကစားသမား အမျိုးသား ၁၄၈၉ ဦး၊ အမျိုးသမီး ၇၃၀ စုစုပေါင်း ၂၂၁၉ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပဏာမ မြန်မာ့လက်ရွေးစင်အဖြစ် အားကစားသမား အမျိုးသား ၇၂၄ ဦး၊ အမျိုးသမီး ၅၁၈ ဦး စုစုပေါင်း ၁၂၄၂ ဦးကို အဆင့် ၃ ဆင့် သတ်မှတ်၍ ရွေးချယ်ခဲ့သည်။ ပြိုင်ပွဲတွင် အားကစားသမားများရရှိခဲ့သည့် စံချိန်များသည် တိုးတက်မှုရှိခဲ့သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက် မှ ၂၂ ရက်အထိ နေပြည်တော်တွင် အိမ်ရှင်အဖြစ် အောင်မြင်စွာ လက်ခံကျင်းပခဲ့သည်။

ပြိုင်ပွဲတွင် အားကစားနည်း ၃၃ မျိုး ထည့်သွင်းကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ အားကစားသမား အမျိုးသား ၄၉၇ ဦး၊ အမျိုးသမီး ၃၆၁ ဦး စုစုပေါင်း ၈၅၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၈၆ ခု၊ ငွေတံဆိပ် ၆၂ ခု၊ ကြေးတံဆိပ် ၈၅ ခု၊ စုစုပေါင်း ၂၃၃ ခု ရရှိခဲ့ပြီး နိုင်ငံအလိုက် အဆင့်တွင် ဒုတိယရရှိခဲ့သည်။

၂၀၁၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့ ဝန်ကြီးချုပ်ဖလား အားကစားပြိုင်ပွဲများကို ၂၀၁၄ခုနှစ် ဇွန်လမှ စတင်၍ နိုဝင်ဘာလအထိ အားကစားနည်း ၂၇ နည်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့တော်များတွင် လှည့်လည်ကျင်းပခဲ့သည်။

၂၀၁၅ခုနှစ် စတုတ္ထအကြိမ် အမျိုးသား အားကစားပွဲတော်ကို ၁၃-၂-၂၀၁၅ ရက်မှ ၂၈-၂-၂၀၁၅ ရက်အထိ အားကစားနည်း ၂၇ နည်းဖြင့် နေပြည်တော်တွင် ကျင်းပခဲ့သည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အားကစားသမားအင်အား စုစုပေါင်း ၅၀၄၉ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စုပေါင်းတံခွန်စိုက်ဆုကို ရန်ကုန်တိုင်းဒေသကြီးမှ ပထမ၊ မန္တလေးတိုင်းဒေသကြီးမှ ဒုတိယ၊ ပဲခူးတိုင်းဒေသကြီးမှ တတိယရရှိခဲ့သည်။

၂၀၁၅ခုနှစ် TSDP အစီအစဉ်အရ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဦးစားပေးမြို့နယ် ငါးမြို့နယ်တွင် ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ ပြေးခုန်ပစ်စသည့် အားကစားနည်း လေးနည်းဖြင့် အားကစားပြိုင်ပွဲများကို ၂၀၁၅ ခုနှစ် ဇူလိုင်လမှ စက်တင်ဘာလအထိ အောင်မြင်စွာ ကျင်းပခဲ့သည်။

(၂၈)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၂၀၁၅ခုနှစ် ဇွန်လ ၅ ရက်မှ ၁၆ ရက်အထိ စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့ရာ အားကစားနည်း ၃၆ နည်းအနက် အားကစားနည်း ၃၁ နည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

မြန်မာနိုင်ငံမှ အားကစားသမား အမျိုးသား ၂၄၂ ဦး၊ အမျိုးသမီး ၁၅၂ဦး စုစုပေါင်း ၃၉၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ရွှေတံဆိပ် ၁၂ ခု၊ ငွေတံဆိပ် ၂၆ ခု၊ ကြေးတံဆိပ် ၃၁ ခု စုစုပေါင်း ၆၉ ခု ရရှိခဲ့ပြီး နိုင်ငံအလိုက်အဆင့် သတ္တမရရှိခဲ့သည်။

**အားကစားကွင်း/အားကစားရုံများ**

၂၀၁၁-၂၀၁၂ ခုနှစ်တွင် မန္တလာသီရိ အဆင့်မြင့်အားကစားကွင်း၊ ဖူဆယ်လေ့ကျင့်ရေး အားကစားရုံ၊ မွေ၊ ပန်ကြပ်ဆီလပ်၊ ခြင်းလုံးလေ့ကျင့်ရေးအားကစားရုံ၊ တင်းနစ်လေ့ကျင့်ရေးကွင်းများကို ဆောက်လုပ်ခဲ့သည်။

၂၀၁၂-၂၀၁၃ ခုနှစ်တွင် ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၊ ဝဏ္ဏသိဒ္ဓိအားကစားရုံ၊ ဝဏ္ဏသိဒ္ဓိရေကူးကန်၊ ဇေယျာသီရိအားကစားကွင်း၊ ဇေယျာသီရိအားကစားရုံ ၊ ဇေယျာသီရိ ရေကူးကန်၊ နေပြည်တော်အားကစား လေ့ကျင့်ရေးစခန်း ၊ ပိတန်းအားကစားကွင်း၊ ဘောလုံးလေ့ကျင့်ရေးကွင်း (၁၊၂၊၃၊၄)၊ ဘတ်စကက်ဘော လေ့ကျင့်ရေးစခန်း၊ ဘော်လီဘောအားကစားလေ့ကျင့်ရေးစခန်း၊ လယ်ဝေး အားကစားလေ့ကျင့်ရေးစခန်း၊ ငလိုက်ဆည်လှေလှော်အားကစားလေ့ကျင့်ရေးစခန်း၊ Mount Pleasant စက်ဘီး အားကစားကွင်း၊ မြားပစ်အားကစားကွင်း၊ မြင်းစီးအားကစားကွင်း၊ တာဝေးအားကစားကွင်း၊ တင်းနစ်အားကစားပြိုင်ပွဲရုံ၊ ဒဂုံမြောက် သေနတ်ပစ်ကွင်း အကြီးစားပြုပြင်မွမ်းမံတည်ဆောက်ခြင်း၊ ရွက်လှေအားကစား လေ့ကျင့်ရေးစခန်း တည်ဆောက်ခဲ့သည်။

၂၀၁၃-၂၀၁၄ ခုနှစ်တွင် ဖူဆယ် အားကစားပြိုင်ပွဲရုံ၊ ဘိလိယက်အားကစား ပြိုင်ပွဲရုံ၊ လက်ဝှေ့နှင့် မွေအားကစားပြိုင်ပွဲရုံ၊ အားကစားရွာအတွင်း Social Zone၊ ဝဏ္ဏသိဒ္ဓိ Social Zone ၊ Squash အားကစားပြိုင်ပွဲရုံ တည်ဆောက်ခဲ့သည်။

၂၀၁၄-၂၀၁၅ခုနှစ်တွင် အားကစားနှင့် ကာယပညာသိပ္ပံ (မော်လမြိုင်)၊ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)၊ အားကစားတက္ကသိုလ် ၊ အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)၊ Synthetic ပြေးလမ်းခင်းပြီး အားကစားသမားအိပ်ဆောင် ၃ ထပ်၊ RC တစ်လုံးတည်ဆောက်ခဲ့သည်။

၂၀၁၅-၂၀၁၆ခုနှစ် တပ်ကုန်းမြို့နယ် အားကစားကွင်း မီတာ (၄၀၀)၊ Synthetic ပြေးလမ်းခင်းခြင်း၊ တပ်ကုန်းအားကစားကွင်း အဆင့်မြှင့်တည်ဆောက်ခြင်း၊ TC-2 သေနတ်ပစ်ကွင်း(၂၅မီတာ) တိုးချဲ့ခြင်းနှင့် (၉လက်မထု) ကျည်ကာနံရံပြုလုပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အားကစားဝန်ကြီးဌာနသည် ၁၉၄၆ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် ဗမာပြည် အိုလံပစ်အသင်း (Burma Olympic Council)မှ စတင်သန္ဓေတည်ခဲ့ခြင်းဖြစ်သည်။

ခေတ်သစ်မြန်မာ့အားကစား လှုပ်ရှားမှုများကို ပွဲကိုင်ထိန်းကြောင်းမောင်းနှင်ခဲ့သည့် အမျိုးသားကိုယ်လက်ကြံ့ခိုင်ရေးကောင်စီကို ၁၉၅၀ ပြည့်နှစ် အောက်တိုဘာ ၉ ရက်တွင် စတင်ဖွဲ့စည်းမွေးဖွားပေါ်ပေါက်ခဲ့ရာမှ မြန်မာနိုင်ငံအားကစားနှင့်ကာယပညာကော်မတီ (၁၉၆၄)၊ အားကစားနှင့်ကာယပညာဦးစီးဌာန (၁၉၇၂) အဆင့်ဆင့် ပြောင်းလဲခဲ့ကာ ခေတ်အဆက်ဆက်အစိုးရအဖွဲ့အဆက်ဆက်ကို ဖြတ်သန်းရင်း ယခုအခါ သက်တမ်းရင့်ကျက်လာခဲ့ပြီဖြစ်သည်။



(၂၇) ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထိုက်ချီကျင့် ပြိုင်ပွဲဝင်နေသည့် ဝေမာထွန်းသိန်း။



၂၀၁၄ ခုနှစ် ပဉ္စမအကြိမ်မြောက် Japan Cup ကရာတေးဒိုပြိုင်ပွဲ ယှဉ်ပြိုင်ဟန်။


အားကစားဝန်ကြီးဌာန၏ ရှေ့လုပ်ငန်းစဉ်များအနေဖြင့် မြန်မာ့အားကစားတိုးတက်မြင့်မားရေး အကောင်အထည်ဖော်ဆောင်ရွက်မှု တာဝန်များကို လက်ဆင့်ကမ်းလွှဲပြောင်းထမ်းဆောင်သွားရန်၊ အနာဂတ်၏ အားကစားခေါင်းဆောင်ကောင်းများ မွေးထုတ်ပေးသွားမည့် တည်ဆောက်ဆဲဖြစ်သော အားကစားတက္ကသိုလ်ကို ရည်မှန်းချက်အမီ ဖွင့်လှစ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ခြင်းနှင့်အတူ ပြည်တွင်း/ပြည်ပ အားကစားပညာရှင်များ၏ အကြံဉာဏ်ဖြင့် ရေးဆွဲပြီးစီးပြီး မကြာသောကာလအတွင်း အတည်ပြုထုတ်ပြန်နိုင်တော့မည့် National Sports Master Plan အရ **မြန်မာ့အားကစားမှ ကမ္ဘာ့အားကစားသို့**ဟူသော ဆောင်ပုဒ်နှင့်အညီ အရှိန်အဟုန်မြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားနိုင်ရန် စီမံထားရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

# ကမ္ဘာကြီးကလက်တစ်ကမ်းအကွာမှာ ကိုယ့်အတွက် လုံခြုံမှု အဆင်သင့်ဖြစ်ပြီလား

သတင်းဆောင်းပါး - ခင်ရတနာ
ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)၊ မောင်သဲဦး

ပြီးခဲ့သည့် ငါးနှစ်က လှည်းတန်းမီးပွိုင့်အနီး ပါဝါအင်တာနက်ဆိုင်မှာ နေ့ရောညပါ အင်တာနက်သုံးစွဲမှုကို စွဲလန်းနေခဲ့ရသူ ကိုစိုးသူရမြင့် ယခုအချိန်မှာ အင်တာနက်ဆိုင်ဘက်ကို ခြေဦးမလှည့်ဖြစ်တာ သုံးနှစ်ဝန်းကျင် ရှိလာခဲ့ပါပြီ။ မိုဘိုင်းဖုန်းကနေတစ်ဆင့် သုံးစွဲနိုင်ပြီး နေ့စဉ်နဲ့အမျှ မြန်နှုန်းတွေ မြင့်လာတဲ့အခါ ကိုစိုးသူရမြင့်လို အင်တာနက်သုံးစွဲသူအားလုံးက ဖုန်းကနေပဲ ကမ္ဘာကြီးကို ချိတ်ဆက်ကြည့်ကြတာမို့ အင်တာနက်ဆိုင်တွေ ပိတ်သိမ်းချိန်ကို ရောက်ရှိလာပါပြီ။

နိုင်ငံတော်အစိုးရသစ် တက်လာပြီး ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာကဏ္ဍဟာ ပြုပြင်ပြောင်းလဲမှုတွေ အများကြီးရှိလာခဲ့ပါတယ်။ ယင်းတို့အနက် မိုဘိုင်းဖုန်းသုံးစွဲမှုနဲ့ အင်တာနက်သုံးစွဲသူ အရေအတွက် မြင့်တက်လာပြီး ဆက်သွယ်ရေးကဏ္ဍ တစ်ခေတ်ဆန်းလာတယ်ဆိုလည်း မမှားပါဘူး။



ဆက်သွယ်ရေးကဏ္ဍဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ မိုဘိုင်းဖုန်းများ နေရာယူလာမှုကြောင့် အင်တာနက်ဆိုင်အသုံးပြုသူ နည်းပါးသွားသည်ကို တွေ့ရစဉ်။

"မထင်မှတ်ထားလောက်တဲ့ တိုးတက်မှုကို ပြပါဆိုရင် ဆက်သွယ်ရေးကဏ္ဍကိုပဲ ပြရမှာဖြစ်ပါတယ်။ ကျွန်တော်တို့အတွက် အချိန်မရွေး၊ နေရာမရွေး ဆက်သွယ်နိုင်ဖို့အတွက် ပြုပြင်ပြောင်းလဲရေးခရီးစဉ်ဟာ တစ်ရှိန်ထိုး ပြောင်းလဲလာခဲ့ပါတယ်။ လူတိုင်း နည်းပညာ အကူအညီကိုရယူပြီး ကမ္ဘာကြီးကို ကိုယ့်အနားမှာထားနိုင်တဲ့ အခြေအနေကို ရောက်လာခဲ့တယ်"ဟု တယ်လီနောမြန်မာမှ အမှုဆောင်အရာရှိချုပ် ပီတာဘားဘက်ချ်က မြန်မာနိုင်ငံရဲ့ ဆက်သွယ်ရေးကဏ္ဍအကြောင်းကို အလွယ်ဆုံး ဥပမာပေးပြီး ပြောပြပါတယ်။

လူတိုင်း မိုဘိုင်းဖုန်း သုံးစွဲနိုင်ရေးအတွက် ဆက်သွယ်ရေးအော်ပရေတာတွေအဖြစ် MPTအနေနဲ့ ဂျပန်အခြေစိုက် ကုမ္ပဏီတစ်ခုနဲ့ ပူးပေါင်းလုပ်ကိုင်ခဲ့သလို ထပ်မံပြီး အော်ပရေတာအသစ်တစ်ခုနဲ့လည်း ချိတ်ဆက်လုပ်ကိုင်သွားဖို့ရှိတယ်လို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြီးခဲ့တဲ့လက နေပြည်တော် MCC-2 မှာ ကျင်းပခဲ့တဲ့ ဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်အတွင်း ထည့်သွင်းပြောကြားထားသလို နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အော်ပရေတာတွေဖြစ်တဲ့ အော်ရီဒူးနဲ့ တယ်လီနောတို့ကလည်း ယင်းတို့ရဲ့ ကွန်ရက်ဖြန့်ကြက်မှုတွေကို နှစ်နှစ်ကျော်ကာလအတွင်း တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ၈၀ရာခိုင်နှုန်းအထိ လွှမ်းခြုံပေးနိုင်ဖို့ အကြိတ်အနယ် ကြိုးပမ်းလာကြပါတယ်။

ဒီအတောအတွင်းမှာ MEC ဖုန်းကတ်တွေမှာလည်း အင်တာနက်အရည်အသွေးနဲ့ မြန်နှုန်းတွေ၊ လိုင်းဆွဲအားတွေကို အထူးပံ့ပိုးပြီး ဈေးကွက်ဝေစုကို ပိုမိုရယူလာတာကြောင့် ပြည်သူတွေ မိုဘိုင်းဖုန်းသုံးစွဲမှုနှုန်းဟာ နှစ်အလိုက် အံ့မခန်းမြင့်တက်လာခဲ့ရခြင်းဖြစ်တာကို မြင်တွေ့ရမှာပါ။

"လူတိုင်း ဖုန်းသုံးစွဲနိုင်အောင်နဲ့ မြန်နှုန်းမြင့်အင်တာနက်ကို လွယ်လင့်တကူ သုံးစွဲနိုင်အောင် စီစဉ်ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နောက်ပိုင်းမှာ အင်တာနက်မြန်နှုန်းကို သရီးဂျီ၊ ဖိုးဂျီအထိ စဉ်ဆက်မပြတ် တိုးချဲ့သုံးစွဲနိုင်ဖို့ လျာထားပါတယ်။ အော်ပရေတာတွေရဲ့ ပြိုင်ဆိုင်မှုနောက်မှာ သုံးစွဲသူတွေအတွက် အရည်အသွေးတွေက ပိုပြီးမြင့်တက်လာသလို ဈေးနှုန်းအရလည်း ယခင်ကထက် အဆပေါင်းများစွာ သက်သာအောင် စီစဉ်ခဲ့ပါတယ်။ ဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ရေးလိုမျိုး အခက်အခဲတွေ ရှိခဲ့ပေမယ့် ယခုနှစ်ကုန်မှာ တစ်နိုင်လုံးရဲ့ မိုဘိုင်းဖုန်းသုံးစွဲမှုကို ၈၀ရာခိုင်နှုန်းကျော် လွှမ်းခြုံနိုင်မယ်"ဟု ဆက်သွယ်ရေးနှင့် သတင်းအချက်နည်းပညာဝန်ကြီးဌာနမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးချစ်ဝေက ပြောပါတယ်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းများကို မူလကတည်းကရှိနှင့်ပြီးသား MPTမှ လက်ရှိတွင် သုံးစွဲသူပေါင်း ၁၆ သန်းကျော်ဖြင့် ဦးဆောင်နေပြီး အင်တာနက်မြန်နှုန်းမြင့် ဆွေသဟာအစီအစဉ်ကို လက်ခံသုံးစွဲသူ ဦးရေမှာ ၁၀သန်းအထိ ရှိလာပြီဖြစ်တာကို MPT-KSGM Joint Operations မှ Chief Commercial Officer မစ္စတာ ကိုချီကဝါစေက ရှင်းပြပါတယ်။

တယ်လီနောမှလည်း မြန်မာတစ်နိုင်ငံလုံးတွင် သရီးဂျီကွန်ရက် တာဝါတိုင် ၃၃၀၀ တပ်ဆင်ပြီးဖြစ်ကာ ရန်ကုန်၊ မန္တလေး၊ နေပြည်တော်အပါအဝင် တစ်ပြည်လုံးရှိ ၁၃ နေရာတွင် ဖြန့်ကြက်ထားကာ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ကွန်ရက်ဖြန့်ကြက်ရန် ကျန်ရှိနေသေးကြောင်းနှင့် မကြာမီစတင်ရန် ရည်ရွယ်ထားပြီးဖြစ်ကြောင်းကို တယ်လီနော အမှုဆောင်အရာရှိချုပ်က အတည်ပြုပြောပြပါတယ်။

အခြေခံအဆောက်အအုံတည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံရင်းနှီးမြှုပ်နှံထားတဲ့ အော်ရီဒူးမြန်မာကလည်း တာဝါတိုင် ၂၈၀၀ ကျော် အသုံးပြု၍ လုပ်ငန်းလည်ပတ်လျက်ရှိပြီး ဒီနှစ်ကုန်မှာ တာဝါတိုင် ၃၀၀၀ ကျော်နဲ့ မြန်မာနိုင်ငံလူဦးရေ ၇၀ ရာခိုင်နှုန်းအထက်ကို ကွန်ရက်လွှမ်းခြုံနိုင်မယ်ဆိုတာ သေချာတယ်လို့ အော်ရီဒူးမြန်မာရဲ့ အမှုဆောင်အရာရှိချုပ် မစ္စတာ ရီနီမီဇာက ပြောပါတယ်။

ဆက်သွယ်ရေးဖွံ့ဖြိုးလာပေမယ့် ပြည်သူတွေအနေနဲ့ ဆက်သွယ်ရေးနည်းပညာနဲ့ ပတ်သက်ပြီးတော့ အလှမ်းဝေးနေဆဲ ရှိနေသေးတာကို တွေ့ရပါတယ်။ ဥပမာပြောရရင် မိုဘိုင်းဖုန်းတွေ သုံးစွဲတာ မြင့်တက်လာပေမယ့် Mobile Banking ကတော့ ထင်သလောက် ခရီးမပေါက်သေးသလို၊ အင်တာနက်ကို မိုဘိုင်းအသုံးပြုသူတိုင်း သုံးစွဲလာကြပေမယ့် အကျိုးရှိစွာ စနစ်တကျသုံးစွဲမှု အားနည်းနေသေးတယ်လို့ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာတစ်ဦးက သုံးသပ်ပါတယ်။

"ဆိုရှယ်မီဒီယာတွေကနေ ကောင်းကျိုးတွေ အများကြီးရပါတယ်။ သတင်းအချက်အလက်တွေကို မြန်မြန်သိပြီး မြန်မြန်ဖြန့်ဝေနိုင်သလို အန္တရာယ်များတဲ့ လိမ်ညာမှုတွေ၊ နည်းပညာကို တစ်လွဲအသုံးပြုလို့ သုံးစွဲသူတွေကို စိတ်အနှောင့်အယှက်ပေးသူတွေကလည်း ပိုများလာတယ်"ဟု လူမှုကွန်ရက်တွင် မိမိဓာတ်ပုံကို အသုံးပြုကာ မဟုတ်မမှန်ရေးသားသည့် ပို့စ်များကြောင့် စိတ်ရှုပ်ခဲ့ရတဲ့ Miss တစ်ဦးဖြစ်သူ အမရာငြိမ်းက ပြောပြပါတယ်။

သုံးစွဲသူများအနေဖြင့် မြန်ဆန်လာသော အင်တာနက်ကြောင့် လူမှုကွန်ရက်များနှင့် အခြားစိတ်ဝင်စားဖွယ်ရာ ဂိမ်းများကို ပိုမိုသုံးစွဲလာကြခြင်းကြောင့် ရန်ကုန်မြို့ရှိ လုပ်ငန်းကြီးများတွင် ရုံးချိန်အတွင်း လူမှုကွန်ရက်သုံးစွဲခြင်းမပြုရန် တားဆီးမှုများလည်း ရှိလာကြောင်း ကုမ္ပဏီဝန်ထမ်း မပြည့်ရည်မွန်က ပြောကြားသလို COC ကဲ့သို့သော အချိန်နှင့် တစ်ပြေးညီဆော့ရသည့် ဂိမ်းများကို စွဲလန်းနှစ်ခြိုက်မှုကြောင့် အလုပ်အကိုင်များပင် ထိခိုက်မှုရှိလာသည်အထိ ဖြစ်ခဲ့ရကြောင်း ကြော်ငြာလုပ်ငန်းတစ်ခုတွင် လုပ်ကိုင်သူ ကိုကျော်ဇင်ဦးကလည်း ပြောပြပါတယ်။

"တာဝန်ခံမှု တာဝန်ယူမှုဆိုတာ ပြင်ပမှာတင် မဟုတ်ပါဘူး။ လူမှုကွန်ရက်လို နေရာမှာလည်း ရှိပါတယ်။ သုံးစွဲတဲ့အခါ နာမည်အရင်းနဲ့ သုံးစွဲဖို့လိုသလို အများစုက မိမိရဲ့လုပ်ရပ်နဲ့ ရေးသားမှုက ဘယ်လောက်အထိ မိမိကို ထိခိုက်နိုင်တယ်ဆိုတာကို မသိကြဘူး။ ရွေးကောက်ပွဲအတွက် မဲဆွယ်ကာလလည်း ဖြစ်တာကြောင့် ကိုယ်စားလှယ်လောင်းတွေ အားလုံးနီးပါး လူမှုကွန်ရက်ကနေ မိမိ လုပ်ဆောင်ချက်တွေ ချပြလာကြပါတယ်။ အားရစရာကောင်းသလို လူထုနဲ့ တိုက်ရိုက်ထိတွေ့မှုရှိလို့ ကောင်းတယ်။ သို့သော် အခြားသူတွေကို မပုတ်ခတ်ဖို့နဲ့ အကျိုးရှိစွာ သုံးစွဲကြဖို့တော့ အားလုံးလိုအပ်ပါတယ်"ဟု ဖေ့စ်ဘွတ်ခ် လူမှုကွန်ရက်တွင် မိတ်ဆွေများစွာ ရှိထားသူ ရွေးကောက်ပွဲတွင် ဝင်ရောက်ရွေးချယ်ခံမည့် ကိုယ်စားလှယ်လောင်း ဦးလှဆွေက သူ့အမြင်ကို ပြောပါတယ်။

ထို့အပြင် အင်တာနက်မှတစ်ဆင့် ခင်မင်ခွင့်ရရှိပြီး ပြင်ပကို ချိန်းဆိုခဲ့ရာမှ တစ်ဆင့် ငွေကြေးများ လိမ်လည်ရယူတာ၊ အဓမ္မပြုကျင့်တာစတဲ့ ရာဇဝတ်ဘေးများလည်း ဖြစ်လာခဲ့တာကြောင့် မိမိတို့သုံးစွဲနေတဲ့ အီးမေးလ်တွေနဲ့ လူမှုကွန်ရက်တွေရဲ့ လုံခြုံရေးအတွက် အလေးထား ကာကွယ်သင့်တဲ့အပြင် လွယ်လွယ်ကူကူသုံးစွဲနိုင်တဲ့ အင်တာနက်ပေါ်မှာ ဘယ်အရာကိုမှ အလွယ်တကူ မယုံကြည်သင့်ဘူးလို့ ဖေ့စ်ဘွတ်ခ် လူမှုကွန်ရက်ဆိုင်ရာ မြန်မာနိုင်ငံအပေါ် လေ့လာစောင့်ကြည့်ရေးအဖွဲ့က လူမှုကွန်ရက်သုံးစွဲမှုဆိုင်ရာ သုတေသနဆောင်ရွက်သူ မစ္စတာ ကောလင်းချမ့်ဆိုင်းက အကြံပေးပါတယ်။

ဖုန်းအသုံးပြုခတွေနဲ့ ဆင်းကတ်ဈေးနှုန်းတွေ ကျလာတဲ့အတွက် အဆင့်မြင့် စမတ်ဖုန်း သုံးစွဲတဲ့ဦးရေက မြန်မာနိုင်ငံ မိုဘိုင်းဖုန်းသုံးစွဲသူများအားလုံးရဲ့ ၆၀ ရာခိုင်နှုန်းအထက် ဖြစ်လာခဲ့တယ်လို့ ဆက်သွယ်ရေးဆိုင်ရာ ဖိုရမ်တစ်ခုမှာ ကြားသိရပါတယ်။ ဆမ်ဆောင်းရဲ့ နောက်ဆုံးပေါ် ထုတ်ကုန်တစ်ခုကို နိုင်ငံတကာနည်းတူ တစ်ပြိုင်နက်ရောင်းချရာမှာ သုံးရက်အတွင်း ပစ္စည်းပြတ်သည်အထိ ရောင်းကုန်ခဲ့တယ်ဆိုတာကို နှိုင်းဆကြည့်ရရင် သုံးစွဲသူတွေအတွက် နည်းပညာနီးစပ်မှုတွေက လက်တစ်ကမ်းကို ရောက်နေခဲ့ပါပြီ။

"အကျိုးရှိရှိ သုံးတတ်ဖို့အတွက် အများကြီး သင်ယူထားကြရမယ်။ လူတစ်ဦးချင်းကလည်း ကိုယ့်ကိုယ်ကိုယ် ယုံကြည်အောင် သိက္ခာရှိရှိ သုံးစွဲသင့်သလို အွန်လိုင်းက ကိုယ့်ပတ်ဝန်းကျင်ကိုလည်း ယုံကြည်စိတ်ချရတဲ့ ပတ်ဝန်းကျင်ဖြစ်အောင် ဂရုပြုဖို့လိုအပ်ပါတယ်။ တစ်ဦးနဲ့တစ်ဦး၊ အဖွဲ့အစည်းတစ်ခုနဲ့တစ်ခုကြားမှာ ယုံကြည်မှုနဲ့ ဆက်လက်သုံးစွဲကြပြီး ဂရုစိုက်ကြဖို့လိုအပ်တယ်"ဟု နည်းပညာတွေရဲ့ စိန်ခေါ်မှုကို ကျော်ဖြတ်ကြဖို့ MPT-KSGM Joint Operations မှ Chief Commercial Officer ဖြစ်သူ မစ္စတာ ကိုချီကဝါစေက အကြံဉာဏ်ပေးထားပါတယ်။ ။

❑❑❑



ပြည်ပအော်ပရေတာတစ်ခုဖြစ်သည့် တယ်လီနော၏ ဆင်းမ်ကတ်များကို တွေ့ရစဉ်။